www.burmeseclassic.com

ရွှေဥဒေါင်း

အသစ်စုံထောက်



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး	ဒို့အရေး

* * *

ပြည်သူ့သဘောထား

❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

* * *

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
❖ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက်(၄)ရပ်

❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက်(၄)ရပ်

❖ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
❖ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

အသစ်စုံထောက်

ရွှေဥဒေါင်း

ရန်ကုန်ဖြန့်ချိရေး

၇၇/ခ၊ (၃၈) လမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၇၇၉၃၇၇
မန္တလေးဖြန့်ချိရေး
ဥတ္တရလွင်ပြင် စာပေ
၃၅၇၊ ၈၃-လမ်း၊ ၃၂/၃၃ကြား၊ မန္တလေးမြို့။

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စိစဉ်ထုတ်လုပ်သူ ကိုသန်းဌေး(ဥတ္တရလွင်ပြင်)

စာမူခွင့်ပြုချက်အမှတ်	- ၅၅၈/၂၀၀၃ (၅)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	- ၆၈၅/၂၀၀၃ (၆)
မျက်နှာဖုံးဒီဇိုင်း	- ကိုဆန်း (Glory)
ထုတ်ဝေသူ	- ဦးတင့်လွင် (သော်တစာပေ) ၆၀၅၊ သုဓမ္မာလမ်း၊ မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ	- ဦးသန်းလွင် (ရွှေလင်းယုန်ပုံနှိပ်တိုက်) ၅၁၊ရေကျော်လမ်းမ၊ ပုဇွန်တောင်။
အတွင်းဖလင်နှင့်စာအုပ်ချုပ်	- မင်းမင်း
ပုံနှိပ်ခြင်း	- ပထမအကြိမ်၊ ၁၉၄၆? မြင့်တင်ရေးစာပေ၊ မန္တလေးမြို့။ ဒုတိယအကြိမ်၊ ၂၀၀၃ခုနှစ်၊ ဇူလိုင်လ ဥတ္တရလွင်ပြင်စာပေ၊ မန္တလေးမြို့။ အုပ်ရေ (၁၀၀၀)
တန်ဖိုး	- ၅၀၀ ကျပ်

BURMESE CLASSIC .com

အခန်း [၁]

ကသာမြို့၏မြောက်ဘက် တစ်မိုင်ခန့်ကွာဝေးသော အရပ်တွင် ဓရစ်ချောင်အမည်ရှိ ရွာကလေးရှိ၏၊ ၎င်းရွာကလေးမှာ အိမ်ခြေ ၅၀ခန့်ရှိ၍ များသောအားဖြင့် ခရစ်ယာန်ဘာသာဝင် ကရင်လူမျိုးများနေထိုင်ကြသဖြင့် ခရစ်ယာန် ဘုရားရှိခိုးကျောင်းကလေးလည်းကောင်း၊ အနည်းငယ်မျှသော ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် အနီးအပါး ရှိတောင်ကုန်းကလေးပေါ်တွင် ဘုန်းကြီးကျောင်း တစ်ကျောင်းလည်းကောင်း ရှိ၏၊ ဘုန်းကြီးကျောင်းသို့တက်ရာလမ်းဖြစ်သော အနောက်ပိုင်းသည် တောင်စောင်းတွင် တည်ရှိသည်ဖြစ်၍ အရှေ့ပိုင်းထက်မြင့်မောက် နေရာမြေပြင်ညီညာစွာရှိသော ရွာအရှေ့ပိုင်းတွင် အခြားအိမ်များထက် မြင့်မားမှု ဗိုလ်အိမ်ဆန်ဆန်ဆောက်လုပ်ထားသည့် အိမ်ကြီးတစ်ဆောင်မှာ မြို့၏မြောက်ဘက်တွင်ရှိသော ပိုလိုကွင်းမှပင် ထင်းထင်းကြီး မြင်နိုင်ပေ၏၊

၎င်းအိမ်ကြီးမှာ ထိုအရပ်တွင် ဩဇာတိက္ကမနှင့်ပြည့်စုံသော သစ်တန်သည်ကြီး ဦးထွန်းပြည့်၏ အိမ်ကြီးဖြစ်ပေရာ၊ ဦးထွန်းပြည့်မှာ ထိုခေတ်က သစ်ဘက်တွင် အကြီးအကျယ် ရောင်းဝယ်ဖောက်ကားခြင်းပြု

www.burmeseclassic.com

www.burmeseclassic.com

လုပ်ခဲ့သည့် ဘိဘိတ်စီ ကုမ္ပဏီ၊ စတီးဘရားသားကုမ္ပဏီစသော ကုမ္ပဏီကြီးများနှင့် တုပြိုင်လုပ်ကိုင်ခဲ့သူဖြစ်သဖြင့် ကျွဲ၊ နွား၊ ဆင် စသောပစ္စည်းများအပြင် ကသာမြို့ ဈေးနားတစ်ဝိုက်တွင် အိမ်ကြီးအိမ်ကောင်းများကိုလည်း ပိုင်ဆိုင်ခဲ့သည်ဖြစ်၍ ပစ္စည်းဥစ္စာ အတော်ပင်ကြွယ်ဝသူ တစ်ယောက်ဖြစ်ပေ၏။

ဦးထွန်းပြည့်သည် ထိုသို့သော အခြေသို့ရောက်ရခြင်းမှာ ကိုယ်တိုင်အစွမ်းကောင်းသောကြောင့်လည်းတစ်ကြောင်း၊ ကသာမြို့ပေါ်၌ အကြွယ်ဝဆုံးဖြစ်သည့် သူဌေးဦးသန့်၏တစ်ယောက်တည်းသော သမီးဒေါ်သီတာနှင့် လက်ထပ်ထိမ်းမြားခြင်းကြောင့်တစ်ကြောင်း ဖြစ်ပေ၏။ ဒေါ်သီတာမှာ တစ်ဦးတည်းသော သားဖြစ်သူ မောင်သန်းတင်ကိုဖွားမြင်၍ ၅နှစ်သားအရွယ်ခန့်တွင် ဒေါ်သီတာသေဆုံးခဲ့ရာ ထို့နောက် ၂နှစ်ခန့်ကြာ၍ သူဌေးဦးသန့်ကွယ်လွန်သောအခါတွင် သားငယ် မောင်သန်းတင်သည် အဘိုးဖြစ်သူဦးသန့်၏ အမွေအနှစ်ပစ္စည်းအလုံးစုံကို ဆက်ခံရရှိခဲ့သည်ဖြစ်၍ ၇နှစ်သားအရွယ်၌ပင် သူဌေးကလေးတစ်ယောက် ဖြစ်လာပေတော့၏။

ဦးထွန်းပြည့်မှကား မောင်သန်းတင် ၈နှစ်သားအရွယ်တွင် ဒုတိယအိမ်ထောင်ပြုခဲ့ပြန်လေရာ မောင်သူတော်နှင့် မတင်ကြည်တည်းဟူသော မောင်နှမနှစ်ယောက်တို့ကို ဖွားမြင်ပြီးသည့်နောက် ဒုတိယမိန်းမသည်လည်းပျက်စီးကွယ်လွန်ခဲ့လေ၏။ ထို့နောက်၌မူကား ဦးထွန်းပြည့်သည် အိမ်ထောင်ပြုရန် စိတ်မကူးတော့ဘဲ ပထမမယားမှ မွေးခဲ့သောသား မောင်သန်းတင်နှင့် ဒုတိယမယားမှ မွေးဖွားခဲ့သော မောင်သူတော်၊ မတင်ကြည်တို့နှင့်သာ အတူတကွ သင့်မြတ်ကြည်ရွှင်စွာ နေထိုင်လာခဲ့လေတော့၏။

သားအကြီး မောင်သန်းတင်မှာ မိခင်ဘက်မှ အမွေအနှစ်မြောက်မြားစွာ ဆက်ခံရရှိခဲ့သည်တစ်ကြောင်း ၊ရုပ်ရည်ချောမော သန့်ရှင်းသည်တစ်ကြောင်း၊ သွက်လက်ချက်ချာလှသော သူငယ်တစ်ယောက်ဖြစ်သည်တစ်ကြောင်းကြောင့် ကသာမြို့ အင်္ဂလိပ်ကျောင်း၌ နေစဉ်ပင် ချစ်ကြိုက်

သူ အလွန်ပေါလှသဖြင့် ရည်းစားတွေ 'မှိုပေါက်' လျက်ရှိရာ၊ အင်္ဂလိပ်စာကိုဘီအေ၊ အမ်အေတိုင်အောင် သင်နိုင်လောက်သော အခြေရှိသော်လည်း၊ ဖခင် ဦးထွန်းပြည့်သည် သား၏သဘောကိုသိသည်နှင့် စိတ်မချနိုင်ဘဲ၊ ၁၀တန်းအောင်ပြီးသောအခါတွင် ကောလိပ်ကျောင်းသို့မပို့မူ၍ သစ်အလုပ်ဘက်တွင် မိမိ၏လက်ထောက်အဖြစ်နှင့် သွတ်သွင်းချထား လိုက်လေ၏။

သို့ရာတွင် မောင်သန်းတင်သည် ထိုအလုပ်ကို ကြာရှည်စွာ မလုပ်ကိုင်ဘဲ မြို့ပေါ်မှ မိန်းကလေးများနှင့်လည်းကောင်း၊ အနံ့အပြားချစ်ကြိုက်နေခဲ့ပြီးနောက် တစ်နေ့သ၌ ဖခင်၏ငွေ ၅၀၀၀ိ ကိုခိုးယူ၍၊ အိမ်မှတစ်ခါတည်းပျောက်ကွယ်သွားလေတော့၏။

မယားနှစ်ယောက် သေဆုံးပြီးသည်နောက်၌ ဦးထွန်းပြည့်သည် ဦးသောကြာဆိုသူ တပည့်ကောင်းတစ်ယောက်ကို လက်သပ်မွေးထား၍ ဦးသောကြာသည် ချက်မှုနှင့်ပြုတ်မှုနှင့်တကွ အိမ်ထောင်မှုကိစ္စဟူသမျှကို ဦးစီးဆောင်ရွက်ခဲ့လေ၏။ ဦးသောကြာမှာ ရွာ၏မြောက်ပိုင်းတွင် မုဆိုးမတစ်ယောက်နှင့်အိမ်ထောင်ကျသော်လည်း၊ ရံဖန်ရံခါသာလျှင် သွားရောက်လည်ပတ်၍ နေ့ရောညပါ ဦးထွန်းပြည့်၏အိမ်၌ပင် အခန်းကလေးတစ်ခန်းတွင် နေထိုင်စားသောက်ခဲ့လေ၏။

ကျွန်ုပ်တို့ ရေးသားဖော်ပြမည့် အချိန်ကာလတွင်ကား၊ သားမောင်သူတော်သည် ၁၆နှစ်သား အရွယ်လည်းကောင်း၊ သမီး မတင်ကြည်သည် ၁၄နှစ်သမီးအရွယ်လည်းကောင်း ရှိနေကြပြီဖြစ်ရာ ဦးထွန်းပြည့်ကိုယ်တိုင်မှာ မကျန်းမမာ ရှိနေသည်ဖြစ်၍ နေအိမ်အပေါ်ထပ်ရှိ အခန်းတစ်ခန်းအတွင်း မောင်နှမနှစ်ယောက်တို့၏ အစောင့်အရှောက်ဖြင့် အိပ်ရာ၌လဲလျက်ရှိလေ၏။

တစ်ညသ၌ ၈နာရီအချိန်ခန့်တွင် ဦးသောကြာသည် ဝင်းတံခါးနှင့် အိမ်တံခါးများကို ပိတ်ဆို့၍ မိမိ၏အခန်းတွင်းသို့ ဝင်ပြီးနောက် ဒိန္နဗ္ဗ ပကာသနီ စာအုပ်ကို ဖတ်တော့မည်ပြုသည်တွင် အိမ်ဝင်းအနီးမှ အပ်၍

www.burmeseclassic.com

www.burmeseclassic.com

ဦးသောကြာ အိပ်ပြီလားဟု မေးလိုက်သော အသံကို ကြားရလေ၏၊

ဦးသောကြာသည် ထိုအသံကို သိသည်နှင့်ထိုင်ရာမှထ၍ အိမ်တံခါးနှင့်ဝင်းတံခါးတို့ကို ဖွင့်ပေးလေရာ၊ အသက် ၂၅နှစ်ခန့်ရှိ၍ ထောင်ထောင်မောင်းမောင်းရှိသော လူတစ်ယောက်သည် ဝင်းထဲသို့ ဝင်လာလေ၏၊

"အလို ကိုဘဦးပါကလား၊ ဘယ်တုန်းက ပြန်ရောက်လာသလဲ"

"ဒီကနေ့ပဲ ရောက်တယ်၊ ဦးထွန်းပြည့် မမာဘူးကြားလို့ ချက်ချင်းထလာခဲ့ရတယ်"

မောင်ဘဦးဆိုသူမှာ ဇရစ်ချောင်ရွာအနောက်ပိုင်းရှိ လူကုံထံတစ်ဦး၏သားဖြစ်လေရာ, ထိုသူသည်ဦးထွန်းပြည့်၏သား မောင်သန်းတင်ပျောက်ကွယ်သွားသည့်အချိန်ကပင် ပျောက်ကွယ်သွားခဲ့၍ မောင်သန်းတင်နှင့် သက်တူရွယ်မျှဖြစ်လေ၏၊ ၎င်းတို့နှစ်ယောက်သည် အသက် ၂၀အရွယ်ခန့်က ပျောက်ကွယ်သွားကြ၍ ၅နှစ်တိုင်တိုင် ကြာရှိပြီဖြစ်သောကြောင့် ထိုအချိန်အခါတွင် အသက်-၂၅နှစ်မျှစီရှိကြလေပြီ၊

ကြာ - "အံ့ဩမိပါရဲ့ဗျာ၊ လူနှစ်ယောက်လုံးပျောက်သွားလိုက်ကြတာ၊ စာကလေးတစ်စောင်မှမပေးကြဘူး၊ နေလဲနေနိုင်တဲ့လူနှစ်ယောက်ပါပဲ"

ဦး - "မောင်သန်းတင်ဆီကလည်း၊ ဘာအကြောင်းမှ မကြားရဘူးလား၊ ငွေများမတောင်းဘူးလား"

ကြာ - "သွားကတည်းက ဘာမှမကြားရတော့ဘူး၊ငွေလဲ မတောင်းဘူး၊ သွားတုန်းကတော့ ငွေ ၅၀၀ဝိ ယူသွားတယ်ဆိုထင်ပါရဲ့၊ ကိုဘဦးနဲ့ အတူတူသွားကြတာ မဟုတ်ဘူးလား"

ထိုအခါ မောင်ဘဦးသည် ထိုအကြောင်းကို ပြောလိုဟန်မရှိဘဲ ဦးခေါင်းကိုသာ ရမ်းခါ၍ ပြလေ၏၊ တို့နောက်

ဦး - "ဦးထွန်းပြည့် မကျန်းမာတာ ဘယ်လောက်ကြာသွားပြီလဲ"

ကြာ - "၃-လလောက် ရှိသွားပြီကော၊ အချင်းချင်းမို့ပြောရဦးမယ်

ဦးထွန်းပြည့်တော့ ဒီတောင်က တက်တော့မယ် မထင်ပါဘူး"

ဦး - "မောင်သူတော်တို့ မောင်နှမကော"

ကြာ - "ဦးထွန်းပြည့်ရဲ့ အခန်းထဲမှာ စောင့်ကြည့်နေကြတယ်၊ တွေ့ချင်သေးသလား"

ဦး - "ဟုတ်ကဲ့ ခဏလောက် တွေ့ချင်ပါတယ်"

ထိုအခါ ဦးသောကြာသည် အိမ်ပေါ်သို့ တက်သွား၍ ဦးထွန်းပြည့်အိပ်ပျော်နေခိုက်ဖြစ်သည်နှင့် မောင်နှမ နှစ်ယောက်တို့ကိုခေါ်လာခဲ့လေရာ မောင်သူတော်နှင့် မတင်ကြည်တို့လည်း လိုက်ပါလာကြလေ၏၊

မောင်သူတော်မှာ အသက် ၁၆နှစ် အရွယ်မျှရှိ၍၊ စကားနည်းသောသူငယ်တစ်ယောက်ဖြစ်လေရာ မတင်ကြည်မှာကား အသက် ၁၄နှစ်မျှရှိ၍ သွက်သွက်လက်လက် ချက်ချက်ချာချာနှင့် မွန်ရည်သန့်ရှင်းသောရုပ်လက္ခဏာရှိသောကြောင့် ကြီးရင့်သောအခါတွင် အတော်ပင် ချောလှမည့် မိန်းမပျိုကလေး တစ်ယောက်ဖြစ်လာမည့် အရိပ်နိမိတ်များ တွေ့မြင်နိုင်ပေ၏၊

မောင်နှမနှစ်ယောက်တို့သည် မောင်ဘဦးကို တွေ့မြင်ကြသော အခါ အတန်ကြာကွဲကွာနေခဲ့ကြသော တစ်ရွာတည်းသားများ ဖြစ်ကြသည့်အလျောက် ဖျူငှာသော အမူအရာနှင့် နှုတ်ခွန်းဆက်သကြလေ၏။ အထူးသဖြင့် မတင်ကြည်သည် သွက်လက်သောသူငယ်မတစ်ယောက် ဖြစ်သည့်အလျောက် ရှေ့ဆောင်ပြု၍ ဧည့်ခံလေရာ မောင်သူတော်မှုကား နှမပြောသောစကားကို ထောက်ခံရုံမျှ ပြုလေ့ရှိ၏၊

လူငယ် ၃-ယောက်တို့သည် လွန်ခဲ့သည့် ၅-နှစ်အတွင်း ရွာထဲ၌ဖြစ်ပျက်ခဲ့သမျှတို့ကို မောင်ဘဦးအား ပြန်ပြောင်းပြောပြကာ ဧည့်ခံလျက်ရှိကြစဉ် ဦးသောကြာသည် လက်ဖက်ရည်ကိရိယာတို့ကို ပြင်ဆင်ဆောင်ရွက်ပေးလေ၏၊

ကြည် - "ကိုဘဦးက ၅-နှစ်တောင်ပျောက်သွားလိုက်တာ ဘယ်

www.burmeseclassic.com

www.burmeseclassic.com

ဆီများရောက်ခဲ့သလဲ"

ဦး - "တစ်ပြည်လုံးအနှံ့လို့ဆိုပါတော့"

ကြည် - "ဒီတစ်ခါ ပြန်သွားဦးမှာလား"

ဦး - "မပြန်တော့ပါဘူး မွေးသဖခင်ရဲ့ ကန်ထရိုက်အလုပ်ကို ဆက်ခံပြီး လုပ်တော့မယ် စိတ်ကူးတယ်"

ကြည် - "ဒါထက် ကျွန်မတို့ ကိုကိုတစ်ယောက်များ မတွေ့ခဲ့ဘူးလား"

ဦး - [မျက်နှာပျက်လျက်] "ဟာ ဘယ်တွေ့မလဲ၊ အတူတူသွားကြတာမှ မဟုတ်ဘဲ"

ကြည် - "မဆိုနိုင်ဘူး အတူတူပျောက်သွားကြလေတော့ တွေ့များတွေ့ခဲ့သလားလို့ မေးကြည့်ရတာပါပဲ"

ဦး - [စကားစကိုဖြတ်၍] "မတင်ကြည်တို့ ဖေဖေ တော်တော်ရှိပြီလား"

ကြည် - "တော်တော်ရှိတယ်လို့တော့ မဟုတ်လှပါဘူး၊ တစ်နေ့ရွှေ တစ်နေ့ငွေ ဆိုတာမျိုးလိုပါပဲ၊ ဒီကနေ့တော့ နည်းနည်းသက်သာတယ်၊ ကိုဘဦးလာမေးတယ်လို့ပြောလိုက်ပါ့မယ်"

ဦး - "အေး ပြောလိုက်ပါကွယ်၊ နောက်တစ်ခေါက်မှ တက်ကြည့်ပါဦးမယ် ဒီကနေ့တော့ အချိန်မရှိတော့ဘူး၊ ကိုင်း မိုးချုပ်ပြီ ပြန်လိုက်ဦးမယ်"

တော် - "ကျွန်တော်လဲ လာလည်ပါဦးမယ် ကိုဘဦးရဲ့"

ဦး - "အေး လာဦးကွယ် တစ်နေ့တော့ လျှောက်လည်ရအောင် ငါလဲ သေနတ်ပစ်တတ်ပြီ မဟုတ်လား"

တော် - "ကျွန်တော်က တောလယ်ရတာထက် မဂ္ဂဇင်းစာအုပ်တွေ ဝတ္ထုစာအုပ်တွေ ထိုင်ဖတ်နေရတာ သာကြိုက်တယ် ကိုဘဦးရဲ့"

ဦး - "ငါလှက အိမ်တွင်းပုန်းထဲကကိုးကွဲ့၊ ကိုင်း ပြန်လိုက်ဦးမယ် သွားဦးမယ်နော် ဦးသောကြာ"

မောင်ဘဦးသည် အိမ်မှထွက်၍ ဝင်းပေါက်ဆီသို့သွားသောအခါ မောင်သူတော်သည် ချန်နေရစ်၍ မတင်ကြည်မှကား နှုတ်သွက်သော မိန်းကလေး တစ်ယောက်ဖြစ်သည့်အလျောက် စကားပြောရင်း ဝင်းပေါက်သို့လိုက်၍ပို့လေ၏။

ကြည် - "ကိုဘဦးကို ကျွန်မ တစ်ခုမေးချင်တယ်"

ဦး - "မေးပါဗျာ ဘာများလဲ"

ကြည် - "ကျွန်မတို့ ကိုကိုပျောက်သွားတာ ဘာကြောင့်လဲလို့ ကိုဘဦး သိသလား"

ဦး - "မဟုတ်တာ မတင်ကြည်ရယ် ဘာကြောင့် သိနိုင်မှာလဲ"

ကြည် - "ကျွန်မကတော့ ကိုဘဦး သိတယ်လို့ထင်တယ်၊ သိရင် ပြောပါကိုဘဦးရယ်၊ ကျွန်မသိပါရစေရှင်"

မောင်ဘဦးသည် မသိရကြောင်းနှင့် ငြင်းတွယ်မည်ပြုပြီးမှ မတင်ကြည်၏ စေ့စေ့ကြည့်ခြင်းကို မခံနိုင်သည်နှင့် . . .

ဦး - "နည်းနည်းပါးပါးတော့ ရိပ်မိပါရဲ့ ဆိုပါတော့၊ ဒါပေမယ့် ခုပြောသေးဘူး နောက်များမှ ပြောသင့်ရင် ပြောပြဦးမယ်"

ကြည် - [ဝမ်းသာစွာနှင့်] "ကျွန်မထင်သားပဲ၊ ဘယ်တော့ ပြောပြမလဲ"

ဦး - "သိပ်တော့ မမေးနဲ့ဦး မတင်ကြည်ရယ်၊ တစ်နေ့နေ့တော့ ပြောရသေးတာပေါ့"

ကြည် - "ကိုဘဦး ကတိတည်ပါစေနော်၊ ကျွန်မကို ပြောရမယ်"

ဦး - "ပြောပါမယ် စိတ်ချပါ၊ ကိုင်း ပြန်လိုက်ဦးမယ်"

မောင်ဘဦးသည် ဝင်းပေါက်မှ ထွက်သွား၍ မောင်နှမနှစ်ယောက်တို့သည် အိမ်ပေါ်သို့ တက်သွားကြလေလျှင် ဦးသောကြာသည် ဝင်းတံခါးနှင့်အိမ်တံခါးတို့ကိုပိတ်၍ ရှေးနည်းအတူ စာဖတ်တော့မည်ဟု ပြင်သည်

www.burmeseclassic.com

www.burmeseclassic.com

နှင့် တစ်ပြိုင်နက် ဝင်းတံခါးကို ခေါက်သံကြားရပြန်လေ၏၊ ဦးသောကြာသည် စာအုပ်ကိုချထား၍ ဝင်းပေါက်သို့ပြန်သွားပြန်သောအခါ တံခါးအပြင်၌ ရပ်လျက်ရှိသူကို လရောင်တွင်မြင်လိုက်ရသည်နှင့် အလို ဘုရားဘုရား မောင်သန်းတင်ပါကလား၊ ဒီကနေ့ လူပျောက်တွေ ပြန်ရောက်တဲ့နေ့ပါတကားဟု လွှတ်ခနဲပြောလိုက်မိလေ၏၊

★ ★ ★

အခန်း [၂]

အိမ်ထဲသို့ရောက်ကြသောအခါ မောင်သန်းတင်သည် သက္ကလပ်အကျီမှုကိုသာ ချွတ်ထား၍ အဝတ်အစားလဲလှယ်ခြင်းမပြုဘဲ ဦးသောကြာ၏အခန်းထဲတွင် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်လျက် အခန်း၏အခြေအနေကိုကြည့်ရင်း စဉ်းစားစိတ်ကူးနေလေ၏၊ ဦးသောကြာမှာမူ ၅-နှစ်တိုင်တိုင် အိမ်မှပျောက်ကွယ်၍နေသော သားကြီးသြရသတစ်ဦး၏ အမူအရာနှင့်မတူလှသည့်အဖြစ်ကို အံ့သြစွာနှင့် ငေးကြည့်နေလေ၏၊

မောင်သန်းတင်မှာ အသက်-၂၀ အရွယ်တွင် အိမ်မှ ထွက်ခွာသွားခဲ့၍ ၅-နှစ် ကြာပြီးနောက်၊ ၂၅- နှစ် အရွယ်မှ ပြန်ရောက်လာခြင်းဖြစ်သော်လည်း ရုပ်ရည်ပြောင်းလဲခြင်းမရှိဘဲ လူချောလူလှတစ်ယောက်ပင်ဖြစ်နေသေးသည့်ပြင် ရှေးကထက် ခံ့ညားသော အမူအရာရှိသည်နှင့်သာ၍ပင်ကြည့်ကောင်းသေးသည်ဟု ဦးသောကြာစိတ်၌ ထင်မှတ်မိလေ၏၊ စင်စစ်သော်ကား မောင်သန်းတင်မှာ ကိုယ်လုံးကိုယ်ပေါက် ခပ်ဖြောင့်ဖြောင့်နှင့် အသားဝါဝါ၊ နှာတံပေါ်ပေါ် မျက်လုံးပြူးပြူးနှင့်စူးစိုက်၍ကြည့်တတ်သော ဝါသနာ ရှိသူတစ်ယောက်ဖြစ်လေရကား ၎င်းစူးစိုက်၍ကြည့်လိုက်သော မိန်းကလေးများသည် ရင်ထဲတွင်ဒိတ်ခနဲဖြစ်သွားအောင်

www.burmeseclassic.com

www.burmeseclassic.com

တုန်လှုပ်ခြင်း ဖြစ်စေတတ်သည့် ရုပ်လက္ခဏာမျိုး ရှိချေ၏။

ဤသို့သော ယောက်ျားမျိုးကို မိန်းမတို့သည် မထိမဲ့မြင်ပြုခြင်းငှါ မတတ်နိုင်ပေ။ ကုလားထိုင်ပေါ်တွင် ထိုင်၍ ငွေစီးကရက်ဘူးမှ စီးကရက်တစ်လိပ်ကို ထုတ်ယူညှိသောက်ရင်း. . .

တင် - "သူတို့အားလုံး အိပ်ကုန်ကြပြီ မဟုတ်လား"

ကြာ - "ခုနင်က တက်သွားကြတယ်၊ အဘိုးကြီးတော့ နေမကောင်းတာ တော်တော်ကြာသွားပြီ၊ ဒီတောင်က တက်ကောင်းမှ တက်မယ်"

တင် - "သေတယ်ဆိုတာ အဆန်းမဟုတ်ပါဘူးလေ၊ ဒါလောက် နေရရင် တော်ကြရောပေါ့၊ ဓါ့ထက် လမ်းမှာ မောင်အဆိုး တစ်ယောက် မြင်လိုက်ရသလိုလို မှတ်ပါတယ်၊ ဒီအိမ်ကို လာသေးသလား"

ကြာ - "ဆရာကြီးနေမကောင်းဘူးကြားလို့ လာမေးလာတယ်၊ သူလည်း ဒီကနေ့ပဲ ပြန်ရောက်သတဲ့၊ မောင်သန်းတင်နဲ့ မရှေးမနှောင်း ပျောက်သွားကြတာပဲ"

တင် - "ဒီကနေ့ ရောက်သတဲ့လား။ ဓါဖြင့် သူက သင်္ဘောနဲ့ လာတယ်ထင်တယ်၊ ကျွန်တော်က မီးရထားနဲ့ ခုပဲရောက်လာတယ်၊ သူက ကျွန်တော့်အကြောင်း မေးသေးသလား"

ကြာ - "မေးပါသေးတယ်၊ မောင်သူတော်တို့ မတင်ကြည်တို့နဲ့ တောင် တွေ့သွားပါသေးတယ်"

တင် - "သူကတော့ အပြီးပြန်လာခဲ့တာ ထင်ပါရဲ့"

ကြာ - "ဒီလိုပဲ ပြောသွားတယ်"

တင် - "ကျွန်တော်တစ်ခုမေးစမ်းပါရစေဦး၊ နယ်ပိုင်ဝန်ထောက် ကတော် မခင်ခင်ကြီးတစ်ယောက်ကော ဒီမြို့ပြန်ရောက်လာတယ်ဆို"

ကြာ - "သူ့ယောက်ျားဝန်ထောက်မင်း ဆုံးလို့တစ်လလောက်က ပြန်ရောက်ပြီး၊ ပိုလိုကွင်းနားမှာ အိမ်ကြီးတစ်လုံးငှား နေလေရဲ့"

တင် - "ဩော် သူ့ယောက်ျား ဆုံးသွားပြီတဲ့လား"

ကြာ - "မိုးကုတ်မှာ ဆုံးခဲ့ပြီတဲ့၊ တယ်ချောတဲ့ မိန်းမတစ်ယောက်ပဲ၊ ခုထက်ထိ အပျိုကလေးလိုပဲ ရှိရှာသေးတယ်၊ သူ့ယောက်ျားက ပစ္စည်းတွေ အများကြီးထားခဲ့တယ် ဆိုတာပဲ၊ ဟုတ်ပုံရတယ်၊ နေပုံထိုင်ပုံက တကယ့် မင်းကတော်ကြီး အတိုင်းပဲ၊ မော်တော်ကားနဲ့၊ အခိုင်းအစေတွေနဲ့၊ ရေဒီယိုနဲ့ သိပ်မြိုင်တာပဲ"

တင် - "သားသမီး မရဘူးတဲ့လား"

ကြာ - "တစ်ယောက်မှ မမွေးဘူးပြောတယ်၊ တင်လိုက်တာလွန် ရော"

မောင်သန်းတင်သည် ဆက်လက်၍ စကားမပြောတော့ဘဲ စီးကရက်အတိုကိုပစ်၍ အသစ်တစ်လိပ်ညှိပြီးလျှင် တွေးတောရင်း သောက်ဖွာလျက်ရှိနေလေ၏။

တင် - [စီးကရက်မှပြာကိုခါထုတ်ရင်း၊] "ပြန်လာတာမဟုတ်ဘူး၊ ခဏလာတာပါ၊ ဒီလိုအရပ်မှာနေလို့ မကြီးပွားနိုင်ပါဘူး၊ လူဖြစ်ပြီး ဒီလိုချောင်ထဲမှာ ကုပ်နေလို့ ဘာလုပ်ဖို့လဲ"

ကြာ - "ဆရာတြီးလဲ ကြာကြာနေရတော့မယ် မထင်ဘူး မောင်သန်းတင်"

တင် - "ဘတော်ကြီး မရှိရင် ကျွန်တော်ရှိမှ ဖြစ်မှာတဲ့လား၊ မောင်သူတော်တို့ ရှိသားကပဲ"

ကြာ - "မြို့ပေါ်က တိုက်တွေ အိမ်တွေကော"

တင် - "ဘာဖြစ်သလဲ၊ သူတို့နဲ့ လွှဲထားခဲ့မှာပေါ့ ဟိုမှာ ကျွန်တော် စီးပွားဖြစ်နေတယ်၊ ဒီမှာ ဘာတစ်ခုမှ ကျွန်တော် မလိုချင်ပါ

www.burmeseclassic.com

www.burmeseclassic.com

ဘူး၊ သူတို့ မောင်နှမကို ပေးတန် ပေးပစ်ခဲ့မယ်၊ သူတော်တို့ တင်ကြည်တို့ဖြင့် ကြီးလှ ရှော့မယ်နော်"

ကြာ - "ဟုတ်ကဲ့၊ လူပျိုပေါက် အပျိုပေါက်ကလေးတွေ ဖြစ်နေကြပြီကော၊ မတင်ကြည်က သိပ်သွက်တာပဲ၊ မအိပ်သေးခင် တွေ့ပါဦးလား၊ ကျုပ်တက်ပြီး ခေါ်ပေးမယ်"

တင် - "ဟုတ်ကဲ့၊ သူတို့ တွေ့ချင်လို့ ကျွန်တော်လာခဲ့တာပဲ၊ တဆိတ်သွား ခေါ်ပေးတာ ဘတော်ကြီးတော့ မသိပါစေနဲ့"

ဦးသောကြာသည် မောင်နှမ နှစ်ယောက်တို့ကိုခေါ်ရန် အိမ်ပေါ်သို့ တက်သွားစဉ် မောင်သန်းတင်သည် ဦးသောကြာ၏ ဓာ့ခန်းမှ ဖယောင်းတိုင်ကို ယူခဲ့၍ အိမ်အောက်ထပ်ရှိ ဧည့်ခန်းသို့ ရွှေ့ပြောင်းထိုင်စောင့်နေလေ၏။

မောင်သူတော်နှင့် မတင်ကြည်တို့သည် ဦးသောကြာနှင့်အတူ ဆင်းလာကြ၍ ဧည့်ခန်းသို့ရောက်ကြသောအခါ မတင်ကြည်သည် မောင်သန်းတင်အား ခင်ခင်မင်မင် ရှိသောအမူအရာမျိုး မရှိဘဲ ခပ်အေးအေးမျက်နှာထားနှင့် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လေရာ မောင်သူတော်ကမူ အစ်ကိုကြီးလားဟု တစ်ခွန်းမျှ နှုတ်ဆက်ဖော်ရသေး၏။

မောင်သန်းတင်သည် မိမိအား အေးအေးစက်စက် ဧည့်ခံကြခြင်းကို ရိပ်မိသော်လည်း စိတ်နာဟန် လက္ခဏာမရှိဘဲ ခပ်ပြုံးပြုံးမျက်နှာထားနှင့် ပြက်ရယ်ကျီစယ် ပြောလေ၏။

တင် - "ငါ့နှမက အစ်ကိုကြီးတောင် နှုတ်ဆက်ဖော် မရတော့ဘူး၊ နှုတ်ခမ်းကြီးစူလို့ပါလား"

ကြည် - "၅-နှစ်တောင် ထွက်သွားလို့မှ စာကလေးတစ်စောင် မပေးတဲ့ အစ်ကိုကြီးကို ဘာလို့ နှုတ်ဆက်နေရမှာလဲ"

တင် - "အေးအေး ဟုတ်ပေတယ်၊ ငါ့နှမ မိန်းမလှ မိန်းမချောကြီး တစ်ယောက် ဖြစ်လာပါပြီကောလား၊ ရုပ်လှသလောက်

စိတ်လှပေစေနော်"

ကြည် - "စိတ်လှတယ်ဆိုတာ ဘာလဲ"

တင် - "စိတ်လှတယ်ဆိုတာ အကျင့်စာရိတ္တကောင်းဖို့ ပြောတာပေါ့ နှမရဲ့"

ကြည် - "ဒါတော့ အစ်ကိုကြီးက ပြောဖို့ လိုမယ် မထင်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ် လှအောင်လုပ်ကြပါဦး"

တင် - [ပြုံးရယ်လျက်] "ငါ့နှမက နှုတ်သီးကောင်း လျှာပါးထဲက ပါကလား"

မောင်သူတော်ကမူ နှုတ်ရဲလွန်းသော နှမကလေးအား မျက်ရိပ်ပြကာ သတိပေးလျက်ရှိလေ၏။

ကြည် - "အစ်ကိုကြီးကို ကျွန်မက ဆိုချင်ပြောချင်နေတာ ကြာလှပြီ၊ ဘယ့်နှယ်ရှင် အဖေကြီးတစ်ယောက်လုံး မမာနေလို့မှ တော်ဟော့ မတင်ကြည်"

တင် - "ကိုင်း၊ ကိုင်း၊ အစ်ကိုကြီးက ကိစ္စရှိသေးတယ်၊ ကြာကြာကြီးမနေနိုင်ဘူး၊ ပြောစရာရှိတာ ပြောလိုက်ကြဦးစို့၊ ငါ့အမေက တစ်ယောက် မင်းတို့အမေက တစ်ယောက်ဆိုတာ မင်းတို့ သိတယ်မဟုတ်လား"

ကြည် - "သိပါတယ်၊ ဒါကြောင့်မို့ အစ်ကိုကြီးက ကျွန်မတို့ဆီ စာမရေးတာပေါ့"

တင် - "နေပါဦးကွယ် နောက်တော့မှ ကြိမ်းတာပေါ့၊ ဒီတော့ကာ ငါ့မှာ ငါ့အမေဘက်က အမွေတွေ၊ အိမ်တွေ ရလိုက်တယ်၊ ဒီပစ္စည်းတွေ အားလုံးကို ငါမယူလိုတော့ဘူး၊ မင်းတို့မောင်နှမနှစ်ယောက်ကို ပေးခဲ့မယ်၊ ငါ့မှာ အများကြီး စီးပွား ဖြစ်နေလေတော့ မင်းတို့ကို ငါပေးခဲ့ချင်တယ်၊ ဦးသောကြာ ကြားရဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

ကြာ - "ကြားပါရဲ့ ပြောပါ"
ကြည် - "အစ်ကိုကြီးကကော ဘယ်မှာနေမှာလဲ"
တင် - "ဘယ်မှာနေနေ နောက်တော့ သိလိမ့်မယ်၊ ဒီတစ်လ လောက်အတွင်းမှာ အစ်ကိုကြီး ဘင်္ဂလားကိုသွားကောင်း သွားရလိမ့်ဦးမယ်"
ကြည် - "ဘင်္ဂလား ဘာလုပ်လဲ"
တင် - "အလုပ်ကိစ္စ တစ်ခုရှိလို့ပေါ့"
ကြည် - "အမယ် အစ်ကိုကြီးက လက်စွပ်တောင် ဘယ်တစ်ကွင်း၊ ညာတစ်ကွင်း ဝတ်လို့ပါတကား"

ဟု မဆီမဆိုင်ပြောလိုက်လေရာ မောင်သူတော်နှင့် ဦးသောကြာတို့လည်း ထိုအခါမှ မောင်သန်းတင်၏ လက်ကို ဂရုစိုက်၍ ကြည့်မိကြရာတွင် လက်ဝဲဘက်လက်သူကြွယ်၌ ဆယ်ရတီခန့်ရှိသော စိန်လက်စွပ်တစ်ကွင်း လက်ယာဘက် လက်သူကြွယ်၌ အလွန်ဆန်းကြယ်သော ကြောင်လက်စွပ်တစ်ကွင်းကို တွေ့မြင်ကြရလေ၏။

★ ★ ★

အခန်း ၊ ၃ ၊

မတင်ကြည်သည် ကြောင်လက်စွပ်ကို စိုက်ငေးလျက် ကြည့်နေသဖြင့် မောင်သန်းတင်မှာ မျက်နှာပျက်လျက်ရှိစဉ် . . . .

ကြည် - "အစ်ကိုကြီး လက်စွပ်က ဝန်ထောက်ကတော် မခင်ခင်ကြီးရဲ့ လက်စွပ်နဲ့တူလိုက်တာ"
တင် - "ခင်ခင်ကြီးရဲ့ လက်စွပ်ကို နှမကမြင်ဖူးလို့လား"
ကြည် - "ကိုယ့်ရွာသူပဲ ကိုယ်မမြင်ဖူးဘဲ နေပမလား၊ တစ်နေ့က ဒီအိမ်တောင် လာလယ်သေးတာကပဲ ဟိုတုန်းက အစ်ကိုကြီးနဲ့ မခင်ခင်ကြီးနဲ့ သိပ်ပြီးခင်ကြတာပဲ"
တင် - "ခင်တုန်းကတော့ ခင်ကြတာပေါ့လေ၊ ဟေ့ ငါ့ညီ အစ်ကိုကြီးကို တစ်ခုလုပ်ပေးစမ်းကွယ် ငါတိုပ်တဲ့ အခန်းထဲက ဘီရိုထဲမှာ သားရေအိတ်တစ်လုံး ထားခဲ့ပါတယ်၊ သွားယူပေးစမ်းပါ၊ ရော့ ဟောဒီမှာသော့"

မောင်သူတော်သည် သော့ကိုယူ၍ အိမ်ပေါ်သို့ တက်သွားစေလေ၏၊ ဦးသောကြာမှကား မီးခွက်အနီးတွင် စာတစ်အုပ်ကိုဖတ်နေလေ၏၊

ကြည် - "အစ်ကိုကြီးကို ကျွန်မ တစ်ခုမေးမယ် ပြောမလား"

www.burmeseclassic.com

www.burmeseclassic.com

တင် - "ငံမေးပါလေ၊ ပြောတာပေါ့"

ကြည် - "အစ်ကိုကြီး ထွက်သွားတာ ဘာကြောင့်ထွက်သွားတာလဲ"

တင် - [မျက်နှာပျက်လျက်] "တစ်နေ့နေ့တော့ ပြောပြဦးမယ်၊ အခုတော့ မပြောချင်သေးဘူး"

ကြည် - "တစ်ယောက်မေးလဲ ဒီလို၊ တစ်ယောက်မေးလဲ ဒီလို"

တင် - "ဘယ်သူ့ကိုမေးကြည့်သေးလို့လဲ"

ကြည် - "ခပ်စောစောက ကိုဘဦးကိုမေးကြည့်တယ်၊ ဒီလိုပဲ ပြောသွားတယ်"

တင် - "ဟေ့ မတင်ကြည်၊ မောင်ဘဦးကို သတိထားနော် ဒီလူက သူ့စိတ်နဲ့မတွေ့ရင် အင်မတန်ဆိုးတဲ့ လူတစ်ယောက်ကွဲ့၊ သတိထားပေါ်နော်"

ကြည် - "ဒါဖြင့် ကျွန်မတစ်ခုမေးမယ် အစ်ကိုကြီးထွက်သွားခြင်းဟာ ခင်ခင်ကြီးနဲ့ ပတ်သက်လို့လား"

တင် - " ဒီအကြောင်းတွေ မမေးပါနဲ့ဦးလို့ဆို မင်းတို့နဲ့ ဘာမှ မဆိုင်ပါဘူး၊ ငါ့မှာရှိတဲ့ တိုက်တာ နေအိမ်တွေကို မင်းတို့ကို ပေးခဲ့ပြီ၊ ငါ့စီးပွားနဲ့ ငါလုလုပ်နိုင်ပြီ၊ နောက်ကို ငါဘယ်တော့မှ ဇရပ်ချောင်ကို မလာတော့ဘူး၊ ဒီတစ်ခါ နောက်ဆုံးပဲ"

ကြည် - "ဖေဖေရှိတာတောင် မလာတော့ဘူးလား"

တင် - "ဖေဖေနဲ့ ငါနဲ့ တည့်ကြတာ မဟုတ်ဘူးကွယ့် မင်းတို့မေမေက သဘောကောင်းလွန်းလို့သာ ငါနေခဲ့တယ် နို့မို့ဖြင့် ငါထွက်ပြေးတာ ကြာလှပြီ၊ ယခုငါ့ပစ္စည်းတွေကို ပေးခဲ့ခြင်းဟာလည်း မင်းတို့မေမေကို ကျေးဇူးဆပ်တဲ့ သဘောနဲ့ ပေးခဲ့ခြင်းဖြစ်တယ်"

ကြည် - "ဖေဖေလဲ ဒီတောင်က တက်တော့မယ် မထင်ဘူး၊ တက်ကြည့်ပါဦးတော့လား အစ်ကိုကြီးရယ်"

တင် - "တော်ပါပြီ ငါ့မျက်နှာမြင်ရင် စိတ်မကောင်းနေပြန်ဦးတော့မယ် သေရမှာဖြစ်ရင် ကြည်ကြည်ရွှင်ရွှင်ပဲ သေရှာပါစေတော့ မနှောင့်ယှက်တော့ပါဘူး"

ထိုခဏ၌ မောင်သူတော်သည် သားရေအိတ်တစ်လုံးကို ကိုင်လျက် ဆင်းလာလေရာ မောင်သန်းတင်သည် သားရေအိတ်ကိုလှမ်းယူ၍ ဖွင့်ကြည့်ပြီးလျှင် စာရွက်များကို ထုတ်ယူ၍ မိမိ၌ပါသော အခြားသားရေအိတ်တစ်လုံးသို့ ပြောင်းရွှေ့သွတ်သွင်းပြီးနောက် သားရေအိတ်နှစ်လုံးစလုံးကို အကျီအိတ်ထဲ၌ ထည့်ထားလိုက်လေ၏။

ၡင်းနောက် မောင်နှမသုံးယောက်တို့သည် မြို့ပေါ်၌ရှိသော တိုက်လခနှင့် အိမ်လခမှစ၍ သစ်လုပ်ငန်းအကြောင်းတို့ကို ဆွေးနွေးမေးမြန်းနေကြလေ၏။

တင် - [ချွတ်ထားသောအကျီကိုကောက်ဝတ်လျက်] "ကိုင်၊ တော်တော် ညဉ့်နက်သွားပြီ အစ်ကိုကြီးသွားလိုက်ဦးမယ်၊ စာထည့်ချင်ရင် ဟောဒီလိပ်အတိုင်း၊ ထည့်လိုက်ကြပေတော့" ဟုပြော၍ ကားချပ်ကလေးတစ်ခုကို ထုတ်ပေးလေ၏။

တော် - "အစ်ကိုကြီး ဒီမှာ မအိပ်ဘူးလား၊ ဘယ်ပြန်မှာလဲ"

တင် - "မနက်စောစောရထားနဲ့ ရန်ကုန်ပြန်ရမယ်"

ကြည် - "မြန်လှချေကလား အစ်ကိုကြီးရယ်"

တင် - "မြို့ထဲမှာ မိတ်ဆွေတစ်ယောက်နဲ့ ချိန်းထားသေးတယ်"

ကြည် - "ကာဖီကလေးတစ်ခွက်လောက် သောက်သွားပါဦးတော့"

တင် - "ရှိပါစေ ဟိုကျမှ သောက်တော့မယ်၊ ကိုင်း ဦးသောကြာ ပြန်ဦးမယ်ဗျာ သွားသေးပြီ အားလုံး အားလုံး"

ၡင်းနောက် မောင်သန်းတင်သည် ဝင်းတံခါးမှထွက်၍ မြို့ဘက်သို့ လျှောက်သွားလေရာ ဦးသောကြာလည်း ဝင်းတံခါးကို ပိတ်ထားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးသောကြာသည် အိမ်တွင်းသို့ပြန်ဝင်လာသောအခါ မောင်နှမနှစ်ယောက်တို့သည် အိမ်ပေါ်သို့ မတက်ကြသေးသည်နှင့် မောင်သန်းတင်အကြောင်းကို ဘုံးယော်ကသား ဝိုင်းဖွဲ့ကာ တိုင်ပင်ပြောဆိုလျက် ရှိနေကြလေသေး၏၊ ၁၅ မိနစ်ခန့်ကြာလတ်သော် အိမ်ရှေ့မှ ခေါ်သံကြားသည်နှင့် ဦးသောကြာသည် ဝင်းတံခါးကို တတိယအကြိမ်မြောက် ဖွင့်ပေးရပြန်လေရာ မိန်းမတစ်ယောက်နှင့် အစေခံတစ်ယောက်သည် အိမ်တွင်းသို့ ဝင်လာကြလေ၏၊ မတင်ကြည်သည် ဝင်လာသော ဧည့်သည်များကို မြင်ရသောအခါ ထိုင်ရာမှထ၍

ကြည် - "အလို ဒေါ်ခင်ခင်ကြီးပါကလား၊ မိုးကြီးချုပ်မှ ဘာကိစ္စပါလိမ့်"

ခင် - "ကိစ္စကြီးလို့ပေါ့လေ၊ လာစမ်းပါဦး ညီမရဲ့" ဟု ခေါ်ပြီးလျှင် မိန်းမနှစ်ယောက်တို့သည် တီးတိုးစကားပြောလျက်ရှိကြလေ၏၊

ခင်ခင်ကြီးဆိုသူမှာ အသက်-၂၆နှစ်အရွယ်ရှိ၍ ပုပုပြတ်ပြတ်သေးသေးသွယ်သွယ်နှင့် အလွန်ချစ်ခင်ဖွယ်ကောင်းသော ရုပ်လက္ခဏာရှိပေရာ ၎င်း၏မျက်နှာမှာ ရှားမှုရှားဟူ၍ ဆိုလောက်အောင် အလွန်တရာ ချောမောလှပခြင်းနှင့် ပြည့်စုံပေ၏၊ ထိုအချိန်မှာ ၁၂ နာရီထိုးပြီးဖြစ်သော်လည်း ခင်ခင်ကြီးသည် ရုပ်ရှင်ပွဲမှ ပြန်လာသည် ဖြစ်သောကြောင့် စိန်နားကပ်၊ စိန်ကြယ်သီး၊ စိန်လက်ကောက်တို့ဖြင့် တဝင်းဝင်းရှိသည့်အပြင် မျက်နှာတွင်လည်း မျက်နှာချေ ပေါင်ဒါတို့ဖြင့် တဖွေးဖွေးရှိ၍ တစ်ကိုယ်လုံးမှာလည်း ရေမွှေးနံ့တကြိုင်ကြိုင်ရှိနေပေ၏၊ မတင်ကြည်သည် စကားပြောရင်း ၎င်း၏သစ်လွင်သော အဝတ်အစားများနှင့် ဖွေးဖွေးဖြူသော မျက်နှာကို ကြည့်မိရာတွင် ရှေးယခင်ကထက်ပင် ချောလှပေသည်ဟု မှတ်ထင်မိသေး၏၊

ကြည် - "မိုးကြီးချုပ်လှမှ ဘာကိစ္စများလဲ ဒေါ်ခင်ခင်ကြီးရဲ့"

ခင် - "ကိုသန်းတင်တစ်ယောက် ပြန်လာတယ်ဆို"

ကြည် - "ပြန်တော့လာတယ်"

ခင် - "သူဘယ်မှာလဲ"

ကြည် - "ခုနင်ကပဲ ပြန်သွားပြီ"

ခင် - "ဘယ်ပြန်သွားသလဲ"

ကြည် - "မနက်စောစောရထားနဲ့ ပြန်မယ်ဆိုပြီး မြို့ထဲပြန်သွားတယ်"

ခင် - "သူဒီမှာ မအိပ်ဘူးလား"

ကြည် - "မအိပ်ဘူး သူရောက်မှန်း ဘယ့်နှယ်သိသလဲ"

ခင် - "ကားမောင်းတဲ့ ဘိုးဟန်က မြင်လိုက်တယ်ပြောတယ်၊ သူဘယ်အိပ်မယ်ပြောသလဲ"

ကြည် - "မဆိုနိုင်ဘူး၊ ဘာမှ ပြောမသွားဘူး"

ခင် - "ကိုင်း၊ ဒါဖြင့် အိပ်ရစ်ကြပေတော့၊ လိုက်ရှာလိုက်ဦးမယ် ဘုတာရုံများ တွေ့ကောင်းပါရဲ့"

ခင်ခင်ကြီးထွက်သွားသောအခါ ဦးသောကြာနှင့် မောင်နှမနှစ်ယောက်တို့သည် စကားပြောလျက်နေကြသေး၏၊

ကြည် - "ဦးသောကြာ ကျွန်မ မေးမယ်နော်၊ ပြောစမ်းပါ"

ကြာ - "ပြောတာပေါ့ မတင်ကြည် ဘာများပါလဲ"

ကြည် - "ဟိုတုန်းက အစ်ကိုကြီးနဲ့ ခင်ခင်ကြီးနဲ့ ကြိုက်ဖူးကြသလား"

ကြာ - "ခင်ခင်ကြီး အပျိုတုန်းကတော့ သိပ်ပြီး လူကြိုက်များတဲ့ မိန်းကလေးပေါ့၊ ပွဲစားရော၊ ကုန်သည်ရော၊ စာရေးရော၊ မြို့အုပ်ရော၊ အရာရှိတွေ ထွေးနေတာပဲ၊ ဟိုလူနဲ့ ယူမှာလိုလို ဒီလူနဲ့ ယူမှာလိုလို ဒီအထဲမှာ မောင်သန်းတင်နဲ့ မောင်ဘဦးတို့လည်းပါတယ်"

ကြည် - "ဪ ကိုဘဦးလည်း ပါသေးသကိုး၊ ပြောစမ်းပါဦး"

ကြာ - "သူမိုးကြတဲ့ အထဲမှာ မောင်ဘဦးနဲ့ မောင်သန်းတင်ဟာ

www.burmeseclassic.com

www.burmeseclassic.com

အနိုးစပ်ဆုံးပါပဲ၊ တစ်လတော့ မောင်ဘဦးနဲ့ယူတော့မလိုလို၊ တစ်လတော့ မောင်သန်းတင်နဲ့ ယူတော့မလိုလို"

ကြည် - "ဒါဖြင့် ဘာကြောင့် သူတို့နဲ့မရဘဲ ဝန်ထောက်နဲ့ရသွားသလဲ"

ကြာ - "ဟိုလိုလို ဒီလိုလို ဖြစ်နေတုန်း၊ တစ်နေ့သ၌တော့ မြန်းဆို မောင်သန်းတင်ရော မောင်ဘဦးရော ပျောက်သွားကြပါလေရော၊ သူတို့ ပျောက်သွားလို့ ၅-ရက်လောက်အတော အတွင်းမှာပဲ ခင်ခင်ကြီးက နယ်ပိုင်ဝန်ထောက်နဲ့ ယူလိုက်ကရော မတင်ကြည်ရဲ့"

ကြည် - "ဝန်ထောက်ကြီးက ကြီးလှပြီ ဟုတ်လား"

ကြာ - "ဟုတ်တယ်၊ မုဆိုးဖိုကြီးပဲ သူ့အဖေလောက်ရှိပါလိမ့်မယ် အခုတော့ ဝန်ထောက်ကြီးရဲ့ ပစ္စည်းတွေကို ခင်ခင်ကြီးက အားလုံးရလိုက် တော့တယ်ဆိုပဲ၊ ဒီယုန်မြင်လို့ ဒီခြုံထွင်တာ ဆိုတာမျိုးလိုပေါ့လေ"

ကြည် - "မိန်းမကတော့ ချောတော့ ချောပါရဲ့ နို့ပေမယ့် ကျွန်မဖြင့် ယောင်းမ မတော်ချင်ပေါင်၊ သိပ်မရိုးဘူးထင်တယ်"

ကြာ - "ဒိမိန်းမမျိုး ဘယ်ကရိုးလိမ့်မှာလဲ"

ကြည် - "ကိုင်း ကိုင်း၊ ညဥ့်လဲနက်လှပြီ အိပ်ကြဦးစို့"

ငှင်းနောက် မောင်နှမနှစ်ယောက်တို့သည် အိမ်ပေါ်သို့ တက်သွားကြ၍ အိပ်ပျော်လျက်ရှိသော ဖခင်လူနာတိုဝင်၍ ကြည့်ကြပြီးလျှင် မိမိတို့၏ အခန်းသို့ အသီးသီး ဝင်ကြလေကုန်၏။

မောင်သူတော်သည် စာဖတ်ဝါသနာပါသူတစ်ယောက်ဖြစ်သည် အလျှောက် အိပ်ရာပေါ်တွင် စာဖတ်လျက်ရှိရာ မတင်ကြည်မှုကား အိပ်ရာပေါ်တွင် လှဲသည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားလေ၏၊ သို့ရာတွင် မတင်ကြည်သည် နံနက်စောစောတွင် ဖခင်အားဝတ်ပြုရန်ရှိသည်နှင့်

အရုဏ်တက်ချိန်တွင် အိပ်ရာမှ နိုး၍ ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာတွင် အရှေ့ကောင်းကင်မှ လင်းစပြုနေသည်ကို တွေ့မြင်ရလေ၏၊ ထိုခဏ၌ ပိုလိုကွင်းဆီမှ သေနတ်သံတစ်ချက်ကြားလိုက်ရသဖြင့် မတင်ကြည်သည် အံ့ဩစွာ တွေးတောနေစဉ် မောင်သူတော်သည် အခန်းတံခါးကို အပြင်မှ ခေါက်၍ ဖခင်ဦးထွန်းပြည့် အသက်မရှိသည် အကြောင်းကို ပြောလာလေ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၄ |

ကသာမြို့၏ မြောက်စွန်းရှိ အစိုးရ အရာရှိများ စုဝေးရာကလပ်နှင့် ပိန္နဲကုန်းရွာအကြားတွင် ရေကန်ကြီးတစ်ကန်ရှိလေရာ မိုးတွင်းအခါ တွင်းရေများ ပြည့်လျှံ၍ ကလေးသူငယ်တို့ ရေချိုးခြင်း၊ ရေကူးခြင်း စသည် ဖြင့် ဆူညံစွာရှိသော်လည်း၊ နွေကာလ၌မူ အနည်းငယ်မျှ ကျန်နေသော ရေကလေးကို မြစ်ဘက်သို့ ဖောက်ထုတ်၍ တံငါသည်တို့က ယင်းများ ကာဆီးကာ ငါးဖမ်းကြပြီးနောက် လုံးလုံးပင် ခန်းခြောက်လျက်ရှိလေ၏။ သေနတ်သံကြားလိုက်ရသော နံနက်စောစော အချိန်တွင်မူကား ရေခန်း ခြောက်လျက်ရှိသော ကန်ပေါင်ရိုးတွင် ပုလိပ်အရာရှိနှစ်ယောက် ပုလိပ်သား တစ်ယောက်၊ ဆရာဝန်တစ်ယောက်နှင့် ရွာသားတစ်ယောက်သည် ကန်ပေါင် ရိုးပေါ်တွင် ပက်လက်လန်လျက် သေနေသော အလောင်းတစ်လောင်းကို ဝိုင်းအုံကြည့်ရှုကာ ရှိနေကြလေ၏။ စင်စစ်မှာ ပိန္နဲကုန်းရွာသားသည် ဘူတာရုံမှ ကူလီလုပ်၍ အပြန် ကန်ပေါင်ရိုးပေါ်တွင် ထိုအလောင်းကိုတွေ့ သည်နှင့် ဌာနသို့တိုင်တန်း၍ ဆရာဝန်များပါ ခေါ်ဆောင်ခဲ့ပြီးလျှင် အတူတကွပြန်လာကြခြင်းဖြစ်လေသည်။

အလောင်းမှာ သက္ကလပ်အကျႌ၊ ဘန်ကောက်လုံချည်၊ ရှူးဖိနပ် အနက်၊

စသည်တို့ဖြင့် ကောင်းမွန်စွာ ဝတ်ဆင်ထားသည့်ပြင် ခပ်ရှည်ရှည် ကိုက်ညှပ်ထားသော ဘိုကေကို သပ်ရပ်စွာ နောက်သို့လှန်၍ ဖြီးထား လေ၏၊ ၎င်း၏ နဖူးထင်၌ကား သေနတ်ထိမှန်ထားသော ဒဏ်ရာတစ်ခု ရှိလေရာ ၎င်းမှ ယိုစီး၍ထွက်သော သွေးများသည် မခြောက်သေးဘဲ မြေပေါ်တွင် ရဲရဲနီလျက်ရှိနေလေ၏။ ရှေးဦးစွာတွေ့ရှိသော ကူလီအလုပ်သမားသည် တစ်ရွာသားဖြစ်သောကြောင့် ထိုအလောင်းကို မည်သူမည်ဝါဟူ၍ မပြော နိုင်ဘဲ ဌာနသို့ သွားရောက်တိုင်တန်းခြင်း ဖြစ်လေရာ၊ ပုလိပ် အရာရှိများနှင့် ဆရာဝန်တို့ကလည်း မခွဲခြားနိုင်ဘဲ ရှိကြသေး၏။

ထိုခဏတွင် ဇရစ်ချောင်ရွာသား တစ်ယောက်သည် ပိန္နဲကုန်းရွာ ဘက်မှ လျှောက်လာ၍ အလောင်းကိုဝင်ကြည့်ပြီးလျှင် "အလို ကိုသန်းတင်နဲ့ တူလိုက်တာပါကလား" ဟု လွတ်ခနဲပြောလိုက်ရာ ဌာနအုပ်က

"မင်းသိသလား"

"သိတယ် ထင်တာပဲ ခင်ဗျာ"

"ဘယ်က ကိုသန်းတင်လဲ"

"ဦးထွန်းပြည့်ရဲ့သား ကိုသန်းတင် ထင်တယ်ခင်ဗျ၊ နို့ပေမယ့် သူ ပျောက်သွားတာ ကြာလှပြီခင်ဗျ"

ထိုခဏ၌ အခြားရွာသားတစ်ယောက်ရောက်လာပြန်ရာ အလောင်း ကိုဝင်ကြည့်၍

"ဟုတ်သား ကိုသန်းတင်ပဲ၊ မနေ့ညကတောင် ဘူတာရုံမှာ မြင် လိုက်သေးတယ်"

"မင်းသိသလား"

"ဘာကြောင့် မသိသလဲ ခင်ဗျာ၊ ကျုပ်တို့ အိမ်နီးချင်းပဲ"

"ကိုင်း ဒါဖြင့် ရွာသားတွေ ခေါ်ပြီး ဆရာဝန်က အလောင်းကို ဆေးရုံယူသွားကြပေတော့၊ ကျွန်တော်တို့က ဦးထွန်းပြည့်အိမ်သွားပြော လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ၚင်းနောက် ဆရာဝန်သည် ရွာသားများကို ခေါ်စေ၍ အလောင်းကို ထမ်းစင်ဖြင့်တင်၍ ဆေးရုံသို့ ဆောင်ယူစေရာ ရာဇဝတ်အုပ်နှင့် ဌာနာအုပ်တို့သည် ဦးထွန်းပြည့်၏ နေအိမ်သို့သွားကြလေ၏၊ ဦးထွန်းပြည့်၏ အိမ်၌ကား ရွာသားများသည် ထိုနေ့နံနက်စောစောတွင် တွယ်လွှန် အနိစ္စရောက်သော ဦးထွန်းပြည့်၏အလောင်းကို ထုံးစံအတိုင်း ပြင်ဆင်ပေးသည့်အလုပ်ဖြင့် ရှုပ်ယှက်ခတ် ရှိနေကြလေရာ မောင်သူတော်နှင့် မတင်ကြည်တို့လည်း ပုလိပ်အရာရှိများကို စည့်ခံကြရလေ၏၊ ဌာနာအုပ်မှာ အသုဘကိစ္စတစ်ခုပေါ်တွင် တစ်ခုဆင့်လျက်ရှိသည့် ထိုမောင်နှမ နှစ်ယောက်တို့အား၊ မောင်သန်းတင်အကြောင်းကို အပြောရခက်လျက် အားနာပါးနာနှင့် နှုတ်ဆိတ်စွာရှိလေ၏၊ ထိုခဏတွင် မောင်ဘဦးလည်း ပျာယီးပျာယာနှင့် ရောက်လာလေ၏၊

အုပ် - "ပြောရမှာ အားနာစရာကြီး ဖြစ်နေပြီကော မောင်သူတော်"

တော် - [နှမ၏မျက်နှာကို လှမ်းကြည့်လျက်] "ဘာများပါလိမ့် ဌာနာအုပ်မင်း"

အုပ် - "မောင်တို့ အစ်ကိုတစ်ယောက် ပျောက်သွားဖူးတယ်ဆို"

တော် - "ဟုတ်ကဲ့၊ မနေ့ညက ပြန်ရောက်လာပါတယ်၊ ဘာဖြစ်လို့လဲ"

အုပ် - "မြစ်နားက ကန်ပေါင်ရိုးပေါ်မှာ သူ့အလောင်းကို တွေ့ခဲ့ရတယ်"

ထိုအခါ ဦးသောကြာနှင့် မောင်ဘဦးတို့လည်း ပြေးလာကြလေရာ ထိုပရိသတ်အနက်တွင် အတုန်လှုပ်ဆုံးသူကား ဦးသောကြာပင်ဖြစ်လေ၏၊

ကြာ - [ရင်ဘတ်ကိုထိုးလျက်] "ဖြစ်မှဖြစ်ရပလေ ခင်ဗျာ ညကပဲ ပြန်ရောက်တယ်၊ အခုသေရှာပါလိမ့်ခင်ဗျာ"

အုပ် - "သေတာတော့ ဓားရာနဲ့ သေတာပဲ၊ လူသတ်လို့ သေရှာတယ်ထင်တယ် အလောင်းကိုတော့ ဆေးရုံပို့လိုက်ရပြီ"

ကြာ - "ကြုံမှကြုံရပလေခင်ဗျာ အဖေကြီးဆုံးလို့ အလောင်းမှ မအေးသေးဘူး သားက လူသတ်သေပြန်ပြီ ဒုတ္ခတွေ ရောက်ကုန်ကြပါပြီ ခင်ဗျာ"

ထိုခဏ၌ ဝန်ထောက်ကတော် ခင်ခင်ကြီးသည် အိမ်ပေါ်သို့တက်လာ၍ ဖခင်ကွယ်လွန်ရှာသူ မတင်ကြည်အား ဝမ်းနည်းစကားပြောလျက်ရှိရာ မောင်ဘဦးမှာမူ ခင်ခင်ကြီးကို မြင်လိုက်ရသောအခါ မျက်နှာပျက်၍သွားလေ၏၊

ခင် - "ဖြစ်ရပလေ မတင်ကြည်ရယ်၊ ခင်လဲ ကြားကြားခြင်း ပြေးလာခဲ့တာပဲ ဖိလိုဆိုရင် ကိုသန်းတင်ကို အကြောင်းကြားဦးမှဖြစ်မယ် မနေ့ညက ဖိကပြန်သွားပြီးတဲ့နောက် ကိုသန်းတင်နဲ့ တွေ့ရသေးတယ်၊ သူမပြန်ဖြစ်သေးပါဘူး၊ ဘုတာရုံက စည့်ခန်းမှာ တည်းခိုနေပါလိမ့်မယ်၊ ချက်ချင်းလွှတ်လိုက်ကြပါဦး"

တော် - "ပြောလိုက်ကြပါဦးလေ"

အုပ် - "ဒီလိုပါ မင်းကတော်၊ ကိုသန်းတင် တစ်ယောက်မရှိတော့ပါဘူး၊ သူ့အလောင်းကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်"

ခင် - [ဌာနာအုပ်မင်းဘက်သို့ချာခနဲလှည့်လျက်] "ရှင် ဘယ်သူလဲ၊ ဘာအလောင်း ရှင်တွေ့ခဲ့တာလဲ"

အုပ် - "ကိုသန်းတင်ရဲ့ အလောင်းကိုတွေ့ခဲ့ရလို့ ဆေးရုံပို့လိုက်ရပြီ မင်းကတော်"

ခင် - "တောက်တီးတောက်တဲ့ မပြောပါနဲ့၊ ဘယ်က ဟုတ်နိုင်မှာလဲ မနေ့ညကတောင် ကျွန်မနဲ့ တွေ့သေးတာပဲ"

အုပ် - "အမှန်ပါ မင်းကတော် ကန်ပေါင်ရိုးပေါ်မှာ လူသတ်ပြီး သေနေလို့ ဆေးရုံကိုပို့လိုက်ရပြီးပါပြီ"

ထိုအခါ ခင်ခင်ကြီးသည် လည်ချောင်း၌ဆို့တက်လာသော အလုံး

www.burmeseclassic.com

www.burmeseclassic.com

တို လက်တစ်ဖက်ဖြင့် နှိပ်ချလျက် အခြားလက်တစ်ဖက်ဖြင့် မောင်ဘဦး ကို ညွှန်ပြီးလျှင်

ခင် - "ကိုသန်းတင်သေလျှင် ဟောဒီလူ သတ်မှာပဲ၊ ကေ္တ သူသတ် မှာပဲ၊ ဟိုတုန်းကတည်းက ကိုသန်းတင်ကို တွေ့ရာသချိုင်းပဲ လို့ သူပြောဖူးတယ် မဟုတ်ဘူးလား၊ ရှင် မပြောဖူးဘူးလား အောင်မယ်လေး ကိုသန်းတင်ရဲ့ ၅နှစ်ကွဲပြီး တစ်ခါပြန်တွေ့ရ လို့ ယူပါတော့မယ်လို့ ကတိထားပြီးတဲ့နောက်မှ သေရှာရ လေခြင်း ကိုသန်းတင်ရဲ့"

ဇင်းနောက် မတင်ကြည်သည် တကတော့မတတ် ငိုယိုလျက်ရှိသော ခင်ခင်ကြီးကို မိန်းမငယ်သည်များ၏ အကူအညီဖြင့် အခန်းထဲသို့ တွဲခေါ် သွားလေရာ မောင်ဘဦးမှာကား လက်ကိုကိုင်လျက် မှိုင်ငေးကာ ထိုင်နေရစ် လေ၏၊ ဌာနာအုပ်သည် မောင်ဘဦးအနီးသို့ ချဉ်းကပ်၍

အုပ် - "ဟုတ်ကဲ့လား၊ ကိုဘဦး မင်းကတော်ပြောတာ ဟုတ်ကဲ့ လား"

ဦး - "ဘာဟုတ်တာလဲဗျ"

အုပ် - "ခင်ဗျားက ကြုံးဝါးဖူးတယ်ဆိုတာ ဟုတ်ရဲ့လား"

ဦး - "ကြုံးဝါးတုန်းတော့ ကြုံးဝါးဖူးတာပေါ့ဗျာ ဟိုတုန်းကတော့ လူငယ်တွေဖြစ်လေတော့ စိတ်မာန်အလျှောက် ကြုံးဝါးဖူး တာပေါ့ အခုတော့ မောင်သန်းတင်အပေါ်မှာ အမျက်ပြေ တာကြာပါပြီ၊ ဘယ်လိုမှ မအောက်မေ့တော့ပါဘူး"

အုပ် - "ကိုသန်းတင်နဲ့ ခင်ဗျားမတွေ့တာဘယ်လောက်ကြာပြီလဲ"

ဦး - "၅နှစ်ကျော်ကျော်လောက်ရှိပါပြီ"

အုပ် - "သူဘာကြောင့် သေမယ်ဆိုတာ ခင်ဗျား မသိဘူးပေါ့"

ဦး - "ခင်ဗျားက ကျုပ်ကို စစ်ချက်ထုတ်နေတာလား"

အုပ် - "မဟုတ်ရပါဘူးဗျာ အရာရှိအဖြစ်နဲ့ မေးခြင်း မဟုတ်ပါဘူး၊ မိတ်ဆွေအဖြစ်နဲ့ မေးခြင်းဖြစ်ပါတယ်"

ဦး - "ကျုပ် ဘာမှမသိဘူးဗျို့၊ သေမှန်းလဲ မသိဘူး၊ ဘယ်သူ သတ်မှန်းလဲ မသိဘူး၊ သေတယ်ဆိုတာတောင် ခင်ဗျားတို့ ပြောမှ ကြားရတာပဲ"

ထိုစကားကို ကြားကြရသော ပရိသတ်တို့ကမူ မောင်ဘဦးနှင့် မောင်သန်းတင်တို့သည် ခင်ခင်ကြီး အပျိုစင်ဘဝက ရည်းစားလုဖက်များ ဖြစ်ခဲ့ကြဖူးသည့် အဖြစ်ကို သတိရကြသည်နှင့် တစ်ယောက်တစ်မျိုး တွေး တော၍ နေကြလေကုန်၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၅ |

မောင်သန်းတင်၏ အလောင်းကိုတွေ့ပြီးနောက် ၂-ရက်မြောက်နေ့တွင် နယ်ပိုင်ဝန်ထောက်မင်းသည် မောင်သန်းတင်သေဆုံးခြင်းနှင့်ပတ်သက်၍ စစ်ဆေးစုံစမ်းရန်ချိန်းဆိုထားရာ နားထောင်သူပရိသတ်တို့မှာ ပြည့်နှက်လျက်ရှိပေ၏၊ မောင်သန်းတင်၏ အလောင်းကိုမူ ရင်ခွဲရုံမှ ဆောင်ယူလာခဲ့ပြီဖြစ်၍ ၅-ရက်မြောက်သောနေ့တွင် သင်္ဂြိုဟ်အံ့ဟု ဖခင်၏အလောင်းနှင့် ယှဉ်လျက် ပြင်ဆင်ထားလေ၏၊ သားအဖ နှစ်ယောက်တို့ တစ်နေ့တည်း သေဆုံးကြရခြင်းသည်လည်းကောင်း၊ ဓနဥစ္စာ ကြွယ်ဝသူများ ဖြစ်ကြခြင်းသည်လည်းကောင်း၊ ၅-နှစ်တိုင်တိုင် အိမ်မှ ထွက်ခွာသွားပြီးမှ ပြန်ရောက်လာခြင်းသည်လည်းကောင်း၊ မည်သူ၏လက်ချက်မှန်း မသိရဘဲ သေဆုံးရခြင်းသည်လည်းကောင်း၊ မကြုံဖူး မကြားဖူးအောင်ရှိနေသည်ဖြစ်၍ ကသာတစ်မြို့လုံးသည် ထိုအမှုကို အလွန်တရာ စိတ်ပါဝင်စားလျက် ရှိကြလေ၏၊

အလောင်းများကို နေအိမ်အပေါ်ထပ်တွင် ပြင်ဆင်ထား၍ ဝန်ထောက်မင်းသည် အောက်ထပ်တွင်သေဆုံးလေရာ ရှေးဦးစွာ မောင်သူတော်နှင့် မတင်ကြည်တို့ကို စတင်စစ်ဆေးလေ၏၊ ၎င်းတို့ထွက်ဆိုချက်

များမှာ မောင်သန်းတင်သည် ၅-နှစ်လုံးလုံး ပျောက်ကွယ်နေပြီးမှ ပြန်ရောက်လာခဲ့ခြင်းဖြစ်ကြောင်း၊ မသေမီညက အိမ်သို့ပြန်ရောက်လာ၍ ၁၁-နာရီအချိန်လောက်တွင်ပြန်သွားကြောင်း၊ မည်သူနှင့်တွေ့ဦးမည်ဟု မပြောဘဲ နံနက်စောစော ရထားနှင့် ရန်ကုန်သို့ပြန်လိုက်မည်ဟု ပြောကြောင်းစသည်ဖြင့် များစွာအရေးမကြီးလှသော အချက်များပင် ဖြစ်လေသည်၊

ထို့နောက် အလောင်းကိုတွေ့ရှိသော ကုလီမောင်ဖဲဆိုသူကို စစ်ဆေးရာ ၎င်းက မိမိသည် နံနက်စောစော ဘူတာရုံမှအပြန်တွင် ကန်ပေါင်ရိုးပေါ်၌ ပက်လက်လဲနေသော အလောင်းကို တွေ့ရကြောင်း၊ မည်သူမည်ဝါ၏အလောင်းမှန်းမသိရသည်နှင့် ဌာနသို့တိုင်၍ ဆရာဝန်ကိုပါ ခေါ်လာခဲ့ကြကြောင်းများနှင့် ထွက်ဆိုသွားလေ၏၊

ဌာနအုပ်ကို စစ်ဆေးသောအခါ ထွက်ဆိုသည်မှာ အလောင်း၏ပတ်ဝန်းကျင်၌ မြက်ပင်များ ထူထပ်စွာရှိသောကြောင့် ခြေရာဟူ၍ မတွေ့ရကြောင်း၊ သွေးလုံးသတ်ပုတ်ကြသည့် အထိမ်းအမှတ်များလည်း မတွေ့ရကြောင်း၊ အနီးအနား၌ လက်နက်တစ်စုံတစ်ရာ မတွေ့ရကြောင်း၊ အကျီအိတ်များတို့နှိုက်၍ရှာသောအခါ ငွေစက္ကူ ၁၀၀ တန်- ၃ ချပ်၊ ၁၀ တန်-၅ ချပ်၊ ငွေဒင်္ဂါး ၃ နှင့် မူးစေ့မတ်စေ့ အနည်းငယ်၊ ငွေစီးကရက်ဘူးတစ်ခု၊ သားရေအိတ် ၂လုံး၊ မီးခြစ်ဘူးတစ်လုံး စသည်တို့ကို တွေ့ရကြောင်း၊ သတ်သူသည် ပစ္စည်းကိုအလိုရှိ၍ သတ်ခြင်းဖြစ်ဟန်မတူကြောင်းများနှင့် ထွက်ဆိုသွားလေ၏၊

ဆရာဝန်၏ ထွက်ဆိုချက်မှာမူကား အလောင်းကိုတွေ့ရှိရသောအခါ ၇နာရီခန့်ရှိပြီဖြစ်၍ အလောင်း၏အခြေအနေမှာ ၂နာရီခန့်လောက်ကြာရှိဟန်တူသောကြောင့် နံနက် ၅နာရီလောက်က သေဆုံးခြင်းဖြစ်ဟန်တူကြောင်း၊ ဒဏ်ရာမှာပွဲချင်းပြီး သေလောက်သောဒဏ်ရာဖြစ်ကြောင်း၊ ကျည်ဆန်သည် လက်ယာဘက်နားထင်မှဝင်၍ လက်ဝဲဘက်နားနောက်တွင် တွေ့ရှိရသောကြောင့် အတူလမ်းလျှောက်လာရင်း အနီးမှကပ်၍ပစ်သတ်

www.burmeseclassic.com

www.burmeseclassic.com

ဟန်တူကြောင်း ထွက်ဆိုသွားလေ၏၊

တရားသူကြီး - "ကိုယ့်ကိုယ်ကိုယ် ပစ်သတ်ခြင်းဖြစ်နိုင်သလား"

ဝန် - "ဖြစ်နိုင်ပါတယ်၊ နို့ပေမယ့် အနီးမှာ သေနတ် တွေ့ရပါဘူး"

ကြီး - "ကျည်ဆန်က ဘယ်လိုကျည်ဆန်မျိုးလဲ"

ဝန် - "ခြောက်လုံးပြူးသေနတ်က ကျည်ဆန်ဖြစ်ပါတယ်"

ကြီး - "အနီးမှကပ်ပစ်ကြောင်း ဘယ့်နှယ်သိသလဲ"

ဝန် - "လက်ယာဘက်နားထင်မှာ ယမ်းကျွမ်းသွားသည့်ဒဏ်ရာ တွေ့ရသည့်အတွက် ကပ်ပြီးပစ်တယ်လို့ပြောနိုင်ပါတယ်"

ထို့နောက် ဝန်ထောက်ကတော် ခင်ခင်ကြီးကို စစ်ဆေးလေရာ ပရိသတ်တို့သည် အထူးစိတ်ဝင်စားကြသည့်အတွက် အုတ်အုတ်ကျက် ကျက် ဖြစ်သွားလေ၏၊

ခင်ခင်ကြီးသည် ဆံပင်ကို ပွပုံထုံးထုံးလျက် တစ်ပတ်နွမ်းလောက်မျှ သော အဝတ်အစားမျိုးကိုသာ ဝတ်ဆင်ထားသော်လည်း ပရိသတ်တို့က "သိပ်တင်တဲ့ မိန်းမပဲ ခုထက်ထိ ၁၈-နှစ် သမီးကလေးလောက်ထင်ရ တယ်" စသည်ဖြင့် တီးတိုးချီးမွမ်းပြောဆိုကြလေ၏၊ ခင်ခင်ကြီးနှင့်အတူ ရန်ကုန်မြို့မှ သူဌေးဦးထွန်းဖေဆိုသူ အသက် ၄၀-ကျော် အရွယ်ရှိ လူကြီး တစ်ယောက်နှင့် မင်းကတော်ဖေါ်သိန်းဆိုသူ မိန်းမကြီးတစ်ယောက်လည်း ပါလာကြလေရာ ၎င်းတို့သည် ခင်ခင်ကြီး၏နေအိမ်တွင် ဧည့်သည်အဖြစ်နှင့်တည်းခို နေထိုင်လျက်ရှိကြလေသည်၊ ခင်ခင်ကြီးသည် ဧည့်သည်နှစ်ယောက်တို့၏ အကြားတွင် ထိုင်လျက်ရှိရာ တရားသူကြီးက မေးခွန်းထုတ်သောအခါ ထလျက်ဖြေဆိုလေ၏၊

ကြီး - "သေသူ မောင်သန်းတင်နဲ့ ကျွမ်းပါသလား"

ခင် - "ကျွမ်းပါတယ် ငယ်သူငယ်ချင်းပါ"

ကြီး - "မောင်သန်းတင် ထွက်သွားပြီးတဲ့နောက်မှ ဝန်ထောက်မင်း ဦးကန်နဲ့ အကြောင်းပါတယ် ဟုတ်လား"

ခင် - "မှန်ပါတယ်"

ကြီး - "အကြောင်းပါပြီး မိုးကုတ်ရွှေ့သွားကြတယ် ဟုတ်ပ"

ခင် - "ဟုတ်ပါတယ်"

ကြီး - "ဝန်ထောက်မင်းဦးကန် ဘယ်တုန်းက ဆုံးပါသလဲ"

ခင် - "မနှစ်က ဆုံးပါတယ်"

ကြီး - "မောင်သန်းတင်နဲ့ ကွဲသွားတာ ဘယ်လောက်ကြာပြီလဲ"

ခင် - "၅-နှစ်ကျော် ကြာပါပြီ"

ကြီး - "ဒီအတောအတွင်းမှာ တစ်ခါမှ မတွေ့ရဘူးလား"

ခင် - "တစ်ခါမှ မတွေ့ရပါဘူး၊ ကြားလည်း မကြားရပါဘူး"

ကြီး - "နောက်ဆုံး ဘယ်နေ့က တွေ့ရပါသလဲ"

ခင် - "လွန်ခဲ့တဲ့ တနင်္လာနေ့ညက တွေ့ရပါတယ်"

ကြီး - "တွေ့ကြပုံ သိပါရစေ"

ခင် - "တနင်္လာနေ့ညက ဧည့်သည်များနဲ့ ဘိုင်စကုတ်သွားကြည့် ကြတော့ ဇရိုင်ဘာမောင်ဟန်က မောင်သန်းတင်ကို မြင် လိုက်ရတယ်လို့ပြောပါတယ်၊ ဒါနဲ့ ဧည့်သည်များကို အိမ်မှာ ထားခဲ့ပြီး မောင်ဟန်နဲ့အတူ ဇရစ်ချောင်ကို လိုက်သွားကြပါ တယ်၊ ဒီမှာမတွေ့လို့ အိမ်ပြန်သွားတော့ မောင်သန်းတင်က အိမ်ဝင်းပေါက်က စောင့်နေပါတယ်"

ကြီး - "နောက်ဘာဖြစ်သလဲ"

ခင် - "သူ့ကို အိမ်ပေါ်ခေါ်သွားပြီး စကားပြောကြပါတယ်"

ကြီး - "မင်းကတော်နဲ့တွေ့ရအောင်ချိန်းထားတာမဟုတ်ဘူးပေါ့"

ခင် - "မဟုတ်ရပါ"

ကြီး - "ဒီပြင်တစ်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတာရှိသေးတယ်လို့

www.burmeseclassic.com

www.burmeseclassic.com

သူကပြောသလား"

ခင် - "ပြောပါတယ်၊ ဘယ်သူနဲ့လို့တော့ မမေးမိပါ"

ကြီး - "မင်းကတော်နဲ့ ဘယ်လောက်ကြာကြာ စကားပြောကြပါသလဲ"

ခင် - "၁၂ နာရီလောက်ထိအောင် နေသွားပါတယ်"

ကြီး - "ဧည့်သည်တွေနဲ့ကော တွေ့သေးသလား"

ခင် - "မတွေ့ပါ၊ နှစ်ယောက်ထဲ စကားပြောကြပါတယ်"

ကြီး - "သူပြန်တော့ ဘယ်ဘက်ကို သွားပါသလဲ"

ခင် - "မြို့ဘက်ကို လျှောက်သွားပါတယ်"

ကြီး - "ဒီနောက်ကို မတွေ့ရတော့ဘူးလား"

ခင် - "မတွေ့ရတော့ပါ"

ကြီး - "ဝန်ထောက်မင်းဦးကန်နဲ့ မရမီက မင်းကတော်ကို ကြိုက်သူတွေတော်တော်များတယ် ဟုတ်လား"

ခင် - "သူတို့က ကြိုက်ကြထင်ပါရဲ့"

ကြီး - "မှန်ပါတယ် သူတို့ကကြိုက်တာကို မေးပါတယ်၊ ကြိုက်တဲ့ထဲမှာ မောင်သန်းတင်လဲ တစ်ယောက်အပါအဝင်ပေါ့"

ခင် - "မှန်ပါ့တယ်"

ကြီး - "သူနဲ့တော့ တော်တော်ကြီး အကျွမ်းဝင်တယ် ဆိုပါတော့"

ခင် - "ဟုတ်ကဲ့ လက်ထပ်ဖို့တောင်ကြံစည်ဖူးပါတယ်"

ကြီး - "ဟိုညတုန်းကကော ဒီအကြောင်း စကားစပ်မိကြသေးသလား"

ခင် - "စပ်မိရုံမကပါဘူး၊ လက်ထပ်ယူဖို့တောင် ရက်သတ်ကြပါသေးတယ်"

ကြီး - "ဘယ်တော့လောက်လဲ"

ခင် - "ရှေ့တနင်္လာနေ့လောက်မှာ ရက်သတ်ထားပါတယ်"

ကြီး - "တစ်ခုမေးပါရစေ၊ ဟိုတုန်းက မင်းကတော်ကို ပိုးကြတဲ့လူတွေထဲမှာ မောင်ဘဦးတစ်ယောက် ပါသေးတယ် ဟုတ်လား"

ခင် - "သူနဲ့လဲ ကျွမ်းပါတယ်"

ကြီး - "ကျွမ်းဆို တစ်ခါတုန်းကတော့ မောင်သန်းတင်နဲ့ယူမလိုလို မောင်ဘဦးနဲ့ ယူမလိုလို ထင်ကြရသေးတယ် မဟုတ်လား"

ခင် - "ထင်တာတော့ ထင်ကြမှာပေါ့"

ကြီး - "ဒီလိုထင်ကြပြီးတဲ့နောက် သူတို့ကိုမယူဘဲ ဝန်ထောက်မင်းဦးကန်ကို ယူလိုက်တယ် ဟုတ်စ"

ခင် - "မှန်ပါတယ်"

ကြီး - "ဘာကြောင့်လဲ မေးပါရစေ"

ခင် - "ဒါကတော့ ဒီလိုပါ၊ သူတို့နှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ရန်သူကြီးလုပ်နေကြလို့ပါ၊ ကိုဘဦးက ကိုသန်းတင်ဟာ ကျွန်မထံမှာ သူ့အကြောင်းမကောင်းပြောတယ်ဆိုပြီး ရန်လုပ်ခဲ့ဖူးပါတယ်"

ကြီး - "ရန်တိုက်ဖူးတယ်ဆိုတာ မှန်သလား"

ခင် - "မဟုတ်ပါ၊ ရန်တိုက်ပေးခြင်း မဟုတ်ပါ၊ မဟုတ်ဘဲနဲ့ ရန်လုပ်ရမလားဆိုပြီး ကျွန်မက ကိုဘဦးကို ဖြတ်ပစ်လိုက်ပါတယ်"

ကြီး - "မောင်သန်းတင်တော့ကော"

ခင် - "သူ့ကိုလည်း နောက်ဆုံးမှဖြတ်ပစ်လိုက်ပြီး ဦးကန်နဲ့ယူလိုက်ပါတယ်"

ကြီး - "မောင်ဘဦးက မောင်သန်းတင်ကို ရန်ညိုးဖွဲ့ဖူးသလား"

ခင် - "ဖွဲ့ဖူးပါတယ်၊ တွေ့ရာ သချိုင်းပဲလို့ ကြုံးဝါးဖူးပါတယ်"

ကြီး - "လွန်ခဲ့တဲ့ တနင်္လာနေ့က မောင်ဘဦးနဲ့ တွေ့ရသေးသလား"

www.burmeseclassic.com

www.burmeseclassic.com

ခင် - "တွေ့ရပါတယ်"
ကြီး - "ဘယ်အချိန်၊ ဘယ်နေရာမှာ တွေ့ရပါသလဲ"
ခင် - "ညနေ ၅-နာရီ အချိန်လောက်မှာ လမ်းလျှောက်သွားရင်း ပိုလိုကွင်းအနီးမှာ တွေ့ရပါတယ်"
ကြီး - "ကံအားလျော်စွာ တွေ့ဆုံမိခြင်းပေါ့"
ခင် - "ဟုတ်ပါတယ်၊ သူပြန်ရောက်မှန်းတောင် ကျွန်မ မသိရ ပါ"
ကြီး - "ရှေးဟောင်းနှောင်းဖြစ်တွေ ပြောမိကြပါသေးသလား"
ခင် - "မပြောကြပါ၊ သာမန်စကားမျိုးလောက်သာ ပြောကြ ပါတယ်"
ကြီး - "ဝန်ထောက်မင်းဦးကန် ဆုံးပြီးကြောင်း၊ မင်းကတော်မှာ လွတ်လွတ်လပ်လပ်ဖြစ်ကြောင်း သူသိပါသလား"
ခင် - "သိပါတယ်"
ကြီး - "ချစ်ကြိုက်စကားမျိုး ပြောပါသေးသလား"
ခင် - "မပြောပါ"
ကြီး - "နောက်တစ်ကြိမ်သူ့ကို ဘယ်မှာတွေ့ပါသေးသလဲ"
ခင် - "ဦးထွန်းမြည့် သေဆုံးကြောင်းကြားလို့ ဇီဇဝိမ်ကိုလာတော့ တွေ့ရပါတယ်"
ကြီး - "တွေ့တဲ့အခါမှာ မောင်သန်းတင်ကို သူသတ်တယ်လို့ စွပ်စွဲတယ် မဟုတ်လား"
ခင် - "စွပ်စွဲပါတယ်"
ကြီး - "မောင်သန်းတင်ကို မောင်ဘဦးက သတ်တယ်လို့ အမှန်ပဲ ထင်သလား"
ခင် - "ထင်ပါတယ်"
ကြီး - "အခုလဲ ထင်တုန်းပါပဲလား"
ခင် - "ထင်တုန်းပါပဲ"

ကြီး - "ဒါဖြင့် မောင်ဘဦးဟာ တွဲကွာနေတဲ့ ၅-နှစ်အတွင်းမှာ ရန်ညှိုးမပြေနိုင်ဘဲ တွေ့သည်နှင့်တစ်ပြိုင်နက် သတ်တယ် လို့ ဆိုချင်တာပေါ့"
ခင် - "ဒီလိုပဲ ထင်ပါတယ်"
ကြီး - "နံနက်လင်းအားကြီးအချိန်မှာ ကန်ပေါင်ရိုးပေါ်မှာ ဒီလူ နှစ်ယောက် တွေ့ဆုံကြဖို့ မခဲယဉ်းပေဘူးလား"
ခင် - "မခဲယဉ်းပေမယ့် စေကန်မှုချ သူတို့နှစ်ယောက်တွေ့ဆုံမိ တယ်ဆိုတာ ကျွန်မသိရပါတယ်၊ မြင်တဲ့လူတလဲ မြင်ပါ တယ်"

ဤနေရာ၌ တရားသူကြီးသည် အမှုလိုက်ပုလိပ်အရာရှိနှင့် တီးတိုး တိုင်ပင်ကြ၍ ခင်ခင်ကြီးကိုထိုင်စေပြီးလျှင် မုဆိုးမ မသဉ်းထုံဆိုသူကို စစ်ဆေးကြလေ၏၊ မသဉ်းထုံမှာ အသက်-၄၀ခန့်ရှိ၍ ခပ်ကြမ်းကြမ်းနှင့် ချောသည့် လုံးကြီးပေါက်လှ မိန်းမကြီးတစ်ယောက်ဖြစ်၏၊

ကြီး - "ပထမယောက်ျားက မြေတိုင်းစာရေးကြီး ဟုတ်စ"
ထုံ - "မှန်ပါတယ်၊ ဒုတိယ ယောက်ျားက ဦးသောကြာပါတဲ့ ဦးထွန်းမြည့်ရဲ့ တပည့်ပါ"
ကြီး - "ဒီရွာသူနော်"
ထုံ - "မှန်ပါတယ်"
ကြီး - "ဒီရွာက လူတွေကို အားလုံးသိတာပေါ့"
ထုံ - "သိပါတယ်"
ကြီး - "မောင်ဘဦးကို သိတာပေါ့"
ထုံ - "သိပါတယ်"
ကြီး - "တနင်္လာနေ့က မောင်ဘဦး ပြန်ရောက်လာပြီး အင်္ဂါနေ့ နံနက်က မြင်လိုက်သလား"
ထုံ - "မြင်လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

ကြီး - "ဘယ်အချိန်လောက်မှာလဲ"

ထုံ - "၅-နာရီ ထိုးခါနီးလောက်ပါပြီ"

ကြီး - "ဘယ်အနားမှာ မြင်လိုက်ရသလဲ"

ထုံ - "ကျွန်မတို့အိမ်ရှေ့ကဖြတ်ပြီး လမ်းလျှောက်သွားပါတယ်"

ကြီး - "မယ်မင်းက ဒီလောက်စောစော ဘာကြောင့်ထနေသလဲ"

ထုံ - "ဈေးဝယ်သွားမယ့်နေ့ဖြစ်လို့ ကြက်တွေကျွေးရင်း ထရပါတယ်"

ကြီး - "သူလမ်းလျှောက်တာ ဘယ်ဘက်လျှောက်သွားသလဲ"

ထုံ - "ပိန္နဲကုန်းရွာဘက်လျှောက်သွားပါတယ်"

ကြီး - "ရွာကို သူပြန်ရောက်တဲ့အကြောင်းကြားပြီးပြီလား"

ထုံ - "ကြားပြီးပါပြီ"

ကြီး - "မယ်မင်း မြင်လိုက်တဲ့လူဟာ မောင်ဘဦးမှန်ရဲ့နော်"

ထုံ - "မှန်ပါတယ်"

ကြီး - "ဘယ်လိုအဝတ်အစားမျိုးဝတ်သလဲ"

ထုံ - "ကာကီရှပ်အကျႌကို လက်ပင့်လို့ တရုတ်ပိုးဘောင်းဘီနဲ့ ဒုတ်ကောက်ကိုင်လို့"

ကြီး - "သေချာရဲ့နော်"

ထုံ - "သေချာပါတယ်"

ရင်းနောက် ထိုအမှုကို စုံထောက်လျက်ရှိသော ရာဇဝတ်အုပ် မောင်သန်းထွန်းဆိုသူကို စစ်ဆေးလေရာ၊ မောင်သန်းထွန်းမှာ အစိုးရငွေတိုက်မှ ငွေတစ်သောင်းပျောက်ဆုံးမှုတွင် စစ်ဆေးစုံထောက်ရန်အတွက် ရန်ကုန်ပုလိပ်ဌာနမှ အထူးစေလွှတ်လိုက်သော စုံထောက်အရာရှိဖြစ်၍ ကသာမြို့ဌာနာအုပ်က ရာဇဝတ်ဝန်ထံ အထူးအခွင့်တောင်းပြီးလျှင် ထိုလူသတ်မှုတွင် စုံထောက်ရန် လွှဲအပ်ခြင်းခံရသူ ဖြစ်လေသည်၊

ကြီး - "သေသူမောင်သန်းတင်ရဲ့ အလောင်းမှ အဝတ်များကို

သေချာစွာကြည့်ရှုပြီးပြီလား"

ထွန်း - "ကြည့်ရှုပြီးပါပြီ"

ကြီး - "ဘာများတွေ့ရပါသလဲ"

ထွန်း - "ငွေစက္ကူ ၁၀ဝိ တန် ၃ချပ်၊ ၁ဝိ တန် ၅ချပ်၊ ငွေဒင်္ဂါး ၃ကျပ်၊ မူးစေ့ မတ်စေ့ ၇ပဲဖိုး၊ သားရေအိတ် ၂လုံး၊ ခေတ်မီးခြစ် တစ်လုံး၊ ရွှေလက်ပတ်နာရီ တစ်လုံး၊ သော့တစ်ချောင်း၊ သားရေအိတ်ထဲမှ စာများတွေ့ရပါတယ်"

ကြီး - "ဘယ်နှစောင်လဲ"

ထွန်း - "စာ ၃စောင်တွေ့ရပါတယ်"

ဟုပြော၍ မောင်သန်းထွန်းသည် သားရေအိတ်ငယ်တစ်ခုမှ စာများကို ထုတ်ပြလေ၏၊

ကြီး - "လူဘယ်နှဦးထံက စာများလဲ"

ထွန်း - "လက်ရေးတစ်မျိုးတည်းဖြစ်၍ လူတစ်ဦးတည်းရေးတဲ့စာတွေဖြစ်ပါတယ်"

ကြီး - "ဘယ်သူ့ဆီက စာတွေလဲ"

ထွန်း - "ဝန်ထောက်ကတော် ခင်ခင်ကြီးက အပျိုစင်ဘဝက ရေးခဲ့တဲ့ စာများဖြစ်ပါတယ်၊ ခင်ခင်ကြီးကို ပြကြည့်တော့ သူရေးဖူးတဲ့ စာတွေဖြစ်ကြောင်း ဝန်ခံပါတယ်"

ကြီး - "ဒုတိယ သားရေအိတ်ထဲမှာကော ဘာများတွေ့ရသေးသလဲ"

ထွန်း - "မောင်ဘဦးက မောင်သန်းတင်ထံ ရေးပေးဖူးတဲ့ စာတစ်စောင် တွေ့ရပါတယ်"

ကြီး - "ပြစမ်းပါ ကြည့်ပါရစေ"

တရားသူကြီးသည် မောင်သန်းထွန်းလက်မှ စာကိုယူ၍ ဖတ်ကြည့်ရာ အောက်ပါအတိုင်းတွေ့ရှိရလေ၏၊

www.burmeseclassic.com

www.burmeseclassic.com

တာရေးလိုက်သည်
"မောင်သန်းတင်"

မင်းသည် အလွန်ယုတ်မာသော လူတစ်ယောက်ဖြစ်သောကြောင့် မြေပေါ်၌ ကြာကြာထားလျှင် မြေလေးလိမ့်မည်၊ သို့ဖြစ်၍ မင်းကို ဝါယနေ့ဖြစ်စေ၊ နက်ဖြန်ဖြစ်စေ၊ နောင်နှစ်ဖြစ်စေ၊ နောက် ၅နှစ် ၁၀နှစ် ကြာမှဖြစ်စေ တွေ့ရာအရပ်မှာ သတ်ရလိမ့်မည်၊ မင်းနှင့်ငါတွေ့ရာအရပ်သည် မင်း၏သင်္ချိုင်းမှတ်ပေလော့၊

"အဦး"

တာကိုဖတ်ပြီးနောက် တရားသူကြီးသည် မောင်သန်းထွန်းကို ထိုင်စေ၍ ဆက်လက်စစ်ဆေးလေ၏၊

ကြီး - "ဒီစာကို မောင်မင်း ရေးဖူးသလား၊"
ဦး - "ရေးပါတယ်"
ကြီး - "ရေးတဲ့အတိုင်း သတ်ဖို့အကြံရှိသလား"
ဦး - "ရေးတုန်းကတော့ သတ်ဖို့အကြံ ရှိဖူးပါတယ်"
ကြီး - "ရေးပြီးနောက်တစ်နေ့တွေ့ရင် သတ်ဖြစ်မလား၊"
ဦး - "သတ်မိလိမ့်မယ် ထင်ပါတယ်"
ကြီး - "နောက်တစ်နှစ်မှာ တွေ့ရင်ကော"
ဦး - "သတ်ကောင်းမှ သတ်မိပါလိမ့်မယ်"
ကြီး - "နောင် ၉နှစ်မှာတွေ့ရင်ကော"
ဦး - "ဘယ်နည်းနှင့်မျှ ကျွန်တော် သတ်ဖြစ်မည် မဟုတ်ပါ"
ကြီး - "မသင်းထုံပြောသွားတဲ့အတိုင်း အင်္ဂါနေ့ နံနက်စောစော အချိန်မှာ ပိန္နဲကုန်းရွာဘက်သို့ လျှောက်သွားခဲ့သလား"
ဦး - "သွားပါတယ်"
ကြီး - "ခြောက်လုံးပြူးသေနတ် လိုင်စင်ရှိသလား"
ဦး - "ကျွန်တော့်မှာ မရှိပါ၊ ဖခင်မှာ ရှိပါတယ်"

ကြီး - "ဒီစာကိုရေးစဉ်အခါက မောင်သန်းတင်အပေါ်မှာ စိတ်ဆိုးဖို့အကြောင်းရှိသလား"
ဦး - "အင်မတန် စိတ်ဆိုးဖို့အကြောင်းရှိပါတယ်၊ ခင်ခင်ကြီးဆီမှာ ကျွန်တော့်အကြောင်းကို မဟုတ်မတရားလီဆယ်ပြီး တုန်းတိုက်ထားတယ်လို့ ထင်မိပါတယ်"
ကြီး - "အခုကော ဒီလိုထင်တုန်းပဲလား၊"
ဦး - "အခုတော့ မထင်တတ်ပါ"
ကြီး - "စိတ်ပြေသွားလို့လား၊"
ဦး - "သူကုန်းတိုက်ကြောင်း မသေချာလို့ပါ"
ကြီး - "ဝါဖြင့် စာရေးတုန်းကတော့ အထင်လွဲပြီး ရေးခဲ့မိတာ ပေါ့"
ဦး - "ဟိုတုန်းကတော့ ကေ္ကာကုန်းချောတဲ့ လူတစ်ယောက်လို့ ယူဆမိပါတယ်၊ နောက်တော့ မသေချာတော့ပါ၊ မဟုတ်ဘူး၊ ဟုတ်တယ် မပြောနိုင်တော့ပါ"
ကြီး - "အကယ်၍ မောင်သန်းတင်ကို ယခုနေအခါမှာတွေ့ရင် ဘယ်လိုလုပ်မလဲ"
ဦး - "ယခုအခါမှာတွေ့ရင် လက်ဆွဲနှုတ်ဆက်ပြီး ဟိုရှေးတုန်းက မိုက်မှားပြီး အထင်လွဲခဲ့မိတဲ့အတွက် တောင်းပန်စကား ပြောချင်ပါတယ်"
ကြီး - "ပြန်ရောက်လာပြီးတဲ့နောက် မောင်သန်းတင်နဲ့ တစ်ခါမှ မတွေ့ရဘူးလား"
ဦး - "မတွေ့ရပါ၊ ကသာမှ ထွက်မသွားကြမီ လွန်ခဲ့တဲ့ ၅နှစ် ကျော်လောက်က နောက်ဆုံးတွေ့ရခြင်းဖြစ်ပါတယ်"
ကြီး - "မောင်သန်းတင်သေဆုံးခြင်း အကြောင်းနဲ့ပတ်သက်ပြီး ဘယ်လို ထင်မြင်ချက်များပေးစရာရှိသလဲ"
ဦး - "ဘာမှ ပြောစရာမရှိပါ"

www.burmeseclassic.com

www.burmeseclassic.com

ကြီး - "မောင်သန်းတင် သေဆုံးရခြင်းဟာ မောင်မင်းနဲ့ ဘာမှ မသက်ဆိုင်ဘူးပေါ့"

ဦး - "ဘာမှ မသက်ဆိုင်ပါ"

ၡင်းနောက် ဌာနာအုပ်နှင့် မောင်သန်းထွန်းတို့သည် ဟိုတယ်ပိုင်ရှင် ဟစ်ပလုံဆိုသူ တရုတ်လူမျိုးကို စစ်ဆေးရန် တင်သွင်းကြလေ၏။

ကြီး - "မောင်သန်းတင်ကို ဘယ်တုန်းက စသိသလဲ"

လုံ - "ကျောင်းသားတုန်းက ခေါက်ဆွဲကြော်ဝယ်စားကတည်းက သိပါတယ်"

ကြီး - "ကသာမြို့က သူထွက်သွားတာကောသိလား"

လုံ - "ကြားမိပါတယ်"

ကြီး - "သူပြန်ရောက်လာပြီးတဲ့နောက် ဘယ်နေ့ကတွေ့သလဲ"

လုံ - "တနင်္လာနေ့ညက ဟိုတယ်ကို လာလို့ တွေ့ရပါတယ်"

ကြီး - "ဟိုတယ်မှာ ဘယ်အချိန်က ဘယ်အချိန်ထိ နေသလဲ"

လုံ - "တနင်္လာနေ့ည ၁၂နာရီလောက်ကစပြီး အင်္ဂါနေ့ နံနက် ၃နာရီခွဲလောက် ထိအောင် ဟိုတယ်မှာ သူရှိပါတယ်"

ကြီး - "ဟိုတယ်ကို သူတစ်ယောက်တည်း လာသလား"

လုံ - "လာတော့ တစ်ယောက်တည်းလာပြီး ဟိုတယ်ကျတော့ မှဆုံကြပါတယ်"

ကြီး - "ဟိုတယ်မှာ ဘယ်သူနဲ့တွေ့သလဲ"

လုံ - "၁၂နာရီက ၂နာရီအထိ ကိုသန်းတင်ဟာ လူတစ်ယောက်နဲ့စကားပြောနေပါတယ်၊ ၂ နာရီထိုးတော့ လူတစ်ယောက် တိုးလာပြီး သုံးယောက်ဖြစ်လာပါတယ်"

ကြီး - "မောင်သန်းတင်အပြင် လူနှစ်ယောက်ပေါ့၊ ဘယ်သူများလဲ သိသလား"

လုံ - "ကျွန်တော် မသိပါ"

ကြီး - "ဒီမြို့ပေါ်ကလူတွေ မဟုတ်ဘူးပေါ့"

လုံ - "ဟုတ်မယ်မထင်ပါ၊ တစ်ယောက်ကို မျက်နှာမြင်ရပါတယ်၊ တစ်ယောက်ကိုတော့ ကျောကိုသာ ကျွန်တော်မြင်ရပါတယ်"

ကြီး - "တနင်္လာနေ့ညက ရထားဆိုက်ပြီးတဲ့နောက် ပုဆိုးရှည်နဲ့ ခေါင်းပေါင်းနဲ့၊ ဖုတ်ကောက်နဲ့ အားကြီးခဲ့တဲ့ လူကြီးတစ်ယောက် လာပါတယ်၊ စု့အတွက် အိပ်ဖို့ အခန်းတစ်ခုပြင်ထားဖို့ပြောပါတယ်၊ စားစရာများလဲ ကောင်းကောင်း ကြော်ထားဖို့ မှာထားပြီး ငွေစက္ကူ ၁၀၀တန် တစ်ချပ် စရံပေးထားခဲ့ပြီး ထွက်သွားပါတယ်၊ ည ၁၁နာရီခွဲလောက်မှာ လူကြီးရောက်လာလို့ ကျွန်တော်က ဝက်အူချောင်း၊ ဝက်သားကင်၊ အစိမ်းကြော်၊ ဝီစကီ တစ်ပုလင်း၊ ဆိုဒါနှစ်လုံး ထုတ်ပေးပြီး လူကြီးက စားပွဲပေါ်မှာသောက်နေပါတယ်၊ ၁၂နာရီကျော်ကျော်လောက်မှာ ကိုသန်းတင် ရောက်လာပြီး လူကြီးနဲ့အတူ စကားပြောနေကြပါတယ်"

ကြီး - "ပေါက်ဖော်ကို နှုတ်ဆက်သေးသလား"

လုံ - "နှုတ်ဆက်ပါတယ်၊ ပေါက်ဖော်ကြီး မာရဲ့လားတဲ့ နှုတ်ဆက်ပြီး လူကြီးနဲ့အတူတူစားသောက်နေကြပါတယ်"

ကြီး - "ဘာစကားပြောကြသလဲ ပေါက်ဖော် ကြားသလား"

လုံ - "အရောင်းအဝယ်စကားမျိုးထင်ပါတယ်၊ ကျွန်တော် ကောင်းကောင်းနားမထောင်ပါ၊ နာရီပြန်တစ်ချက် လောက်မှာ ကျွန်တော်အိပ်တော့မယ် ဘာများအလိုရှိစေးစလဲလို့ ဝင်မေးတော့ လူကြီးက ဝက်အူချောင်းနည်းနည်း ကြော်ပေးပြီး အိပ်တော့ဆိုလို့ ကျွန်တော်က ကြော်ပေးပြီး အိပ်ပါတယ်"

ကြီး - "တတိယ တစ်ယောက်လာသေးတယ်ဆို၊ ဘယ်အချိန် ရောက်လာသလဲ"

www.burmeseclassic.com

www.burmeseclassic.com

လုံ - "ကျွန်တော်က စိတ်မချလို့ ကောင်းကောင်းအိပ်မပျော်နိုင်တာနဲ့ နာရီပြန် ၂ချက်လောက်မှာ ထကြည့်တော့ လူစုံးယောက်ဖြစ်နေကြတယ်"

ကြီး - "တတိယလူရဲ့ မျက်နှာကိုပေါက်ဖော် မမြင်ရဘူးပေါ့"

လုံ - "စုက ကျွန်တော့်ဘက်မလှည့်ဘူး၊ ဟိုဘက်လှည့်ထိုင်နေလို့ စု့မျက်နှာကို ကျွန်တော် မမြင်ရဘူး"

ကြီး - "ပထမလူကြီးက မိတ်ဆွေတစ်ယောက်လာလိမ့်မယ်လို့ ပြောပြီး၊ နှစ်ယောက် ဖြစ်နေလေတော့ တတိယလူဟာ သူ့အသာ လာတာပေါ့"

လုံ - "ဟုတ်ပါတယ် အရက်သောက်ဖို့ ဖန်ခွက်နှစ်လုံးသာ တောင်းပါတယ်၊ စုံးယောက်လူဟာ စုခေါ်ထားတယ် မဟုတ်ပါဘူး"

ကြီး - "နောက်တော့ ဘာဖြစ်သေးသလဲ၊ ပြောပါဦး"

လုံ - "စုံးနာရီခွဲ လေးနာရီလောက်မှာ စုတို့ခြေသံတွေကြောင့် လန့်နိုးပြီး၊ ထကြည့်လိုက်တော့ စုတို့ စုံးယောက်လုံးဟိုတယ်က ဆင်းပြီး၊ လမ်းပေါ်ရောက်နေကြတာ မြင်ရပါတယ်"

ကြီး - "မှောင်နေတယ် ဟုတ်လား၊ မီးရှိသလား"

လုံ - "ဟိုတယ်ရှေ့မှာ လမ်းမီးတိုင်ရှိလို့ မြင်ရပါတယ်"

ကြီး - "သူတို့ဘာလုပ်နေကြသလဲ"

လုံ - "မြစ်ဆိပ်ဘက်ကို လမ်းလျှောက်သွားကြတာ မြင်ရပါ တယ်"

ကြီး - "တတူတူတွဲလျက်လား"

လုံ - "ကိုသန်းတင်က အလယ်က လူကြီးကညာဘက်က ဟိုလူက ဘယ်ဘက်က လျှောက်သွားကြပါတယ်"

ကြီး - "တတိယလူကို မြင်ဖူးလား"

လုံ - "မျက်နှာကို ကျွန်တော်မမြင်ရပါ၊ မြင်တော့မြင်ဖူးတယ်

ထင်ပါတယ်"

ကြီး - "မင်းသိတဲ့ လူထဲကလား"

လုံ - "လမ်းလျှောက်ပုံ၊ အရပ်မြင့်ပုံကို ကျွန်တော်သိတယ် ထင်ပါတယ်"

ကြီး - "ဘယ်သူနဲ့ တူသလဲ"

လုံ - [တွေးတောဆိုင်းလင့်လျက်] "ကိုဘဦးနဲ့တူပါတယ် ထင်တယ်"

ကြီး - "ဘာတူသလဲ"

လုံ - "လမ်းလျှောက်ပုံ၊ အရပ်မြင့်ပုံ တူတယ် ထင်ပါတယ်၊ သို့သော် အမှန် မပြောနိုင်ပါ"

ကြီး - "ကောင်းပြီ ပထမလူကြီး ဘယ်အချိန်လောက်ပြန်လာသလဲ"

လုံ - "ပြန်မလာတော့ပါ"

ကြီး - "သူပေးထားတဲ့ ၀၀၀ တန် စက္ကူကော"

လုံ - "ရှိပါတယ်၊ လာမယူသေးပါ"

ကြီး - "ပြစမ်း၊ မိစက္ကူ"

ဟစ်ပလုံသည် ၀၀၀ တန် စက္ကူကို ထုတ်ပြသဖြင့် တရားသူကြီးလည်း သိမ်းထားလိုက်လေ၏၊ ထို့နောက် . . .

ကြီး - "နိုပြင် ဘာပြောစရာ ရှိသေးသလဲ"

လုံ - "သူတို့ ဆင်းသွားလို့ စားပွဲခန်းထဲ ဝင်ကြည့်တော့ စားပွဲပေါ်မှာ ဟောဒီ ဆေးတံတစ်ချောင်းကို တွေ့ရပါတယ်"

ဟုပြော၍ တရားသူကြီး၏လက်သို့ဆေးတံတစ်ချောင်းကို အပ်လိုက်လေ၏၊ ပရိသတ်တို့လည်း တရားသူကြီး၏လက်မှ ဆေးတံကိုစိုက်စေ၍ကြည့်နေကြရာ ဆေးတံမှာ တနိုးရှည်ရှည် မိုးကြိုးကျွပ်၍ထားသော 'ထံဝါတိုး' ခေါ် အများတောင်း ဆေးတံမျိုးဖြစ်ကြောင်း တွေ့မြင်ကြရ[illegible]

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

အခန်း [၆]

တရားသူကြီးသည် ဆေးတံကို ဌာနာအုပ်၏လက်သို့ ကမ်းပေးလိုက်သဖြင့် ပုလိပ်အရာရှိများနှင့် စုံထောက်မောင်သန်းထွန်းတို့လည်း တစ်လက်မှ တစ်လက်သို့ ကူးပြောင်းကာ ကြည့်ရှုနေလေ၏၊ တရားသူကြီး က စစ်ဆေးရန် သက်သေများကုန်ပြီဖြစ်၍ မိမိရေးမှတ်ထားသော အမှုတွဲများကို သိမ်းယူပြီးလျှင် ထိုနေ့အတွက် စစ်ဆေးခြင်းကိစ္စကို ပိတ်လိုက်ပြီ ဟု ပြောလိုက်သည်နှင့် ပရိသတ်တို့သည် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ စသည်ဖြင့် အိမ်ပေါ်မှ ဆင်းသွားကြလေ၏၊ တရားသူကြီးနှင့် ပုလိပ်အရာရှိများတို့မူ မောင်သူတော် မောင်နှမတို့က လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံလေ၏၊

လက်ဖက်ရည်သောက်ကြပြီးသော် တရားသူကြီးလည်း နှုတ်ဆက်၍ ထွက်သွားလေရာ ပုလိပ်အရာရှိများနှင့် မတင်ကြည်တို့ မောင်နှမကား အမှုအကြောင်းကို ဆက်လက်၍ ဆွေးနွေးတိုင်ပင် နေကြလေသေး၏၊

မတင်ကြည်သည် ငယ်ရွယ်သူ မိန်းကလေးတစ်ယောက်မျှသာ ဖြစ်သော်လည်း သွက်လက်ချက်ချာသူကလေးသာ ဖြစ်၍ မောင်သူတော်နှင့် ဌာနာအုပ်တို့ စကားပြောလျက်ရှိကြသည်အတွင်း စုံထောက်မောင်သန်းထွန်းကို တစ်ယောက်တည်းခွဲ၍ မေးခွန်းထုတ်နေလေ၏၊

ကြည် - "ကျွန်မ တစ်ခုမေးပါရစေရှင်၊ အစ်ကိုကြီး ကိုသန်းတင်ရဲ့ အလောင်းကို စစ်ဆေးစဉ်က တွေ့ရှိရသမျှ ပစ္စည်းစာရင်းကို ရှင်အားလုံး ပြောပြရဲ့လား"

ထွန်း - "ပြောပြပါတယ်"

ကြည် - "တစ်ခုမျှ မကျန်ဘူးလား"

ထွန်း - "မကျန်ပါ"

ကြည် - "ဒါဖြင့် လက်စွပ်တွေ အကြောင်းကော"

ထွန်း - "ဩော် ကျုပ်က သူ့အိတ်ထဲမှာတွေ့တဲ့ ပစ္စည်းတွေ အကြောင်းကိုသာ ပြောပြပါတယ်၊ သူ့လက်မှာတော့ စိန်လက်စွပ်တစ်ကွင်း တွေ့ရပါသေးတယ်"

ကြည် - "လက်စွပ်တစ်ကွင်းမကဘူး၊ နှစ်ကွင်းရှင့်၊ ဘယ်တစ်ကွင်း ညာတစ်ကွင်း ဝတ်ထားပါတယ်"

ထွန်း - "ကျုပ်တော့ဖြင့် ဘယ်ဘက် လက်သူကြွယ်မှာ စိန်လက်စွပ်တစ်ကွင်းထဲတွေ့မိပါတယ်"

ကြည် - "မဟုတ်သေးဘူးရှင့်၊ နှစ်ကွင်းတွေ့ရမယ်၊ ညာဘက်လက်မှာ ကြောင်လက်စွပ်တစ်ကွင်း၊ ဝတ်ထားလို့ ကျွန်မကတောင် ပြောလိုက်မိသေးတယ်"

ထွန်း - "ကျုပ်တော့ဖြင့် မတွေ့ရဘူး"

ကြည် - "အဲဒီလက်စွပ်ကလေ ရိုးရိုးလက်စွပ် မဟုတ်ဘူးရှင့်၊ ကြောင်လက်စွပ်ကလေးရှင့်၊ သိပ်ဆန်းတာပဲ၊ မင်းကတော် ခင်ခင်ကြီးဝတ်တဲ့ လက်စွပ်နဲ့ တထေရာထဲပဲ"

ထွန်း - "ဩော် ဟုတ်ကဲ့လား၊ ဝန်ထောက်ကတော်လဲ ဒီလက်စွပ်မျိုး ဝတ်တတ်တယ်လား"

ကြည် - "အမြဲဝတ်ထားတယ်၊ ဘယ်တော့မှ မချွတ်ဘူး"

ထွန်း - "ကောင်းပါပြီ ဒီအချက်ရော ကျုပ်သတိပြုပြီး စုံစမ်းပါဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

ထိုခဏ၌ အသက် ၂၅နှစ်ရှိ၊ လူတစ်ယောက်သည် အိမ်ထဲသို့ ဗျာယီးဗျာယာ ဝင်လာ၍ ပုလိပ်အရာရှိများအား နှုတ်ဆက်ပြီးလျှင်

ထိုလူ - "ခွကျလိုက်တာ ခင်ဗျာ၊ ကျွန်တော်ခရီးလွန်နေလို့ ဝန်ထောက်မင်း စစ်ဆေးတာကို ကျွန်တော်မမီလိုက်ရဘူး၊ ကျွန်တော့်နာမည် မောင်ထဇင်ပါတဲ့၊ သူ့ရိယသတင်းထောက်ပါပဲ၊ ဟစ်ပလုံဟိုတယ်မှာ ဆေးတံတစ်ချောင်းတွေ့တယ်ဆို တဆိတ်လောက် ကြည့်ပါရစေခင်ဗျာ"

ထွန်း - "ဌာနာအုပ်မင်း သိမ်းထားပါလိမ့်မယ်၊ ပြလိုက်ပါခင်ဗျာ"

ထိုအခါ ဌာနာအုပ်သည် ရင်းအမှုနှင့်ပတ်သက်သော ပစ္စည်းများကို သိမ်းထားသည်ဖြစ်၍ အိတ်ထဲတွင် လက်ကိုင်ပဝါတစ်ထည်နှင့် ထုပ်ထားသော အထုပ်ကလေးကို ဖြေပြလေရာ ဆေးတံကို အထုပ်တွင် မတွေ့ရဘဲ ဖြစ်နေလေ၏၊

ထွန်း - "ဟိုက် ခွကျကုန်ပြီ၊ ဒီအထဲမှာ ထည့်မှ ထည့်မိရဲ့လား ခင်ဗျာ"

အုပ် - "ထည့်လိုက်တယ် ထင်တာပဲ"

ထွန်း - "မဟုတ်ဘူးလေ၊ လူတွေကိုပြပြီးစားပွဲပေါ်မှာ တင်ထားသေးတယ် မဟုတ်ဘူးလား"

အုပ် - "စားပွဲပေါ်မှာတော့ တင်ထားမိသေးတယ်"

ထွန်း - "ဒါဖြင့် စစ်ဆေးပြီးလို့ ပရိသတ်တွေ ဆင်းသွားတော့ စားပွဲနားကပ်ပြီး ဆင်းသွားကြလေတော့ တစ်ယောက်ယောက်က ကောက်ယူသွားပြီထင်တယ်"

အုပ် - "ဘယ်သူကောက်ယူလိမ့်မလဲ"

ထွန်း - "ဘယ်သူရယ်လို့ မဆိုနိုင်ဘူးလေ၊ ဆေးတံရှင်သော်လည်းကောင်း၊ သူ့မိတ်ဆွေ တစ်ယောက်ယောက်သော်လည်းကောင်း ကောက်ယူသွားမှာပေါ့"

အုပ် - "ခြေရာပျောက်တဲ့ သဘောနဲ့ပေါ့လေ"

ထွန်း - "အစစ်ပဲ ပေါ်နေတဲ့ သဲလွန်စကလေးကို ပျောက်ပစ်လိုက်သလို ဖြစ်နေတော့တာပေါ့"

အုပ် - "သိပ်ခွကျတယ်ဗျာ၊ အထက်က ကျွန်တော့် ကြိမ်းတော့မှာပဲ"

ထွန်း - "ကြိမ်းမှာတော့ သေချာတယ်၊ သို့သော် ကျွန်တော်ပေါ်အောင် လိုက်ပါဦးမယ်လေ"

ပုလိပ်အရာရှိများနှင့် စုံထောက် မောင်သန်းထွန်းတို့သည် အသုဘအိမ်မှ ထွက်လာခဲ့ကြ၍ ဌာနာအုပ်တို့ လူစုသည် ဌာနာသို့သွားကြလေရာ မောင်သန်းထွန်းမှာမူ ဟစ်ပလုံ၏ ဟိုတယ်သို့ သွားလေ၏၊

ထွန်း - "လာပါဦး ပေါက်ဖော် ဟိုဆေးတံဟာပျောက်သွားပြီ၊ ဆေးတံကို ပေါက်ဖော် သေသေချာချာကြည့်လိုက်မိတယ် မဟုတ်လား"

လုံ - "စေစေချာချာ ကြည့်တာပေါ့ဗျ"

ထွန်း - "အံဝါဘိုး ဆိုတဲ့ နာမည်ပါတယ်နော်"

လုံ - "နာမည်လဲပါတယ်၊ မိုးကြိုးလဲ ကွပ်တယ်၊ ကျွန်တော်မြင်ရင် မှတ်မိပါတယ်ဗျာ"

ထွန်း - "ဘယ်လို အမှတ်အသားများပါလို့လဲ"

လုံ - "အမှတ်အသားပါတယ် ကျုပ်စားကလေးက ဆေးတံကို ယူဆောလို့ ထိပ်နားမှာ စံချောင်းနဲ့ ထိုးမိတဲ့ခြစ်ရာကလေး တစ်ခုပါတယ်၊ မြင်ရင် ကျွန်တော် မှတ်မိပါတယ်"

ထိုအတောအတွင်း၌ ရင်းဟိုတယ် အခြားသော စားပွဲခန်းတစ်ခန်းတွင် လူတချို့တို့သည် စားစရာများကို မှာယူစားသောက်ရင်း မောင်သန်းတင်သတ်မှု အကြောင်းကို အမျိုးမျိုးထင်မြင်ချက်ပေးကာ ဆူညံစွာပြောဆိုလျက် ရှိကြသည်ကို မောင်သန်းထွန်းမှာ စိုက်၍ နားထောင်မိလေ၏၊

တစ်ယောက် -"ကိုဘဦးကိုတော့ မဖမ်းဘူးဗျ၊ ခင်ခင်ကြီးပြောပုံတော့

www.burmeseclassic.com

www.burmeseclassic.com

သူ့ကို မသက်ာစရာ မကောင်းဘူးလား"

တစ်ယောက် -"ဘာလုပ်ဖမ်းလိမ့်မှာလဲဗျ၊ သူပြောတိုင်းယုံရမှာလား၊ ကျုပ်ကတော့ ခင်ခင်ကြီးကို မယုံဘူး၊ အင်မတန် ရှုပ်တဲ့ မိန်းမပဲ၊ သူမုန်းတဲ့လူကို ချောက်တွန်းရင် တွန်းမယ့် မိန်းမဗျ"

တစ်ယောက် -"ခင်ဗျားတွေးတာမှန်တယ်၊ ကျုပ်ကတော့ ဒီလူ သတ်မှုဟာ သူနဲ့ ပတ်သက်တယ်လို့ကို ထင်တယ် မဟုတ်တော့မှ လွဲရော"

တစ်ယောက် -"ကျုပ်လဲ ဒီလိုပဲ တွေးမိတယ်ဗျို့"

တစ်ယောက် -"ဒီလိုချည်းလဲ မတွေးကြနဲ့လေ၊ ကိုသန်းတင်ဆိုတဲ့ လူက တော်တော်ရှုပ်တဲ့ လူဗျ၊ ဟိုမိန်းကလေးနဲ့ ကြိုက်၊ ဒီမိန်းကလေးကို ဖျက်ဆီး၊ သူနဲ့ မကြိုက်တဲ့ မိန်းမ မရှိသလောက်ပဲ၊ တော်တော်ကြာတော့ ဘယ် သူမှမယူဘူး၊ အားလုံးပစ်ပြီး ထွက်ပြေးသွားရော"

တစ်ယောက် -"ဟုတ်တယ်ဗျို့ မိန်းမမှုနဲ့ ပတ်သက်ပြီး သူ့ကိုမကျေ နပ်တဲ့လူတွေ ပြည့်လို့"

ဤင်းနောက် လူများသည် အခြားစကားများကို ရောက်တတ်ရာရာ ပြောဆိုကြပြန်လေရာ မောင်သန်းထွန်းသည် ဟာစ်ပလုံကို နှုတ်ဆက်၍ ခင်ခင်ကြီး၏ နေအိမ်သို့ ရှေ့ရှုထွက်လာခဲ့လေ၏။

ခင်ခင်ကြီး၏အိမ်မှာ ယခင်က နယ်ပိုင်ဝန်ထောက်တစ်ဦး နေထိုင်ခဲ့ဖူးသောအိမ်ကြီးဖြစ်၍ ဥယျာဉ်ပန်းမာန်စသည်ဖြင့် သာယာစွာ စိုက်ပျိုးပြုပြင်ထားသည့် ဝင်းကြီးအတွင်း တည်ရှိလေရာ မောင်သန်းထွန်းသည် အိမ်ရှေ့မှ ဝင်သွားသောအခါ သူငယ်မတစ်ယောက်ထွက်လာ၍ မင်းကတော် မကျန်းမာသောကြောင့် မည်သူနှင့်မျှ အတွေ့မခံလိုကြောင်း ပြောဆိုလေ၏။

ထွန်း - "အတွေ့မခံလို့ မဖြစ်ဘူး၊ တိစ္စအရေးကြီးတယ်လို့ ပြော

လိုက်ပါ"

မိန်းကလေး - "ရှင်ဘယ်သူလဲ"

ထွန်း - "ရန်ကုန်က စုံထောက် မောင်သန်းထွန်းတဲ့"

ထိုအခါ သူငယ်မသည် အိမ်ပေါ်သို့တက်သွား၍ အကျိုးအကြောင်း ပြောပြလေရာ မောင်သန်းထွန်းသည် ညှိုခန်းတွင် တစ်ယောက်တည်း ထိုင်နေရစဉ် ခမ်းနားသပ်ယပ်စွာ ခင်းကျင်းထားသော အခန်း၏ အခြေအနေကို ကြည့်ရှုရင်း တစ်ခုသောထောင့်တွင် ချိတ်ထားသော နက်ပြာရောင်သက္ကလပ်အကျႌတစ်ထည်ကို တွေ့မြင်ရလေ၏၊ ၎င်းအကျႌကို မြင်သည်နှင့် တစ်ပြိုင်နက် မောင်သန်းထွန်းသည် နံနက်ခင်းအချိန်က သူဌေးဦးထွန်း၏ ဆိုသူဝတ်လာခဲ့သော အကျႌဖြစ်မည်ဟု သတိရသည်နှင့် ထိုင်ရာမှထ၍ အကျႌအိတ်များကို စမ်းသပ်ကြည့်ရှုမိရာ တစ်ဖက်သော အိတ်တွင် ဆေးတံတစ်ချောင်းကို တွေ့ရှိရလေ၏၊ မောင်သန်းထွန်းသည် ဆေးတံကို ထုတ်ယူကြည့်ရှုသောအခါ 'အံဝါဘိုး' ဆေးတံမျိုးဖြစ်သည့်ပြင် ထိပ်ဝတွင် သံနှင့်ခြစ်မိသော အရာတစ်ခုကို မြင်သည်နှင့် ဟာစ်ပလုံပြောဖူးသည်ကို သတိရ၍ နံနက်က အမှုစစ်ဆေးသော အခန်းတွင် ပျောက်သွားသော ဆေးတံဖြစ်ကြောင်း၊ သိရှိရလေ၏၊ ထိုခဏ၌ အိမ်ပေါ်မှ ဆင်းလာသော ခြေသံများကို ကြားရသည်နှင့် မောင်သန်းထွန်းသည် ဆေးတံကို အကျႌအိတ်ထဲသို့ အခြေမပျက်အောင် ပြန်၍ထည့်ထားပြီးလျှင် ကုလားထိုင် ပေါ်တွင် ထိုင်နေလေ၏၊

နောက်တစ်ခဏ၌ ခင်ခင်ကြီးသည် နှာဘူးစီမ်းတစ်လုံးကို လက်တွင်ကိုင်လျက် သူငယ်မနှင့်အတူ ဆင်းလာပြီးလျှင် မောင်သန်းထွန်း အနီးရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်လေ၏၊ သူငယ်မလည်း ငွေဘူးနှင့် ထည့်ထားသော ဂိုးဖလိပ် စီးကရက်များကို စားပွဲပေါ်တွင် တင်ထားပြီး နောက် ထွက်သွားလေ၏၊ ခင်ခင်ကြီးသည် စီးကရက်တစ်လိပ်ကို ကောက် ယူ၍ မီးညှိပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

ခင် - "စီးကရက်သောက်ပါရှင်၊ ကျွန်မက ခေါင်းကလေး နည်းနည်းကိုက်တာနဲ့ အိပ်ရာထဲလှဲနေတုန်း ကိုသန်းထွန်းဆိုလို့ ဆင်းလိုက်လာခဲ့၊ ရန်ကုန်ကမှတ်တယ် ဗီအမှုအတွက် သက်သက်လာခဲ့တယ်မှတ်တယ်"

ထွန်း - "ဟုတ်ကဲ့ ဒီပြင်အမှုတစ်ခုနဲ့ လွှတ်လိုက်လို့ ရောက်နေတုန်းဗီအမှုကို ကိုင်စမ်းပါဦးဆိုလို့ ဆက်လိုက်နေရပါတယ်၊ ညီသည်တွေ ဘယ်သွားကြပါလိမ့်"

ခင် - "တစ်ရေးတမော အိပ်နေကြပါတယ်၊ တွေ့ချင်လို့လား"

ထွန်း - "ကိစ္စမရှိပါဘူး၊ နေကြပါစေ ဒါထက်ကျွန်တော် တစ်ခုမေးပါရစေမင်းကတော် မင်းကတော်လက်က ကြောင်လက်စွပ်နဲ့ ကိုသန်းတင်လက်က ကြောင်လက်စွပ်နဲ့ တဆေရာတည်းတူတယ်လို့ ပြောကြပါတယ် ဟုတ်ကဲ့လား"

ခင် - "တူတာတော့ မပြောနဲ့တော့ ကျောက်နှစ်လုံး အတူတူဝယ်ပြီး ဆင်တူကွင်းဝတ်ထားကြတာပဲ၊ ဟိုတုန်းက အင်မတန်ခင်ကြပြီ၊ ဒီလက်စွပ်ကို မချွတ်တန်း ဝတ်ထားကြဖို့ သစ္စာတောင် ပြုထားကြတယ်"

ထွန်း - "ဟိုညက ကိုသန်းတင်နဲ့တွေ့တော့ သူ့လက်မှာ ဗီလက်စွပ်မျိုးတွေ့လိုက်ပါသေးသလား"

ခင် - "တွေ့လိုက်သားကပဲ ဘာကြောင့်လဲ"

ထွန်း - "သူ့အလောင်းမှာ လက်စွပ် မပါလာဘူး"

ခင် - "အမှုစစ်တုန်းက ဘာမှ မပြောပါကလား"

ထွန်း - "ကျွန်တော်က လက်စွပ်အကြောင်းကို မသိရဘူး၊ မတင်ကြည်ပြောတော့မှ သိရပါတယ်"

ခင် - "အလောင်းမှာ လက်စွပ်မပါဘူး ဟုတ်စ"

ထွန်း - "ကြောင်လက်စွပ် မပါဘူး၊ စိန်လက်စွပ်တော့ တွေ့ရပါ တယ်"

ခင် - "ဒါဖြင့် ကိုဘဦးသတ်ကြောင်း ထောက်ခံချက်တစ်ခု တိုးပြန်တာပဲ"

ထွန်း - "ဘာကြောင့်လဲ မင်းကတော်"

ခင် - "ကိုဘဦးက ကျွန်မတို့ လက်စွပ်တစ်ကွင်းစီဝတ်ပြီး မချွတ်တန်း သစ္စာပြုထားကြတဲ့ အကြောင်းကို သူသိတယ်၊ ဒါကြောင့် လူကိုသတ်ပြီးတဲ့နောက် လက်စွပ်ကို မြင်လေတော့ မနာလိုတဲ့ သဘောနဲ့ ချွတ်ယူသွားတယ်လို့ ကျွန်မထင်တယ်"

ထွန်း - "ဟစ်ပလုံဟိုတယ်မှာ လူနှစ်ယောက်နဲ့ ကိုသန်းတင်တွေ့ တဲ့အကြောင်းကို ကြားမိတယ် ဟုတ်လား၊ ထိုလူများဟာ လူသတ်မှုနဲ့ ပတ်သက်တယ်လို့ မထင်မိဘူးလား"

ခင် - "ဘာမှ မဆိုင်ပါဘူး၊ သတ်တာက ကိုဘဦးဖြစ်မှာပါ"

ထွန်း - "မင်းကတော်နဲ့ တွေ့စဉ်က လူနှစ်ယောက်နဲ့ ချိန်းထားတဲ့အကြောင်း၊ ပြောပြသေးသလား"

ခင် - "ဘယ်သူ ဘယ်ဝါနဲ့လို့တော့ မပြောဘူး၊ ကိစ္စရှိလို့ ချိန်းထားတာ ရှိသေးတယ်လို့တော့ ပြောပါတယ်"

ထွန်း - "ချိန်းထားတဲ့ လူများဟာ မင်းကတော်ရဲ့ ညီသည်ထဲက ဖြစ်နေမလား"

ခင် - "မဖြစ်နိုင်ပါဘူး၊ ကိုသန်းတင်နဲ့ သိတယ်လို့ပြောသံမကြားဖူးပါဘူး၊ တခြားသူ ဘယ်သူမှမဟုတ်ဘူး၊ ကိုဘဦး သတ်မှာပဲ၊ သူ့ကိုသာဖမ်းပြီးချုပ် ခုတောင် ရှင်တို့ မဖမ်းသေးဘူးလား"

ထွန်း - "ဖမ်းခွင့်ရှိတော့ ဖမ်းရမှာပေါ့ မင်းကတော်၊ ကိုင်း ကျွန်တော်ပြန်လိုက်ပါဦးမယ်"

ခင် - "ကောင်းပါပြီ ကျွန်မဆီကို မကြာမကြာလာပြီး အမှု

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကို ပြောပြပါဦးနော်၊ ကျွန်မ ဖင်မတန် သိချင်ပါတယ်"

ထွန်း - "ကောင်းလှပါပြီ"

မောင်သန်းထွန်းသည် မင်းကတော်၏နေအိမ်မှဆင်းလာ၍ မြို့ဘက်သို့အပြန် လမ်းခရီးသို့ရောက်သောအခါ အသက် ၂၅နှစ်အရွယ် လူတစ်ယောက်နှင့် တွေ့၍ မောင်သန်းထွန်းအား စကားပြောလိုဟန်နှင့် စူးစိုက်ကာကြည့်နေလေ၏၊ မောင်သန်းထွန်းသည် ထိုသူ၏ မျက်နှာထားကိုမြင်လျှင် စကားပြောလိုဟန်တူကြောင်း ရိပ်မိသည်နှင့် မိတ်ဆွေဖွဲ့မည်အကြံနှင့်

ထွန်း - "ခင်ဗျားကို ကျုပ်မြင်ဖူးပါတယ်၊ ဒီမြို့သား ဟုတ်ကဲ့လား"

ထိုလူ - "ကျွန်တော် မင်းကတော် ခင်ခင်ကြီးအိမ်က ဗရိုက်ဘာပါပဲ"

ထွန်း - "ဝါကြောင့် မြင်ဖူးတာကိုး၊ လာလေ လက်ဖက်ရည်သောက်ရအောင် လိုက်ခဲ့ပါဦး"

ရိုက် - "လက်ဖက်ရည်တော့ မသောက်ပါရစေနဲ့၊ ကျွန်တော့် အပေါ်မှာ အမှုမပတ်ရင် စကားတစ်ခွန်းလောက်တော့ ပြောချင်တယ်"

ထွန်း - "လူသတ်မှုနဲ့ ပတ်သက်လို့လား"

ရိုက် - "ဟုတ်ပါတယ်"

ထွန်း - "လာစမ်းပါ ဒီသစ်ပင်အောက်ထိုင်ပြီး ပြောပြစမ်းပါဦး၊ မှန်မှန်သာပြော ဘာမှမဖြစ်စေရဘူး၊ စိတ်သာချ"

ရိုက် - "ကိုသန်းတင် အသတ်ခံရတဲ့ တနင်္လာနေ့ညက မင်းကတော်ကို ဘိုင်စကုတ်ကပြန်ပို့ပြီး ကျွန်တော်က မြို့ထဲက ပိုကာဝိုင်းကို သွားတယ်ခင်ဗျာ၊ ပိုကာကစားလို့ ရှုံးလေတော့ ပိုက်ဆံကုန်သွားတာနဲ့ ပိုက်ဆံယူဖို့ အိမ်ပြန်လာတော့ မင်းကတော်ရဲ့ ဝင်းပေါက်က ကုပ်ကုပ်ကုပ်ကုပ်နဲ့ လူတစ်ယောက်ထွက်လာတာကို မြင်ရတယ်ခင်ဗျ၊ ကျွန်တော်က ဒါနဲ့ သစ်ပင် မှောင်ရိပ်ကခိုပြီး ကြည့်နေတော့ ကျွန်တော့်

အနားကကပ်ပြီး လျှောက်သွားတာ တခြားသူ ဟုတ်ပါ့မလားခင်ဗျ"

ထွန်း - "သူဌေးဦးထွန်းဖေ ဖြစ်နေရော့လား"

ရိုက် - "ဟုတ်တယ်ခင်ဗျ၊ ခင်ဗျား ဘယ့်နှယ်သိသလဲ"

ထွန်း - "ဘယ့်နှယ်သိသိလေ၊ ဒီတော့ ဘယ်နှနာရီလောက်ရှိပြီလဲ"

ရိုက် - "နာရီပြန် ၂ချက်လောက်ရှိပြီ ခင်ဗျာ့"

ထွန်း - "ပြောပါဦး ပြီးတော့ကော"

ရိုက် - "နောက်တော့ပိုက်ဆံဝင်ယူ ပိုကာဝိုင်းသွားကစားပြီးတဲ့နောက် ဝိုင်းသိမ်းလို့ အိမ်ပြန်လာတော့ ကျွန်တော့်ရှေ့က ဦးထွန်းဖေဆိုတဲ့ လူကြီးက မြို့ထဲကပြန်လာပြီး ဝင်းထဲဝင်သွားတာကို မြင်လိုက်ရတယ်ခင်ဗျ"

ထွန်း - "ဒီတော့ ဘယ်နှနာရီလောက်ရှိပြီလဲ"

ရိုက် - "၄ နာရီလောက်ရှိပြီခင်ဗျ"

ထွန်း - "ဒီအကြောင်းကို ခင်ဗျား ဘယ်သူ့ပြောပြသေးသလဲ"

ရိုက် - " ဘယ်သူ့မှ မပြောဝံ့ဘူး ခင်ဗျ"

ထွန်း - "မင်းကတော်ကိုလည်း မပြောဘူးပေါ့"

ရိုက် - " မပြောဝံ့ဘူးခင်ဗျ၊ ညည်သည်တစ်ယောက် အကြောင်းကို ပြောမိရင် အလုပ်ပြုတ်မှာကို စိုးရပါသေးတယ်၊ စုံထောက်ကြီးကိုတော့ အမှုနဲ့ သက်ဆိုင်မလားလို့ ပြောရခြင်းဖြစ်ပါတယ်"

ထွန်း - "ကျေးဇူးတင်ပါတယ်၊ ဒီ့ပြင်ကော ဘာများပြောစရာရှိသေးသလဲ"

ရိုက် - "အဲဒီ ဦးထွန်းဖေဟာ နက်ဖြန် နံနက်ရထားနဲ့ ရန်ကုန်ကိုပြန်တော့မလို့တဲ့ ခင်ဗျ၊ ကျွန်တော်က ဘူတာရုံကို ထားနဲ့ လိုက်ပို့ရလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com

ထွန်း - "မင်းကတော် ဒေါ်သိန်းဆိုတာကော ပြန်မတဲ့လား"

ရိုက် - "မပြန်သေးဘူးခင်ဗျာ၊ သူတစ်ယောက်တည်း ပြန်မှာတဲ့"

ထွန်း - "ကောင်းပြီ ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့နော်"

ရိုက် - "မပြောပါဘူး ခင်ဗျာ"

ဒရိုက်ဘာနှင့် ခွဲခွာပြီးသည့်နောက် မောင်သန်းထွန်းသည် မြို့ဘက်သို့လျှောက်လာရင်း စဉ်းစား စိတ်ကူးလာခဲ့လေရာ ဦးထွန်းဖံဆိုသူသည် ဟာစ်ပလုံဟိုတယ်တွင် မောင်သန်းတင်နှင့်တွေ့ဆုံသူနှစ်ယောက်တို့အနက် တစ်ယောက်ဖြစ်ကြောင်းကိုကား ယုံမှားသံသယ မရှိတော့ချေ၊ ယင်းသို့ဖြစ်လျှင် ထိုဆေးတံသည် ဦးထွန်းဖံ၏ ဆေးတံပင်ဖြစ်လေသလော သို့တည်းမဟုတ် ဦးထွန်းဖံက မိမိ၏ မိတ်ဆွေတစ်ယောက်ကို ကာကွယ်လိုသောသဘောနှင့် ခိုးယူဝှက်ထားခြင်းဖြစ်သလောဟု မဆုံးဖြတ်နိုင်အောင် ရှိနေသေး၏၊ ဦးထွန်းဖံသည် မောင်သန်းတင်ကို သတ်သောလူတစ်ယောက်၏ အမှုအရာနှင့် မတူသည်ကားမှန်၏၊ လူသတ်မှုကျူးလွန်သော လူတစ်ယောက်သည် ထိုအနီးအပါးတွင် ကြာရှည်စွာ နေထိုင်ရခြင်းကို အလိုမရှိတတ်ဟု၍ မောင်သန်းထွန်း စဉ်းစားမိ၏၊ မည်သို့ပင်ဖြစ်စေ ဦးထွန်းဖံသည် ထိုအမှုအကြောင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာကို သိရှိရမည်ဟု၍ မောင်သန်းထွန်းယုံကြည်ထားရကား ဦးထွန်းဖံအား အမှတ်တမဲ့မေးခွန်းမျိုး မေးမြန်းရလျှင် လျှို့ဝှက်သော အကြောင်းအရာ တစ်စုံတစ်ခုကို သိရှိရလိမ့်မည်ဟု စိတ်ချယုံကြည်မိ၏၊

ထိုနေ့ညနေ၌ မောင်သန်းထွန်းသည် မိမိတည်းခိုနေထိုင်သောနေအိမ်မှ ဟာစ်ပလုံဟိုတယ်သို့ ပြောင်းရွှေ့လာခဲ့ပြီးလျှင် လူစုံသော ဟိုတယ်ဖြစ်သည့်အလျှောက် အရပ်သားများ ပြောစကားကို ကြားနိုင်စိမ့်သောငှာ အခန်းတစ်ခန်းငှား၍ တည်းခိုနေထိုင်လျက်ရှိလေ၏၊ ထိုည၌ ဝန်းမော်မြို့မှကူးတို့သင်္ဘောဆိုက်ပြီးနောက် လူတစ်ယောက်သည်ဟာစ်ပလုံဟိုတယ်သို့ရောက်လာ၍ အိပ်ခန်းတစ်ခန်းငှားရမ်းပြီးလျှင် စားသောက်စရာများ

ကိုမှာထားလေရာ မောင်သန်းထွန်းသည် ထိုလူ၏ သွက်လက်သော အမူအရာကို နှစ်သက်သည်နှင့် စကားအနည်းငယ်ပြောမိရလျှင်ပင် မိမိနှင့် ညစာအတူစားသောက်ဖို့ ဖိတ်ကြားလေ၏၊ ထိုလူကလည်း မောင်သန်းထွန်းကို မြင်လျှင်မြင်ချင်း ချစ်ခင်သည့်လက္ခဏာနှင့် နံနက်စာစားဖို့ မိမိက တာဝန်ယူပါရစေဟု၍ တောင်းပန်လေ၏၊

★ ★ ★

www.burmeseclassic.com

အခန်း | ၇ |

ထိုလူသည် မောင်ဘရွှေ အမည်ရှိ အသက်အာမခံကိုယ်စားလှယ် တစ်ယောက်ဖြစ်၍ ဗန်းမော်မြို့မှ အပြန်တွင် ကသာမြို့သို့ဝင်ရောက်လာခြင်း ဖြစ်လေရာ မောင်သန်းထွန်းနှင့် အတူတကွ ညစာစားသောက်ရင်း တွေ့ရာလေးပါးစကားပြောဆိုနေကြလေ၏။

ရွှေ - "ကိုသန်းတင်ဆိုတဲ့လူ သေဆုံးပုံအကြောင်းကို သဘော်ပေါ်မှာကြားခဲ့ရတယ် တယ်ထူးဆန်းပါကလားဗျာ"

ထွန်း - "ဒီလိုမြို့ကလေးဆိုတော့ ဒီအမှုမျိုး ခပ်ရှားရှားမို့ ဒီအကြောင်းကို လူတိုင်းပြောနေကြတော့တာပဲ"

ရွှေ - "မိတ်ဆွေကတော့ အတွေ့အကြုံများလို့ ဒီအမှုမျိုးတော့ ရိုးနေပြီမှတ်တယ်"

ထွန်း - "ဟုတ်ကဲ့ ကျွန်တော်တို့ကတော့ လူသတ်မှုတွေချည်းလိုက်နေရတော့ ဆန်းတာရော ရိုးတာရော . . . ."

ရွှေ - "ဩော် မိတ်ဆွေက စုံထောက်မှတ်တယ်၊ ရန်ကုန်က အထူးစုံထောက်တစ်ယောက် ရောက်နေတယ်လို့ ကြားတာ မိတ်ဆွေမှတ်တယ်"

ထွန်း - "ဟုတ်ကဲ့ မောင်သန်းထွန်းဆိုတာ ကျွန်တော်ပါပဲ"

ရွှေ - "ဝမ်းသာလိုက်လေ ခင်ဗျာ၊ ကျွန်တော်စုံထောက်အလုပ်ဆိုရင် ဝါသနာပါလွန်းလို့ ဝတ္ထုတော င် စုံထောက်ဝတ္ထုမှဖတ်ချင်တယ်၊ ဒါထက် ဒီအမှုမှာ သဲလွန်စလေးများ ပေါ်ပြီလားခင်ဗျာ"

ထွန်း - "ခြေခြေမြစ်မြစ် မရှိလှသေးပါဘူး ခင်ဗျား"

ရွှေ - "ကျွန်တော်ကတော့ ဒီလိုထင်တယ်ခင်ဗျာ"

ထွန်း - "ဆိုစမ်းပါဦးဗျာ"

ရွှေ - "အမှုသွား အမှုလာကိုကြည့်ပြီး တွေးရမယ်ဆိုရင် ကျွန်တော့်ထင်မြင်ချက်ကတော့ ငွေမှုနဲ့ပတ်သက်တယ် ထင်တယ်ခင်ဗျာ"

ထွန်း - "အိတ်ထဲမှာပါတဲ့ ငွေကိုလည်းမယူ၊ စိန်လက်စွပ်ကိုလည်း ချွတ်မယူဘူးဗျ"

ရွှေ - "ငွေဆိုပေမယ့် ဒီလိုတိုက်ရိုက် လုယက်ဖို့ မဆိုလိုဘူး၊ ကိုသန်းတင်သေရင် ဘယ်သူအကျိုးရှိမလဲ၊ အဲဒီအကျိုးရှိမယ့် လူထဲကလို့ တွေးချက်ရထားတယ် ခင်ဗျ"

ထွန်း - "ဟုတ်ကဲ့၊ တွေးစရာရှိတာပေါ့၊ လူသတ်မှုဆိုရင် ငွေနဲ့ပတ်သက်တာက များတာပေါ့၊ သို့သော် သဲလွန်စကလေးတစ်ခု ပေါ်ထားတာ နက်ဖြန်တော့ဖြင့် မိကျောင်းမှန်း ထင်းတုံးမှန်းသိရပါလိမ့်မယ်၊ ကိုင်း ကိုင်း မနက်စောစော ထစရာကိစ္စကလေးရှိသေးလို့ အိပ်လိုက်ကြဦးစို့"

နောက်တစ်နေ့ နံနက်စောစောတွင် မောင်သန်းထွန်းသည် သူ့ရှေ့ဦးထွန်းဖံဆိုသူကို ဘူတာရုံမှ ကြို၍မေးခွန်းထုတ်မည့် အကြံနှင့် အိပ်ရာမှ ထ၍ဘူတာသို့သွားမည်အပြုတွင်မောင်ဘရွှေဆိုသူလည်းအိပ်ရာမှထ၍လွယ်အိတ်ကလေးတစ်လုံးနှင့် ခရီးထွက်မည်ဟု ပြင်ဆင်လျက်ရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထွန်း - "ဘယ့်နှယ်လဲဗျ၊ ဒီကနေ့ ပြန်တော့မယ်လို့လား"

ရွှေ - "မပြန်သေးပေါင်ခင်ဗျာ၊ ကျွန်တော်က နံနက်စောစော ထပြီး လမ်းလျှောက်တတ်တဲ့ အလေ့အကျင့်လုပ်ထားလို့ လမ်းလျှောက် ထွက်မယ်လို့ပါ"

ထွန်း -"တောင်းပါဗျာ၊ ကျန်းမာရေးနဲ့ ညီညွတ်ပါတယ်"

ရွှေ - "ဒီကနေ့ မနက်စာ ကျွန်တော့်တာဝန်ဗျနော်၊ ၉နာရီခွဲ လောက်ရောက်အောင် ပြန်ခဲ့ပါ"

ထွန်း - "စိတ်ချပါ၊ ကိုင်း သွားလိုက်ဦးမယ်"

မောင်သန်းထွန်းသည် ဘူတာရုံသို့ ဆိုက်ရောက်သောအခါ မီးရထားမှာ နဘားသို့ထွက်ရန် တွဲများချိတ်ဆက်လျက်ရှိ၍ ခရီးသည်များသည် လက်မှတ်ယူလျက်ရှိကြသော်လည်း ဦးထွန်းဖေကိုလည်း မတွေ့ရ၊ ခင်ခင်ကြီး၏ ဇနိုက်ဘာကိုလည်း မတွေ့ရဘဲရှိနေလေ၏၊ မောင်သန်းထွန်းသည် မိမိနောက်ကျနေသောကြောင့် ဇနိုက်ဘာပြန်သွားပြီဟု မှတ်ထင်သဖြင့် မီးရထားတွဲများပေါ်တွင် ထိုင်လျက်ရှိကြသော ခရီးသည်များကို ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းမကျန် လိုက်လံကြည့်ရှုသော်လည်း ဦးထွန်းဖေကို မတွေ့ရချေ၊ မီးရထားထွက်တော့မည်ဟု ဥဩပေးသောအချိန်တွင်မှ ဇနိုက်ဘာသည် တစ်ယောက်တည်း ခြေလျင်လျှောက်လာသည်ကို မောင်သန်းထွန်းတွေ့မြင်ရလေလျှင် ဟျာယီးဟျာယာ ပြေးတဲ့၍

ထွန်း - "ဘယ်မှာလဲ ခင်ဗျာ့လူကော"

နိုက် - "ပျောက်သွားပြီခင်ဗျ၊ ညတွင်းချင်း ထွက်ပြေးသွားပြီ"

ထွန်း - "ဟေ- ဘယ်ပြန်ပျောက်သွားတာလဲ ပြောစမ်းပါဦး"

နိုက် - "ကျွန်တော်က မနက်စောစော ဘူတာရုံလိုက်ပို့မလို့ ကားထုတ်ပြီး ဦးထွန်းဖေကို နှိုးကြည့်တော့ သူ့အခန်းထဲမှာ မရှိတော့ဘူးခင်ဗျ၊ ညကတည်းက ထွက်ပြေးသွားဟန်တူတယ် ဒါနဲ့ မင်းတစ်တော်က သူ့စည်သည်တစ်ယောက် ပျောက်သွား

ပါတယ်ဆိုပြီး ဝါတ်တဲမှာ တိုင်ချက်ပေးဖို့ ကျွန်တော့်ကို လွှတ်လိုက်လို့ ခင်ဗျာ့ကို ယခုဝင်ပြောလာပါတယ်"

ထွန်း - "ကောင်းပါပြီ ကျေးဇူးတင်ပါတယ်၊ နောက်တော့တွေ့ကြသေးတာပေါ့"

ဟုပြော၍ မောင်သန်းထွန်းသည် ဇနိုက်ဘာအား လက်ဖက်ရည် ဖိုး ၅ိ ခန့်ပေး၍ ကမ်းနားလမ်းဘက်မှ တက်လာသော ဟာစ်ပလုံကိုမြင်သည်နှင့် ခပ်သုတ်သုတ် လိုက်လေ၏၊

ထွန်း - "ပေါက်ဖော် နေပါဦး၊ ဘယ်ကပြန်လာသလဲ"

လုံ - "ဗန်းမော်သွားဖို့ မိတ်ဆွေတစ်ယောက်နဲ့တွေ့ချင်လို့ ဆင်းလာခဲ့တယ် ဆရာကြီး ဘယ်ကလာသလဲ"

ထွန်း - "ကျုပ်ဘူတာရုံက လာခဲ့တယ်"

ထိုခဏ၌ လူကြီးတစ်ယောက်သည် သားရေအိတ်တစ်လုံးကို လက်ဆွဲလျက် သင်္ဘောပေါ်မှဆင်းလာ၍ ဟာစ်ပလုံအား နှုတ်ဆက်လေ၏၊

လုံ - "ဆရာကြီး ဘယ်တုန်းကလာသလဲ"

လူကြီး- "ညကတည်းက သင်္ဘောနဲ့ရောက်တယ်၊ မနက်မှ မီးရထားကို ဆင်းတော့မယ်ဆိုပြီး သင်္ဘောပေါ်မှာ အိပ်တယ်၊ အမှုအကြောင်းကို လူပြောများလို့ ကြားရလေတော့ သက်သေခံစရာရှိလို့ မီးရထားနဲ့ မလိုက်တော့ဘဲ ချန်နေရစ်တယ်"

လုံ - "ဟုတ်ကဲ့လား ဆရာကြီး၊ ငွေ ၁၀၀ိ တန်စက္ကူ ကျွန်တော့်ဆီမှာ နေရစ်တယ်၊ ၈ဝိ ပြန်အမ်းရဦးမယ်"

ရင်းနောက် ဟိုတယ်ပိုင်ရှင်ဟာစ်ပလုံက ထိုသူသည် သေသူမောင်သန်းတင်နှင့် တစ်ညလုံး စကားပြောခဲ့ဖူးသော လူကြီးဖြစ်ကြောင်း၊ ၁၀၀ိ တန်စက္ကူကို ပေးထားပြီးနောက် အမ်းငွေ မယူဘဲ ထွက်သွားသူဖြစ်ကြောင်းများနှင့် မောင်သန်းထွန်းအား ပြောပြလေ၏၊

လုံ - "သက်သေခံချင်လို့ ပြန်လာလျှင် နေရာတကြီး ဟောဒီက

www.burmeseclassic.com

www.burmeseclassic.com

ဒီအမှုကို စုံထောက်နေတဲ့ ကိုသန်းထွန်းပဲ"

လူကြီး- "ဟုတ်ကဲ့၊ ဝါဖြင့် နေရာကျပြီ"

ဟုပြော၍ လူကြီးသည် ဟစ်ပလုံအား သားရေအိတ်ကိုပေးလိုက်ပြီးလျှင် မိမိအတွက် အခန်းတစ်ခန်းပြင်ထားဖို့ မှာထား၍ မောင်သန်းထွန်းနှင့်အတူ ဌာနသို့ လိုက်သွားလေ၏။

လူကြီး- "ကျုပ်နာမည် ဦးတုတ်ကြီးပါတဲ့၊ လူသတ်မှုအကြောင်း သတင်းကြားရလေတော့ မန္တလေးဘက်ကို မလိုက်သေးဘဲ ချန်နေရစ်ပါတယ်၊ နောက်ထပ် ဘာများအကြောင်း ထူးသေးသလဲ၊ သိပါရစေ"

ထွန်း - "အကြောင်းထူးဆို ဦးထွန်းဇံကို ခင်ဗျားသိသလား"

ကြီး - "သိပြီလားဗျာ၊ ဟစ်ပလုံဟိုတယ်မှာ သူရယ်၊ ကျုပ်ရယ်၊ မောင်သန်းတင်ရယ် သုံးယောက်စကားပြောကြတာပေါ့"

ထွန်း - "အဲဒီ ဦးထွန်းဇံဟာ ထွက်ပြေးပြီ ခင်ဗျ"

ကြီး - "ဘယ်က ထွက်ပြေးတာလဲ"

ထွန်း - "မင်းကတော် ခင်ခင်ကြီးအိမ်က ထွက်ပြေးတယ်"

ကြီး - "ဘယ်တုန်းကလဲ"

ထွန်း - "ညတုန်းက ထွက်ပြေးသတဲ့"

ကြီး - "ညမှာ ဘာရထားရှိလို့လဲ"

ထွန်း - "လူစီးရထားတော့ မရှိဘူး၊ ကုန်ရထားပဲရှိတယ်"

ရင်းနောက် မောင်သန်းထွန်းနှင့် ဦးတုတ်ကြီးတို့သည် ပုလိပ်ဌာနသို့ရောက်လာကြ၍ ဌာနအုပ်နှင့် တွေ့ကြသဖြင့် မောင်သန်းထွန်းက အကျိုးအကြောင်းကို ပြောပြလေ၏။

အုပ် - "ဦးတုတ်ကြီးဆိုတာ ဟိုတလောက ပျက်သွားတဲ့ အမျိုးသားတိုးတက်ရေး ကုမ္ပဏီမှာပါတဲ့ ဦးတုတ်ကြီးလား"

ကြီး - "မှန်ပါတယ်"

အုပ် - "ကိုင်း၊ ဒါဖြင့် မောင်သန်းတင် လူသတ်မှုအကြောင်းကို ခင်ဗျားသိရသလောက် ပြောပြစမ်းပါဗျာ"

ကြီး - "မောင်သန်းတင်သေရပုံ အကြောင်းကိုတော့ ကျုပ်မသိရပါ၊ မသေမီအချိန်က အဖြစ်အပျက်ကိုတော့ ကျုပ်သိတန်သလောက် သိရပါတယ်"

အုပ် - "ဟစ်ပလုံဟိုတယ်မှာ ခင်ဗျားတို့သုံးယောက် ဘာကိစ္စတွေ့ကြသလဲ"

ကြီး - "လွန်ခဲ့တဲ့ လထဲတုန်းက ရန်ကုန်ကို ကျုပ်ရောက်တော့ မောင်သန်းတင်နဲ့ သိကျွမ်းခဲ့ရပါတယ်၊ အဲဒီတုန်းက စကားလက်စနဲ့ မောင်သန်းတင်က အလုပ်ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ကျုပ်ဆီကို စာရေးပြီး ကသာမှာ ဆုံကြဖို့ မှာထားလိုက်လို့ တစ်နေ့က ကျုပ်ဆင်းလာခဲ့ရခြင်း ဖြစ်ပါတယ်"

အုပ် - "ဘာအလုပ်ကိစ္စ"

ကြီး - "လျှို့ဝှက်တဲ့ ကိစ္စဖြစ်လေတော့ယခုဖွင့်ပြီး မပြောပါရစေနဲ့၊ ရုံးကြတော့မှ ဖွင့်ပြောဖို့လိုလျှင် ပြောပါရစေတော့ အမြွက်လောက်ပြောရမှာဖြင့် အလုပ်တစ်ခုကို လူတစ်ယောက် ငွေတစ်သောင်းစီစပ်ပြီး လူသုံးယောက် လုပ်ကြဖို့ စီမံထားပါတယ်"

အုပ် - "မောင်သန်းတင်နဲ့ ဘယ်နေရာမှာ ဆုံကြဖို့ ချိန်းထားပါသလဲ"

ကြီး - "လွန်ခဲ့တဲ့ တနင်္လာနေ့ည ၁၁နာရီလောက်မှာ ဟစ်ပလုံဟိုတယ်မှာဆုံကြဖို့ ချိန်းထားပါတယ်"

အုပ် - "ဆိုပါဦးခင်ဗျာ"

ကြီး - "ဒါနဲ့ ကျုပ်က ကသာကို ကူးတို့သင်္ဘောနဲ့ ရောက်လာပြီး ဟစ်ပလုံဟိုတယ်မှာ အခန်းတစ်ခန်းငှားပြီး အချိန်စော

www.burmeseclassic.com

www.burmeseclassic.com

သေးတာနဲ့ လမ်းချော်တက်ရင်း ထွက်လာတော့ ဦးထွန်းဖဲနဲ့ ဘိုင်စကုတ်ရုံနားမှာ တွေ့ပါတယ်"

အုပ် - "ဦးထွန်းဖဲနဲ့တော့ ချိန်းထားတာ မဟုတ်ဘူးလား"

ကြီး - "မဟုတ်ပါ ရန်ကုန်မှာတုန်းက သိကျွမ်းခဲ့ရဖူးပါတယ်"

အုပ် - "ဒီတော့ ဘယ်အချိန်လောက်ရှိပါပြီလဲ"

ကြီး - "ည ၁၀နာရီလောက်ရှိပြီ၊ ဒါနဲ့ ကျုပ်က ဦးထွန်းဖဲကို ကျုပ်တို့ အလုပ်ထဲမှာ အစုစပ်ပါဦးမလားလို့မေးတော့ သူက စဉ်းစားပါရစေဦးလို့ပြောပါတယ်"

ထွန်း - "ဦးထွန်းဖဲနဲ့ ကိုသန်းတင်တို့ သိဖူးပါသလား"

ကြီး - "ကျွမ်းတော့ မကျွမ်းဘူး သိရုံတော့ သိကြပါတယ်"

ထွန်း - "ဆိုပါဦးခင်ဗျာ"

ကြီး - "ကျုပ်က ကျုပ်တို့အစုစပ်လုပ်ငန်းအကြောင်းကို ပြောပြပြီး ဟာစ်ပလုံဟိုတယ်မှာ မောင်သန်းတင်နဲ့ ချိန်းထားတဲ့ အကြောင်းကို ပြောပြပါတယ်၊ ဒီတော့ ဦးထွန်းဖဲက အစုစပ်ပါဖို့ စိတ်ကူးရလို့ရှိရင် ဟိုတယ်ကို သူရောက်လာ ကောင်းလာဖြစ်ပါလိမ့်မယ်လို့ ပြောသွားပါတယ်၊ ဒီနောက် ကျုပ်က ဟိုတယ်ကိုပြန်ပြီး မောင်သန်းတင်ကို မျှော်နေ လိုက်တာ သန်းခေါင်လောက်တိုင်မှ မောင်သန်းတင် ပေါက်လာပါတယ်၊ မောင်သန်းတင်က သူငယ်ချင်းစားနဲ့ တွေ့နေလို့ နောက်ကျနေတဲ့အကြောင်းကို မျက်နှာရွှင်ရွှင် ပြပြနဲ့ ပြောပါသေးတယ်၊ နောက်ပြီး အလုပ်ကိစ္စ အကြောင်းဆက် ပြောကြတော့ ကျုပ်က ဦးထွန်းဖဲနဲ့ တွေ့ခဲ့တဲ့အကြောင်းကို ပြောပြပါတယ်"

အုပ် - "ဘယ်အချိန်လောက်ထိအောင် စကားပြောနေကြပါသလဲ"

ကြီး - "စားစားသောက်သောက်နဲ့ စကားပြောနေလိုက်ကြတာ

နာရီပြန် ၂ချက်လည်းထိုးရော ဦးထွန်းဖဲလည်း မမျှော်လင့်ဘဲနဲ့ ရောက်လာပါရော"

ထွန်း - "တိုင်ပင်ကြတဲ့ အလုပ်ကိစ္စအကြောင်းကို နည်းနည်းကလေး ပိုရှင်းပြောပါဦး"

ကြီး - "ကိုင်း ဒီလိုပါမောင်ရယ် စစ်အတွင်းမို့လို့ အရောင်ဆိုးဆေးများက ရှားလေတော့ မန္တလေးကောလိပ်ကျောင်းက ဓာတုဗေဒ ဆရာကလေးတစ်ယောက်က စမ်းသပ်ရှာဖွေပြီး အဝါရောင်ဆိုးဆေးဖော်စပ်နည်းကို တွေ့ထားတယ်၊ သူက သူ့နည်းကို လက်ငင်းငွေ (သုံးသောင်း)တစ်ခါတည်း အပြီး အပြတ်ရောင်းချင်တယ်၊ မောင်သန်းတင်က ၎င်းနည်းကို စာနဲ့ရေးကူးပြီး ယူလာခဲ့တယ်၊ အစိုးရဓာတုဗေဒဆရာကြီးထံက သက်သေခံချက်နဲ့တတွ အပြည့်အစုံပါလာတယ်၊ သူ့စာတွေကိုကြည့်ပြီး ကျုပ်တို့က ကျေနပ်ကြတဲ့အတွက် (သုံးသောင်း)နဲ့ဝယ်ဖို့ သဘောတူကြပြီး ဦးထွန်းဖဲက ငွေတစ်သောင်း၊ ကျုပ်ကငွေတစ်သောင်း၊ မောင်သန်းတင် လက်ကို ပေးအပ်လိုက်ကြပါတယ်"

ထွန်း - "ငွေတစ်သောင်းစီအပ်လိုက်ကြတယ်ဆိုတာ ငွေစက္ကူတွေပေါ့"

ကြီး - "မှန်ပါတယ် ကျုပ်က ရာတန်စက္ကူ အချပ်တစ်ရာ၊ ဦးထွန်းဖဲက ရာတန် အချပ်ငါးဆယ်၊ ၁ဝဝတန် အချပ်ငါးရာ၊ မောင်သန်းတင်က ၁ဝဝတန် စက္ကူအချပ်တစ်ရာ စုစုပေါင်းငွေသုံးသောင်းကို စာအိတ်ကြီး တစ်လုံးနဲ့ထည့်ပြီး ဘေးထိုးအိတ်ထဲ ထည့်လိုက်ပါတယ်"

ထွန်း - "ဒီလိုဆိုရင် ဟိုညက ဟိုတယ်က ကိုသန်းတင်ထွက်သွားရာမှာ သူ့အိတ်ထဲမှာ ငွေသုံးသောင်းပါသွားတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ကြီး - "ပါသွားပါတယ်"

ထိုအခါ၌ဒွာနာအုပ်နှင့် မောင်သန်းထွန်းတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ဒီငွေတွေပျောက်သွားပြီး (လုယက်မှုပေါ့) ဟုတစ်ပြိုင်နက်ပြောလိုက်ကြလေ၏၊ ထို့နောက်မှ မောင်သန်းထွန်းက ပြောပုံတော့ ထူးဆန်းပေ့ဗျာ၊ ငွေစက္ကူတွေတော့ ပျောက်တယ်၊ စိန်လက်စွပ်နဲ့ အနတ်တွေတော့ ယူမသွားဘူး ဟုတွေးတောရင်း ပြောပြန်လေ၏၊ ထို့နောက်

ထွန်း - "ဆိုးဆေးဖော်စပ်နည်း စာရွက်လည်း ကျွန်တော်တို့ မတွေ့ရဘူးနော်"

အုပ် - "မတွေ့ရဘူး ဝါလဲပျောက်သွားတယ်"

ထွန်း - "ဝါထက်ပြောပါဦးခင်ဗျာ စကားပြောပြီးတဲ့နောက် ဘာများလုပ်ကြပါသေးသလဲ"

ကြီး - "အလုပ်ကိစ္စနဲ့ စကားပြောပြီးတော့ စားစားသောက်သောက်နဲ့ တောင်စကား မြောက်စကားပြောရင်း ၄ နာရီ ထိုးလောက်ထိအောင် ထိုင်နေကြပါသေးတယ်"

ထွန်း - "ဘာဆေးလိပ်များ သောက်ကြပါသလဲ"

ကြီး - "မောင်သန်းတင်က စီးကရက်သောက်တယ်၊ ကျုပ်က ဆေးပြင်းလိပ်၊ ဦးထွန်းဖေက ဆေးတံသောက်ပါတယ်"

ထွန်း - "အပြီးသတ် ခွဲခွာကြပုံကော ခင်ဗျာ"

ကြီး - "ဟိုတယ်မှ သုံးယောက်အတူ ထွက်လာကြပြီး သူတို့နှစ်ယောက်က ဇရစ်ချောင်ဘက် သွားကြရော၊ ကျုပ်ကတော့ ကူးတို့သင်္ဘော ထွက်ချိန်နီးလေတော့ ဟိုတယ်ပြန်မသွားတော့ဘဲ သင်္ဘောဆိပ်တက်သွားရော"

အတန်ကြာတွေးတောနေပြီးနောက် . . . .

အုပ် - "ဦးထွန်းဖေ ဆိုတာက တော်တော်ပိုက်ဆံရှိသလား"

ကြီး - "သူဌေးဦးထွန်းဖေလို့ ခေါ်ကြတာပဲ၊ မြေပိုင်ရှင် သူဌေးကြီးပါပဲ"

အုပ် - "ငွေသုံးသောင်းလောက်အတွက်နဲ့လူတစ်ယောက်ကို မသတ်ပါဘူးနော်"

ကြီး - "မလုပ်ပါဘူး ထင်ပါရဲ့ဗျာ"

ထွန်း - "သူလက်အပ်လိုက်တဲ့ ငွေစက္ကူနံပါတ်တွေ မှတ်ထားသေးသလား"

ကြီး - "မမှတ်မိပေဘူးဗျ"

အုပ် - "ဒီအတောအတွင်းမှာ ဦးထွန်းဖေက ပျောက်သွားပြန်ပြီး သူ့အိမ်ရှင် မင်းကတော်ကတော့ လူဆိုးများပယောဂလို့ ထင်ပြီး တိုင်ချက်ပေးထားတယ်၊ ကျုပ်တို့ကတော့ ထွက်ပြေးတယ်ထင်တာပဲ"

ကြီး - "ဘာကြောင့်လဲဗျ"

အုပ် - "တကယ်ဆိုတော့ သဘောရိုးဖြစ်ပါသမို့ အမှုကိုဝန်ထောက်မင်း စစ်ဆေးစဉ်က ယခုဦးတုတ်ကြီး အစစ်ခံသလို သက်သေခံဖို့ကောင်းတယ်၊ ယခုတော့ မြုံနေပြီးမှ ယခုလို ပျောက်သွားတယ်ဆိုတော့ သူ့အပေါ်မှာ သင်္ကာမကင်းစရာ ဖြစ်နေတာပေါ့"

ထွန်း - "ကျွန်တော်က ညံ့သွားပါတယ်၊ ဆေးတံကို သူ့အိတ်ထဲမှာ တွေ့ကတည်းက ဘယ်နည်းနဲ့ရောက်နေသလဲလို့ စောင့်ပြီး မေးဖို့ကောင်းပါတယ်၊ ယခုတော့ နံနက်လင်းမှ ဘုတာရုံမှာမေးဖို့ ကြံမိတာ ခွကျသွားတာပဲ"

ငင်းနောက် ပုလိပ်အရာရှိများသည် ဦးတုတ်ကြီးကို လွှတ်လိုက် ကြ၍ ဦးတုတ်ကြီးလည်း ဟိုတယ်ဘက်သို့ လျှောက်လာလေရာ မောင်သန်းထွန်းမှာမူ အမှုအကြောင်းကို ဌာနာအုပ်နှင့် တိုင်ပင်လျက် ရှိကြလေ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၈ |

ဦးသောကြာ၏ဇနီး မသင်းထုံ၌ ပထမခင်ပွန်းမြေတိုင်းစာရေးကြီးနှင့် မွေးဖွားခဲ့သော မိမိအမည်ရှိ သမီးတစ်ယောက်ရှိ၏၊ မိမိသည် သန့်ရှင်းသပ်ရပ်သော ရုပ်လက္ခဏာနှင့် ပြည့်စုံသူ သမီးချော်ကလေးတစ်ယောက်ဖြစ်လေရာ မိခင်မသင်းထုံသည် သမီးချောသလောက် အထက်တန်းကို လှမ်းလိုသော ဆန္ဒရှိသည်ဖြစ်၍ သမီးကလေးကို အင်္ဂလိပ်ကျောင်း၌ ပညာသင်စေပြီးလျှင် မြို့အုပ်၊ ဝန်ထောက်လောက်ကိုမှ သမက်ဖမ်းလိုက်သော အကြံအစည်ရှိ၏၊ သို့ဖြစ်၍ ရွာသူကလေးတစ်ယောက်ဖြစ်ငြားသော်လည်း မိမိသည် အခြားသော ဇရစ်ချောင်သူကလေးများနှင့် အပေါင်းအသင်း မပြုဘဲ ကသာမြို့ပေါ်မှ အရာရှိနှင့် လူကုံထံတို့၏ သားသမီးများဖြစ်ကြသည့် အင်္ဂလိပ်ကျောင်းသူ အချင်းချင်းသာလျှင် ပေါင်းသင်းဆက်ဆံခြင်းပြုသဖြင့် ရွာသူရွာသားများက စိတ်ကြီးဝင်သည်ဟု ပြစ်တင်ကဲ့ရဲ့မဲ့ရွဲ့ပြောဆိုခြင်း ခံရလေသည်၊

မိမိနှင့် ဦးထွန်းပြည့်၏သား မောင်သူတော်တို့သည် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသည့်ပြင် အသက်အားဖြင့် ရွယ်တူတလေးများ ဖြစ်ကြလေရကား ၁၆-နှစ်အရွယ်မျှ ရှိကြငြားသော်လည်း သမီးရည်းစားအဖြစ်နှင့်

ချစ်ကျွမ်းတဝင် ရှိနေကြလေ၏၊ စင်စစ်သော်ကား မသင်းထုံသည် မောင်သူတော်၏ မိဘဂုဏ်ဖြပ်နှင့် ပစ္စည်းအခြေအနေကို မျှော်မှန်းထားသည်ဖြစ်၍၊ လူငယ်များ၏ ချစ်ကျွမ်းဝင်သော အရိပ်နိမိတ်ကို သိမြင်စပြုကတည်းက တို့၍ ချစ်ကြိုက်စုံမက်ကြသော အခြေသို့ ရောက်နေလေ၏၊

ယင်းသို့ရှိစဉ် ဖခင်ဦးထွန်းပြည့်သာမက အစ်ကိုမောင်သန်းတင်ပါ တစ်နေ့တည်း ကွယ်လွန်အနိစ္စရောက်ကြကြောင်းကို မသင်းထုံ သိရှိလေရကား (အရေးတော်ပေါ်ချက်တွင် ဒုံးရိုက်ရမည်) ဟူသော စကားပုံအရ ရွာလူကြီးများကို ခေါ်ပြီးလျှင်စေ့စပ်ကြောင်းလမ်းစေလေရာ သား၊ အဖနှစ်ယောက်တို့၏ ဈာပနကိစ္စ မပြီးစီးသေးမီ အတွင်း၌ပင် ကြောင်းလမ်းစေ့စပ်ခြင်းကိစ္စကို မစီမံသင့်သေးကြောင်းကို မတင်ကြည်နှင့် ရွာလူကြီးများက ပြောကြသော်လည်း မသင်းထုံက နားမဝင်ချေ၊

ဇရစ်ချောင်ရွာတွင် ဦးသာစုအမည်ရှိ ပင်စင်အငြိမ်းစားငွေတိုက်စာရေးကြီး တစ်ယောက်ရှိလေရာ ထိုလူကြီးသည် မယားသေဆုံးပြီးသည့်နောက် သမီးကလေးတစ်ယောက်နှင့် ငြိမ်းချမ်းစွာနေထိုင်ခဲ့၍ ရပ်ရွာသားတို့၏ ချစ်ခင်ယုံကြည်ခြင်းကို ခံရသဖြင့် အရေးအကြောင်းရှိလျှင် ဦးသာစုထံလာရောက်ကြသူတို့ ပေါများပေ၏၊ မတင်ကြည်ကလည်း ဖခင်နှင့်မောင်တို့၏ ဈာပနကိစ္စအတောအတွင်းတွင် မောင်သူတော်နှင့် မိမိတို့စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို မဆောင်ရွက်စေဖို့ တားဆီးပေးရန် ဦးသာစုထံ လာရောက်တောင်းပန်သေး၏၊ ဦးသာစုသည် စကားခပ်နည်း နည်းပြောတတ်သော ဝါသနာရှိသော်လည်း ထိုရွာသူရွာသားတို့၏ ငယ်ကြိုးငယ်နာအဖြစ်အပျက်များကို အသိဆုံးလူတစ်ယောက်ဖြစ်လေ၏၊ စကားများသောလူတို့သည် ကြားရသမျှသော အဖြစ်အပျက် အကြောင်းအရာတို့ကို စကားပြေ့ာကာ လေထုတ်ပစ်လိုက်ခြင်းအားဖြင့် ဦးခေါင်းထဲ၌ မကျန်ရစ်ဘဲ မေ့လျော့သွားတတ်ကြသည်ဖြစ်ရာ ဦးသာစုမှုကား လွန်ခဲ့သော နှစ်ပေါင်း ၄၀က အဖြစ်အပျက်ဖြစ်စေကာမူ တစ်ကြိမ်ကြားရဖူး လျှင် မမေ့တတ်ချေ၊

www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းပြည့်နှင့် သားမောင်သန်းတင်တို့၏ ဈာပနမတိုင်မီ တစ်ရက်တွင် မောင်သူတော်နှင့် မိမိတို့၏ ကြောင်းလမ်းစေ့စပ်ရန် ချိန်းဆိုထားလေရာ ထိုနေ့ နံနက်စောစောတွင် ဦးသာခုသည် မတင်ကြည်နှင့်တွေ့ပြီးနောက် မိမိ၏ခွေးကျားဘိုနှင့် မသင်းထုံတို့၏နေအိမ်သို့ရောက်သွား လေ၏၊ သင့်တင့်လျှောက်ပတ်သောနေရာ၌ ထိုင်ပြီးနောက် . . .

ခု - "မသင်းထုံတို့က အကြံပိုင်ပေတယ်ဗျာ၊ အရေးတော်ပေါ် ခိုက် (ဖုံးတိုက်) ဆိုတဲ့ စကားပုံလိုဖြစ်နေပြီကော"

ထုံ - "သမီးကညာ အခါမသင့်သာ ဆိုတဲ့စကားရှိတာကိုး ဦးသာခုရဲ့၊ တော်တော်ကြာတော့ ဟိုကဖျက် ဒီကဖျက်နဲ့ သူငယ်ကလေး နားယောင်သွားမှာ စိုးရတယ်"

ခု - "ဝါလဲ ဟုတ်ပေတာပဲ ပစ္စည်းက ဘယ်လောက်တင်သမှာတဲ့လဲ"

ထုံ - "မောင်သန်းတင့်ရဲ့ အမွေရော၊ သူတို့ရမယ်ဆိုတဲ့ တိုက်သုံးလုံးနဲ့ ငွေတစ်သောင်းတင်မှာတဲ့"

ခု - "ဘယ်သူ့တိုက်သုံးလုံးလဲ"

ထုံ - "မောင်သန်းတင်ရဲ့ အဘိုးတိုက်လေ"

ခု - "မောင်သန်းတင်ရဲ့ ပစ္စည်းဆိုလျှင် မောင်သူတော်တို့ပိုင်ရောလား"

ထုံ - "သူတို့မောင်နှမရှိတာပဲကိုး"

ခု - "မဟုတ်သေးဘူးလေ၊ သည့်ပြင် အမွေဆိုင်ရှိတာတ်သေးတယ်"

ထုံ - "သူတို့မောင်နှမအပြင် ဘယ်သူရှိနိုင်ဦးမှာလဲ ဦးသာခုရဲ့"

ခု - "မောင်သန်းတင်မှာ သားမယားများရှိနေလျှင်ကော"

ထုံ - "ကြံကြံစည်စည် ဦးသာခုရယ်ရှိလျှင် ကြားရရောပေါ့"

ခု - "ကြားတဲ့လူက ကြားထားတယ်ဗျ"

ထိုအခါ မသင်းထုံသည် ထိပေါက်စဉ်တွင် မိမိလက်မှတ်နံပါတ်ကို

တွေ့ရှိရပြီးမှ အလကားပေါက်စဉ်ဖြစ်သည်ဟု ပြောပြခြင်းကို ကြားရသောသူတစ်ယောက်ကဲ့သို့ ထိတ်လန့်တကြားဖြစ်သွား၍ သောက်ဖွာနေသောဆေးပေါ့လိပ်ပင် လက်မှလွတ်၍ကျသွားလေ၏၊

ထုံ - "ကျွန်မကိုလာပြီး မဖျန်းပါနဲ့ ဘယ်သူက ကြားထားလို့လဲ"

ခု - "ဒီလိုလေ မသင်းထုံ ကျုပ်တို့မှာတော့ ကိုယ့်ရွာသူရွာသားထဲက ချမ်းသာတယ်ဆိုတာ ကြားချင်တာပေါ့၊ မကြားချင်ဘဲ ရှိပါ့မလား၊ နို့ပေမယ့် မဟုတ်ရသေးဘဲနဲ့ အထင်ကြီးနေပြီဆိုမှဖြင့် တော်တော်ကြာတော့ တောင်ထိပ်ပေါ်က လိမ့်ကျရသလို ဖြစ်နေမှာစိုးလို့ပါ"

ထုံ - "ဟုတ်ပါပြီ ဘယ်သူက ဘာကြားထားလို့လဲ ဦးသာခုရဲ့"

ခု - "မနှစ်ကတုန်းက စက်ပန်းရပ်ထဲက စာရေးကြီးကတော် ဒေါ်ဂျမ်းဖြူတစ်ယောက် ရန်ကုန်မြို့ကို ဘုရားဖူးသွားလို့ ပြန်လာတော့ ကျုပ်သွားပြီးတွေ့တယ်"

ထုံ - "အဲလစ်စာရေးကြီးကတော် ဒေါ်ဂျမ်းဖြူလား၊ ပြောစမ်းပါရှင်၊ သူက ဘာပြောသလဲ ဒီမိန်းမကတော့ စကားလဲနည်းတယ်၊ မဟုတ်တရုပ် မပြောတတ်ဘူး၊ ဘာများတွေ့ခဲ့ရသတဲ့လဲ"

ခု - "ဟိုတုန်းက မောင်သန်းတင်တစ်ယောက် ပျောက်သွားတုန်းက စက်ပန်းရပ်ထဲက ကုလီခေါင်းဘိုးကူဆိုတဲ့ သူငယ်နဲ့ စေ့စပ်ထားတဲ့ မညွန့်ရီဆိုတဲ့ မိန်းကလေးတစ်ယောက် ပျောက်သွားသတဲ့၊ သူတို့ အရပ်ထဲကတော့ ညွန့်ရီဟာ မောင်သန်းတင်နောက်ပါသွားထင်နေကြပြီး ဘိုးကူက မောင်သန်းတင်ကို မကျေနိုင် မချမ်းနိုင်နဲ့ အဲတကြိတ်ကြိတ်ဖြစ်နေသတဲ့၊ မဂျမ်းဖြူ ရန်ကုန်ရောက်လို့ ရွှေတိဂုံဘုရားသွားဖူးတော့ ညွန့်ရီက သားသားနားနား ဝတ်လို့စားလို့ နောက်လိုက်မိန်းမတစ်ယောက်က ကလေးတစ်

www.burmeseclassic.com

www.burmeseclassic.com

ယောက်ကို ချီလို့တွေ့ခဲ့ရသတဲ့"

ထုံ - "ညွန့်ရီက ဘာပြောသတဲ့လဲ"

မု - "ညွန့်ရီက မောင်သန်းတင်နဲ့ သူနဲ့လက်ထပ်ယူထားလို့ ကလေးတစ်ယောက်ရပြီး တလေးတောင် ၃နှစ်သားရှိပြီ ဆိုပြီး ချီထားတဲ့ ကလေးဟာ သူ့ကလေးပဲလို့ ပြသေးသတဲ့"

ထိုအခါ မသင်းထုံ၏ ရုပ်လက္ခဏာမှာတိုး၍ တုန်လှုပ်သော အထိမ်းအမှတ်များ ဖြစ်ပေါ်လာလေ၏၊ ထို့နောက်မှ တစ်စုံတစ်ခုကို သတိရ ပြန်၍

ထုံ - "လက်ထပ်မယားဆိုရင် မင်းကတော်ခင်ခင်ကြီးကို လက်ထပ်ပြီး ယူဦးမယ်လို့ ခင်ခင်ကြီးကပြောတာ ဘယ့်နှယ်စကားလဲ၊ သူတို့ ခရစ်ယာန်ဆိုတာ မိန်းမတစ်ယောက်ပြင် နောက်ထပ် လက်ထပ်ယူရင် ထောင်ကျတယ်ဆို မဟုတ်လား၊ အလကားပြောတာပါရှင် မဟုတ်နိုင်ပါဘူး"

မု - "နေပါဦး မဆုံးသေးပါဘူး၊ ကျုပ်ပြောပြပါဦးမယ် ဒါနဲ့ညွန့်ရီက မဂျမ်းဖြူကို အိမ်ခေါ်သွားလို့ မဂျမ်းဖြူက အလည်လိုက်သွားသေးသတဲ့"

ထုံ - "သူတို့အိမ်က ဘယ်လမ်းမှာတဲ့လဲ"

မု - "ဘောင်ဗရီလမ်းမှာ သားသားနားနား စနစ်ရားတွေ ဘာတွေနဲ့ ဗိုလ်အိမ်ကြီးတဲ့၊ သူတို့ရောက်တုန်း မောင်သန်းတင် ပြန်လာလို့ မဂျမ်းဖြူနဲ့တောင် တွေ့ခဲ့ရသေးသတဲ့၊ မောင်သန်းတင်က သူနဲ့တွေ့ခဲ့ကြောင်းကို ဘယ်သူမှ မပြောပါနဲ့လို့ မှာလိုက်လေတော့ ကျုပ်တစ်ယောက်တည်းကိုသာ ဒီအကြောင်းကိုပြောဖူးသေးတယ်"

ထုံ - "မယားတစ်ယောက်ရှိလျက်နဲ့ နောက်တစ်ယောက် လက်ထပ်ယူမယ်ဆိုတာ မဖြစ်သေးပါဘူး"

မု - "ဆုံးအောင်နားထောင်ပါဦး လာပါလိမ့်မယ်၊ မဂျမ်းဖြူက

နောက်တစ်ခေါက် ရန်ကုန်ရောက်ပြန်တော့ ညွန့်ရီတို့အိမ်ကိုသွားလည်သတဲ့၊ ဒီတစ်ခေါက်တော့ ညွန့်ရီမရှိတော့ဘူး တုပ်ကွေးရောဂါနဲ့ လွန်ခဲ့တဲ့ ၃-လလောက်က သေသွားရှာသတဲ့"

ထုံ - "ကလေးကော"

မု - "ကလေးကျန်ရစ်တယ် မောင်သန်းတင်ကိုတော့ မတွေ့ခဲ့ရဘူး၊ ထိန်းတဲ့ မိန်းမကတော့ ဟိုဟာစ်ခေါက်တုန်းက မိန်းမပဲတဲ့၊ အဲဒါကြောင့် မောင်သန်းတင်နဲ့ဆိုင်တဲ့ ပစ္စည်းမှန်သမျှကို သူ့သားကလေးက အားလုံးအမွေခံရလိမ့်မယ် မသင်းထုံရဲ့"

မသင်းထုံသည် ဆေးပေါ့လိပ်ကိုဖွာရင်း အတန်ကြာအောင် စဉ်းစားစိတ်ကူးနေပြီးနောက် . . .

ထုံ - "ပေါ်ဂျမ်းဖြူကိုတော့ ယုံပါတယ် ထားပါတော့၊ ညွန့်ရီစကားကိုတော့ ကျွန်မ မယုံနိုင်ဘူး ဦးသာခုရဲ့၊ ညွန့်ရီနဲ့ မောင်သန်းတင် လက်ထပ်ယူတယ်ဆိုတာ ညွန့်ရီရဲ့ စကားပဲရှိတာပဲရှင့်၊ သူတို့ခရစ်ယာန်ဆိုတာ လက်ထပ်မယား မှသာ အမွေဆိုင်တာတဲ့၊ မတော်လို့ ညွန့်ရီဟာ အပျော်မယားမျိုး ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ၊ သူတို့မွေးတယ် ဆိုတဲ့သားကလေးဟာကော ယခုနေရှိချင်မှ ရှိတော့မှာ၊ သူသေသွားရင် ဘယ့်နှယ်လုပ်မလဲ"

မု - "ဒါကတော့ ရှိခဲ့လို့ရှိရင် တော်တော်ကြာ ပေါ်လာမှာပေါ့လေ"

ထုံ - "ဘာကြောင့် ချက်ချင်းပေါ်လာနိုင်မှာလဲ"

မု - "ကျုပ်က ဒီအကြောင်းတွေကို မြို့ဝန်ကြီးဆီမှာ ပြောပြလို့ မဂျမ်းဖြူကို လွှတ်လိုက်ပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com

ထုံ - "ဒီအကြောင်းတွေကို မောင်သူတော်တို့ မောင်နှမ သိပြီးပြီလား"

ခုံ - "ခုနင်ကပဲ မတင်ကြည်ကို ကျုပ်ပြောပြခဲ့တယ်"

ထုံ - "ဒီအရင်ကတော့ ရှင်တို့က ဘာပြုလို့ မြုံနေကြသလဲ"

ခုံ - "ကိုယ်နဲ့ မဆိုင်တဲ့ကိစ္စကို ကျုပ်တို့က အကြောင်းမဲ့ ပြောတတ်တဲ့ ဝါသနာမရှိဘူး မသင်းထုံရဲ့ သို့သော်လည်း ဒီလိုပါလေ၊ မောင်သူတော်ဟာ သူ့အစ်ကို မောင်သန်းတင် ရဲ့ အမွေတွေကို မရသော်လဲ စားနိုင်သောက်နိုင်တော့ ရှိပါသေးတယ်၊ သိပ်ချည့်လဲ စိတ်ပျက်မနေပါနဲ့လေ၊ ကိုင်း ကျုပ်ပြန်လိုက်ဦးမယ်"

ဦးသာခုံသည် မိမိ၏ခွေးကျားဘိုနှင့် မသင်းထုံ၏အိမ်မှ ထွက်လာခဲ့ပြီးနောက် ကိစ္စတစ်ခုရှိသည်နှင့် မြို့ဘက်သို့လျှောက်လာခဲ့ရာ လမ်းခရီးတွင် စုံထောက်မောင်သန်းထွန်းနှင့် တွေ့၍ ဦးသာခုံသည် ပြောသင့်ပြောခွင့်ရှိသော စကားမျိုးဟူ၍အောက်မေ့သည်နှင့် မောင်သန်းထွန်းအား မောင်သန်းတင်နှင့် မညွန့်ရီတို့၏ အဖြစ်အပျက်များကို ပြောပြလေ၏၊ မောင်သန်းထွန်းသည် မောင်သူတော်နှင့် မိမိတို့ အကြောင်းကိုပါ ကြားရပြီးနောက် . . .

ထွန်း - [မေးစေ့ကိုလက်နှင့်ဆွဲကာ စဉ်းစားလျက်] "ဒီလိုဆိုရင် ဒီကိစ္စဟာ ကျွန်တော်စုံထောက်နေတဲ့ လူသတ်မှုနဲ့ ပတ်သက်နေဦးမလား မဆိုနိုင်ဘူး"

ခုံ - "ဟုတ်ကဲ့ စဉ်းစားစရာပဲ"

ထွန်း - "ပြီးတော့ တစ်ခုကလဲ မောင်သန်းတင်ဟာ ခင်ခင်ကြီးနဲ့ လက်ထပ်ယူမယ်လို့ တိုင်ပင်ထားပြီးတဲ့အကြောင်း၊ ခင်ခင်ကြီးကပြောတယ်၊ ကောင်းပြီ ဒီတော့ကာ မောင်သန်းတင်က သူ့မှာ မိန်းမတစ်ယောက်လက်ထပ်ယူပြီးလို့ သေဆုံး

သွားတဲ့အကြောင်း၊ သားကလေးတစ်ယောက် ကျန်ရစ်ခဲ့တဲ့အကြောင်းကို ခင်ခင်ကြီးကို ပြောမပြပေဘူးလား"

ခုံ - "ဟုတ်ကဲ့ စဉ်းစားစရာရှိတယ်"

ထွန်း - "အကယ်၍ ပြောပြဖူးလို့ရှိရင် ခင်ခင်ကြီးသက်သေခံစဉ်က ဘာကြောင့် ထည့်မပြောဘဲ မြုံထားရသလဲ"

ခုံ - "ကျုပ်ကတော့ ခင်ခင်ကြီးကို တယ်ပြီးမယုံလှဘူး။ ကိုယ့်ဖို့ယက်ချင်တတ်တဲ့ မိန်းမမျိုးထဲကနဲ့ တူတယ်"

ထွန်း - "မှန်တယ် ဒါကြောင့်လဲ ကိုဘဦးကို ကျွန်တော်တို့ မဖမ်းကြတာပဲ၊ သူပြောတဲ့ စကားအတိုင်း ကိုဘဦးကိုဖမ်းဖို့ ကောင်းလှပြီ၊ ပြီးတော့ တစ်ချက်လဲ သူ့အိမ်ကပျောက်သွားတဲ့ သူဌေးဦးထွန်းဖေဆိုတာလဲ ဒီအမှုနဲ့ ပတ်သက်လေသလား မဆိုနိုင်ဘူး၊ ခင်ခင်ကြီးကတော့ ဦးထွန်းဖေဟာ တစ်ယောက်ယောက်လက်ချက်နဲ့ ပျောက်သွားတယ်လို့ ထင်နေတယ်၊ ကျွန်တော်တို့ကတော့ ဒီလိုမထင်လှဘူး"

ခုံ - "နို့ ဘယ်လိုထင်လို့တုံး သဲလွန်စကလေးများ ပေါ်ပြီလား"

ထွန်း - "တခုဖြင့် တောင်ယောင်ယောင် မြောက်ယောင်ယောင် ရှိနေပါသေးတယ် ခင်ဗျာ၊ ဘယ်အစကို လိုက်ရမယ်လို့ မပြောတတ်သေးပါဘူး။ ဒါထက် စာရေးကြီးရဲ့ခွေးက ဘာကောင်များတွေ့နေလို့လဲ ဟိုမှာကြည့်စမ်းပါဦး"

ထိုခဏ၌ ဦးသာခုံနှင့် မောင်သန်းထွန်းတို့သည် မောင်သန်းတင်၏ အလောင်းကိုတွေ့သောနေရာနှင့် ကိုက်တစ်ရာခန့် ကွာလှမ်းသည့် မြစ်ကမ်းပါးတွင်လျှောက်သွားလျက် ရှိကြလေရာဦးသာခုံ၏ ခွေးကျားဘိုသည် ကမ်းထိပ်ရှိ ချုံတစ်ချုံအတွင်းသို့ ဦးခေါင်းလျှိုကာ ကျယ်လောင်စွာ ဟောင်လျက်ရှိသည်ကို တွေ့မြင်ကြရလေ၏ ဦးသာခုံနှင့်မောင်သန်းထွန်းတို့သည် ချုံအနီးသို့ချဉ်းကပ်ကာ ကြည့်ရှုကြသောအခါ ချုံထဲမှ လတ်လတ်

ဥတ္တရလွင်ပြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ပြောင်ထွက်လျက်ရှိသော အရာဝတ္ထုကို တွေ့မြင်ကြသည်နှင့် မောင်သန်းထွန်းက ကောက်ယူလိုက်သည်တွင် ခြောက်လုံးပြူး သေနတ်ကလေးတစ်လက်ဖြစ်ကြောင်း တွေ့မြင်ကြရလေ၏။

ခြောက်လုံးပြူးမှာ ဖန်ရောင်တင်ထားသည့် အလှကိုင် အငယ်စားသေနတ်မည်းကလေးမျိုး ဖြစ်လေရာ မောင်သန်းထွန်းသည် သေနတ်ကို သေချာစွာ လှပ်လျောကြည့်ရှုပြီးနောက် . . .

ထွန်း -"ကုမ်း ကုမ္ပဏီက ဝယ်တာမကြာသေးဘူး၊ အသစ်ကလေး ရှိသေးတယ်၊ အစွန်းအစက် ဘာတစ်ကွက်မှမရှိသေးတဲ့ အတွက် ဒီနေရာပစ်ထားတာ မကြာသေးဘူးထင်တယ်၊ ကိုသန်းတင် ပစ်သတ်တဲ့ သေနတ်ဖြစ်နေမလား မဆိုနိုင်ဘူး"

စု - "ယမ်းတောင့် ပါသေးသလား"

ထွန်း - [အတွင်းသို့ဖွင့်ကြည့်လျက်] "ယမ်းတောင့်တစ်တောင့်မှ မပါဘူး၊ မဟုတ်မှလွဲရော ကျွန်တော်တော့ ကိုသန်းတင်ကို ပစ်သတ်တဲ့ သေနတ်ထင်တာပဲ နေရာကျလိုက်လေခင်ဗျာ၊ ကျားဘိုတော့ ကျွန်တော်က လည်ပတ်တစ်ခုဝယ်ပြီး ဆုချရဦးမယ်၊ ကံကောင်းလိုက်လေခင်ဗျာ"

စု - "ဒီသေနတ်က မောင်သန်းတင် လူသတ်မှုနဲ့ ပတ်သက်တယ်လို့ ထင်လို့လား"

ထွန်း - "ထင်မိပါလားခင်ဗျာ၊ သတ်တဲ့နေရာနဲ့လဲမဝေးဘူး၊ သံချေးတစ်စွန်းတစ်စက်မှ မတက်သေးတာထောက်သဖြင့် မကြာမီရက်အတွင်းက ဝှက်ထားခဲ့ကြောင်းလဲ ထင်ရှားတယ်၊ ကိုသန်းတင်ရဲ့ အလောင်းမှာတွေ့ရတဲ့ ကျည်ဆန်ကလည်း ခြောက်လုံးပြူးသေနတ်ကျည်ဆန်ပဲ၊ ဒီတော့ကာ ကျွန်တော်မြင့် ဒီအမှုမှာ ဒီသေနတ်ဟာ ကျွန်တော်ကိုယ်တိုင်တွေ့ရတဲ့ ပထမသဲလွန်စလို့ ယူဆမိတယ်"

စု - "ယူဆမယ်ဆိုရင် ယူဆထိုက်ပေတယ်ဗျို့"

ထိုခဏ၌ ဦးသာစုနှင့် မောင်သန်းထွန်းတို့သည် မြို့ဝန်ကြီးအိမ်ရှေ့သို့ရောက်လာကြလေရာ မြို့ဝန်ကြီးက ဝရန်တာမှထွက်၍ "လာကြပါဦး၊ တက်ခဲ့ကြပါဦး" ဟုခေါ်သည်နှင့် နှစ်ယောက်သား တက်သွားကြလေ၏၊ ဝရန်တာ၌ ထိုင်ကြပြီးနောက် . . . .

ဝန် - "ဘယ့်နှယ်လဲဗျ မောင်သန်းတင်ရဲ့ လူသတ်မှုနဲ့ ပတ်သက်ပြီး နောက်ဆုံးသတင်းဘာများကြားရ သိရပြီလဲ"

ထွန်း - "သတင်းထူးရယ်လို့တော့ မကြားမိပါဘူး၊ သို့သော် သတ်တဲ့လက်နက်ကိုတော့ တွေ့ခဲ့ရတယ်၊ မြို့ဝန်ကြီးရဲ့"

ဝန် - "အောင်မယ်နေရာကျလိုက်လေဗျာ၊ ပြောစမ်းပါဦး"

ထိုအခါမောင်သန်းထွန်းသည် ခြောက်လုံးပြူးသေနတ်တွေ့ရှိရပုံအဖြစ်အပျက်ကို ပြောပြ၍ သေနတ်ကိုပါ ထုတ်ပြလေရာ၌ မြို့ဝန်ကြီး သည် သေနတ်ကို ကိုင်တွယ်ကြည့်ရှုပြီးနောက် . . .

ဝန် - "အောင်မယ် မောင်သူတော်လက်ထဲမှာ မြင်လိုက်တဲ့ သေနတ်ကလေးနဲ့တူလိုက်တာ"

ထွန်း - "မောင်သူတော်မှာ သေနတ်လိုင်စင်ရှိလို့လား"

ဝန် - "မောင်သူတော့် သေနတ်တော့ မဟုတ်ပါဘူး၊ ဦးထွန်းပြည်က (ဖါဘာ) မင်းပွဲအတွက် အလှူငွေ ၁၀၀၀ိ ထည့်လေတော့ သေနတ်လိုင်စင်ရလို့ ကုမ်းကုမ္ပဏီမှာယူပြီး ရုံးမှာ မှတ်ပုံတင်တုန်းက မောင်သူတော်လက်ထဲမှာ မြင်လိုက်မိလို့ပါ"

ထွန်း - "ကျွန်တော်က ရုံးမှာသေနတ်စာရင်းကိုကြည့်ပြီး နံပါတ်ချင်း တိုက်ကြည့်ဖို့ စိတ်ကူးနေတာပါပဲ"

ဝန် - "ဒါထက် မောင်သန်းတင်ရဲ့ အမွေခံအမွေစားသားကလေး တစ်ယောက် ရန်ကုန်ကရောက်လာတာ ကြားမိကြပြီလား"

www.burmeseclassic.com

www.burmeseclassic.com

မု - "သားကလေးတစ်ယောက်ရှိတယ်လို့ ကြားမိတယ် မြို့ဝန်မင်း ရောက်လာတာတော့ မသိရသေးဘူး"

ဝန် - "ဒီလိုဗျ မောင်သန်းတင် အသတ်ခံရတယ်ကြားလို့ အဲဒီနေ့မှာပဲ စက်ပန်းထဲက စာရေးကြီးကတော် ဒေါ်ဂျမ်းဖြူက ကျုပ်ဆီလာပြီး ရန်ကုန်မှာ မောင်သန်းတင်ရဲ့သားကလေး တစ်ယောက်ရှိတဲ့ အကြောင်းပြောပြလာတယ်"

မု - "ဟုတ်ပါတယ် မြို့ဝန်မင်း၊ ကျွန်တော်ကပဲ မြို့ဝန်မင်းကို သွားပြီး ပြောပြဖို့ အကြံပေးလိုက်ပါတယ်"

ဝန် - "ဒါဖြင့် ခင်ဗျားသိပြီးပေါ့၊ ဒါနဲ့ သိရတဲ့ နေ့မှာပဲ ကျုပ်က ရန်ကုန်ပုလိပ်ဌာနကို ရုံးတင်ဖို့ ကြေးနန်းရိုက် ကြားလိုက်တော့ အဆင်သင့်တွေ့ရပြီး ရွှေနေတစ်ယောက်နဲ့တကွ ခုနင်ကရောက်လာကြတယ် ရွှေနေက ကျုပ်မိတ်ဆွေဖြစ်နေပြီး ကျုပ်အိမ်ဝင်လာလို့ ကျုပ်ကိုယ်တိုင်လိုက်ပို့ရသေးတယ်၊ သားကလေး ၄-နှစ်သားလောက်ရှိပြီ ချစ်စရာကလေးဗျ၊ မောင်သန်းတင်နဲ့က တူသနဲ့"

မု - "ဒါဖြင့် ဒီကလေးဟာ မောင်သန်းတင်ရဲ့သားအစစ်အမှန်ပေါ့"

ဝန် - "မှန်တဲ့ လက္ခဏာပဲဗျ၊ ကျုပ်တို့က ခရစ်ယာန်ဆိုတော့ လက်ထပ်ရာမှာမှတ်ပုံတင်ရတယ်၊ရွှေနေကလက်ထပ် လက်မှတ်တွေဘာတွေနဲ့အပြည့်အစုံပါလာတယ်"

မု - "မြို့ဝန်ကြီးကိုယ်တိုင် ဦးထွန်းပြည့်ရဲ့ အိမ်ကို လိုက်ပို့လိုက်တယ်ဆို မောင်သူတော်နဲ့ မတင်ကြည်တို့က အမွေခံမည့်တူကလေးကို မြင်ကြရတော့ ဘယ်နှယ်နေကြသလဲ"

ဝန် - "တော်ကြပါပေသဗျာ သူတို့ရဖို့အမွေကို လာယူမည့်တူကလေးဖြစ်သော်လည်း မောင်နှမနှစ်ယောက်စလုံးက

မြင်မြင်ခြင်း ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနှင့် ပွေ့လား ဖက်လား နမ်းလိုက်ရှုလိုက်ကြတာဗျာ"

ထွန်း - "ပရိယာယ်လုပ်တဲ့ လက္ခဏာတော့ မရှိပါဘူးမှတ်တယ်"

ဝန် - "ပရိယာယ် မဟုတ်ရှာကြပါဘူး၊ တယ်ပြီးလိုချင်မျက်စိရှိတဲ့ မောင်နှမနှစ်ယောက် ဟုတ်ဟန်မတူရှာကြပါဘူး"

ထိုအခါ မောင်သန်းထွန်းမှာ ခြောက်လုံးပြူးသေနတ်တွေ့ထားသဖြင့် မောင်သူတော်၏ သေနတ်ဖြစ်လေသလောဟူသော တွေးဆချက်နှင့် မကိုက်အောင်ရှိနေသဖြင့် စဉ်းစားစိတ်ကူးလျက်ရှိလေ၏၊

မု - "ဒီလိုဆိုရင် မောင်သူတော်တို့ထက် ပွက်လောထမည့်သူ တစ်ယောက်မြင်ထားတယ်"

ဝန် - "မသင်းထုံလား၊ ကျုပ်လဲကြားတယ် မသင်းထုံက (ဒီယုန်မြင်လို့ ဒီချုံထွင်)ဆိုတာမျိုးလို၊ သူ့သမီးနဲ့ လော့ပေးပြီး အသုဘကိစ္စတောင် ပြီးအောင် မဆိုင်းငံ့ရင်ဘဲ ဒလတွန်းစိမ်လိုက်ရတာ ရှက်စရာကြီး ဖြစ်နေပြီကော မသင်းထုံကဖြင့် သိပ်ပြီး ဒေါပွမှာပဲ"

မု - "ဒေါပွဆိုဘာပြောကောင်းမလဲ ပွက်ပွက်ရိုက်သွားမှာပဲ၊ မိန်းမကြီးက သိုသိုသိပ်သိပ်လဲ မဟုတ်လေတော့ အလိုမကျ မကျသလောက် ဆူချင်ပူချင်ထဲကကိုး"

ဝန် - "ဒါထက် မောင်သန်းတင်ရဲ့ ဆန္ဒကတော့ ကသာမြို့ပေါ်က တိုက်တာနေအိမ်တွေကို မောင်သူတော် မောင်နှမကို ပေးခဲ့ချင်ဆိုပါကလား"

မု - "ဟုတ်ကဲ့ ဦးသောကြာကတော့ ပြောတာပဲ၊ နို့ပေမယ့် လက်ထိလက်ရောက် နာမည်ပြောင်းပြီး မပေးရသေးလေ တော့ ပေးရာမရောက်ပေဘူးပေါ့"

ဝန် - "အခုတိုင်းတော့ အမွေခံသားတလေးက အာလုံးသိမ်းရုံ

www.burmeseclassic.com

www.burmeseclassic.com

ရှိမှာပေါ့"

မို - "ဟုတ်ကဲ့ မောင်သန်းတင်က ရန်ကုန်မြို့ပေါ်မှာ တော်တော်ကြီးပွားနေဆိုပါကလား"

ဝန် - "မဂ္ဂလမ်းမှာ စပါးအရောင်းအဝယ်ဘက်က မြန်မာထဲမှာ သူတစ်ယောက်ပဲ အကြီးဆုံးဖြစ်နေဆိုပါကလား၊ ကျုပ်မိတ်ဆွေ ရှေ့နေပြောပုံတော့ ငွေလေးငါးဆယ်သိန်းထက် မနည်းချမ်းသာနေဆိုကပဲ"

ၿငင်းနောက် ဦးသာစုနှင့် မောင်သန်းထွန်းတို့သည် မြို့ဝန်ကြီး၏ အိမ်မှ ဆင်းလာခဲ့၍ ခွဲခွာသွားကြလေ၏၊ မောင်သန်းထွန်းသည် မိမိ တည်းခိုသော ဟစ်ပလုံဟိုတယ်သို့ရောက်သောအခါ ယမန်နေ့ ကတည်းက လွယ်အိတ်ကလေးတစ်လုံးနှင့် ထွက်သွားသော အသက်အာမခံ ကိုယ်စားလှယ် မောင်ဘဓမ္မအကြောင်းကို ဟစ်ပလုံအား စုံစမ်းမေးမြန်းလေရာ မောင်ဘဓမ္မှာ ထွက်သည့်နံနက်မှစ၍ တစ်ခေါက်ပြန်မလာတော့ဘဲ တစ်ခါတည်း ပျောက်သွားကြောင်းနှင့် သိရှိရလေ၏၊ မောင်သန်းထွန်းကမူ မိမိအား နံနက်စာစားဖို့ ဖိတ်ကြားထားပြီးမှ မပေါ်လာခြင်းဖြစ်သောကြောင့် ဘယ့်နှယ်လုပါလိမ့်ဟု အောက်မေ့မိလေ၏၊

★ ★ ★

အခန်း | ၉ |

ဦးထွန်းပြည့်နှင့်မောင်သန်းတင်တို့သားအဖနှစ်ယောက်တို့၏ ဈာပနကိစ္စနေ့၌ ဇရပ်ချောင် တစ်ရွာလုံးသာမက ကသာမြို့ပေါ်မှ ပရိသတ်တို့လည်း အမြောက်အမြား လာရောက်ကြသည်ဖြစ်၍ ဇရပ်ချောင်ရွာ အနီး၌တည်ရှိသော ခရစ်ယာန်သင်္ချိုင်းမှာ တိုး၍မပေါက်နိုင်အောင်စည်ကားလှ၏၊ မောင်သုတော် မောင်နုမတို့သည် မောင်သန်းတင်၏ ၄နှစ်သားအရွယ်ရှိ သားကလေးကို လက်ဆွဲလျက် မသာပို့ကြလေရာ ထိုသူငယ်ကို မြင်လိုသည့်အတွက်ကြောင့် သင်္ချိုင်းသို့ မသာပို့ရန် လာရောက်ကြသူတို့လည်း အမြောက်အမြားပင်ရှိကြသည်ဖြစ်ရကား တိုးဝှေ့၍ကြည့်လိုသူများ၏ နှောင့်ယှက်မှုကြောင့် ပုလိပ်များကပင် နံပါတ်တုတ်များနှင့် စောင့်ကြပ်လိုက်ပါလာကြရ၏၊ သူငယ်ကလေးကို မြင်ရသူအပေါင်းတို့သည် ၎င်း၏ ချစ်ခင်ဖွယ်ကောင်းသော ရုပ်လက္ခဏာကို တွေ့မြင်ကြရသောအခါ သူ့အဖေနဲ့တူလိုက်လေခြင်းဟု ပြောကြလေ၏၊ သူငယ်ကို မြင်ရသူ အပေါင်းတို့၏ စိတ်၌ ၎င်း၏ ဖခင်သေဆုံးရခြင်းကိုလည်း သတိမရဘဲမနေ နိုင်ကြသည်ဖြစ်၍ (သူ့အဖေကို ဘယ်သူသတ်ပါလိမ့်) ဟူသောမေးခွန်းသည် ဖြစ်ပေါ်လာရသည်ချည်းဖြစ်လေကုန်၏၊

ဥတ္တရလွင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ယခင်က လူတစ်ယောက်မှ မရှိသောသချိုင်းဝင်းကြီးသည် မသာချလာသောအခါတွင် ရုတ်တရက်စည်ကားနေ၍ ငိုကြွေးကြသော အသံများ၊ စကားပြောကြသောအသံများ၊ ထို့နောက် မွေသီချင်းများ သီဆိုကြသော အသံများဖြင့် ဆူညံစွာ ရှိနေပြီးနောက် အလောင်းများကို မြေသို့မြှုပ်၍ အသီးသီးပြန်သွားကြသောအခါ သချိုင်းတို့၏ထုံးစံအတိုင်း တိတ်ဆိတ်စွာ ရှိနေရစ်လေ၏၊

မောင်သန်းတင်နှင့် ဌာနာအုပ်တို့သည်လည်း မသာပို့လာကြသူများအနက်တွင် အပါအဝင်ဖြစ်သော်လည်း ထိုသူနှစ်ယောက်တို့သည် အသက်မရှိသောလူသေများထက် မောင်သန်းတင်ကိုသတ်သော လူရှင်အတွက်ပိုမို၍ စိတ်အာရုံစူးစိုက်နေကြရကား သတ်သောသူသည် အသုဘရှုပရိတ်သတ်တို့ထဲတွင် ပါလေမည်လော၊ သို့တည်းမဟုတ် အဝေးအရပ်သို့ရောက်၍နေချေမည်လောဟု တွေးတော စိတ်ကူးလျက်ရှိကြလေ၏၊

အသုဘကိစ္စပြီးစီးကြသည့်နောက် မောင်သန်းထွန်းသည် ဌာနာအုပ်နှင့်အတူ ဌာနာသို့လိုက်သွား၍ လူသတ်မှုအကြောင်းကို ဆွေးနွေးတိုင်ပင်ကြလေ၏၊ ၎င်းတို့သည် မောင်သန်းတင်၏ လျှို့ဝှက်သော လက်ထပ်ခြင်းနှင့် လူသတ်မှုတို့ ဆက်သွယ်ခြင်းရှိမည် မရှိမည်အကြောင်းကိုလည်းကောင်း၊ ခြောက်လုံးပြူးသေနတ် တွေ့ရှိရခြင်းအကြောင်းကို တိုင်ပင်ပြောဆိုကြလေသည်၊

အုပ် - "မောင်သန်းတင် အသတ်ခံရတဲ့နေရာနှင့် ခြောက်လုံးပြူး တွေ့ရတဲ့နေရာနဲ့ တော်တော်နီးကပ်နေလေတော့ ဒီလက်နက်နဲ့သတ်တာပဲလို့ ထင်တော့ထင်စရာပဲ၊ ခင်ဗျားကဒီလက်နက်ကို တမင်ဝှက်ထားတယ်လို့ ယူဆတယ်ပေါ့လေ"

ထွန်း - "တမင်ဝှက်ထားတယ်ထင်တာပေါ့၊ ကျနေရစ်တာတော့ မဟုတ်နိုင်ဘူး"

အုပ် - "ဒီလိုဆိုရင် ခြောက်လုံးပြူးနံပါတ်နဲ့ လိုင်စင်နဲ့လိုက်

စစ်လိုက်လို့သေနတ်မပြနိုင်လျှင် ခက်နေလိမ့်မယ်လို့ သတ်တဲ့လူက မသိပေဘူးလား၊ ခြောက်လုံးပြူးဆိုတာ ဓားလိုမဟုတ်ဘူးဗျ၊ လိုင်စင်မရှိဘဲ ကိုင်ရတာမျိုး မဟုတ်ဘူး လွှင့်ပစ်ပေမဲ့ သေနတ်မပြနိုင်ရင် ခက်သေးတယ်"

ထွန်း - "ကျွန်တော်လဲ ဒီလိုစဉ်းစားမိပါတယ်၊ ဒါ့ကြောင့် ဦးထွန်းပြည်ရဲ့သေနတ်နဲ့တူတယ်လို့ မြို့ဝန်ကြီးက ပြောသော်လဲ ဦးထွန်းပြည်ရဲ့ သေနတ်ကို မောင်သူတော် ကိုင်ပြီးဝှက်ထားခဲ့ခြင်း ဟုတ်နိုင်ပါ့ မလားလို့ စဉ်းစားနေတယ်၊ သို့သော်ဒီကနေ့ တနင်္ဂနွေနေ့ ဖြစ်နေလို့ရုံးပိတ်ထားသေးတယ်၊ နက်ဖြန်တော့ရုံးသွားပြီး လိုင်စင်စာရင်း ကြည့်ပြီး နံပါတ်တိုက်ကြည့်ဦးမှပဲ"

ထိုခဏ၌ ပုလိပ်သား တစ်ယောက်သည်အခန်းအတွင်းသို့ ဝင်လာ၍ လူတစ်ယောက်က ဌာနာအုပ်နှင့်တွေ့လိုကြောင်း ပြောပြသည် ဟုဆိုသဖြင့် ဌာနာအုပ်က ခေါ်ခဲ့ရန် ပြောလိုက်သည်တွင် အသက်၃၀ကျော် အရွယ်ခန့်ရှိ၍ သပ်ရပ်စွာဝတ်ဆင်လာသူ တစ်ယောက်သည် အခန်းတွင်းသို့ဝင်လာလေ၏၊ ဌာနာအုပ်က နေရာထိုင်ခင်းပေးပြီးနောက် . . .

ထိုသူ- "ကျွန်တော့နာမည် မောင်သိန်းတန်ပါတဲ့ မန္တလေးကောလိပ်ကျောင်းက ဓာတုဗေဒဆရာကလေးပါပဲ၊ ကိုသန်းတင် လူသတ်မှုအကြောင်းကို သတင်းစာထဲမှာ ဖတ်လိုက်ရလို့ ကျွန်တော်နဲ့ ပတ်သက်နေလေတော့ လိုက်လာရခြင်းဖြစ်ပါတယ်"

အုပ် - "ဟောဒါက ဒီအမှုကို စုံထောက်နေတဲ့ အထူးစုံထောက် ကိုသန်းထွန်းပါပဲ ပြောစရာရှိလျှင် သူ့ရှေ့မှာပြောနိုင်ပါတယ်"

တန် - "ကျွန်တော်ပြောလိုတာက ဒီလိုပါခင်ဗျာ၊ ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com

အရောင်ဆိုးဆေး ဖော်စပ်နည်းတစ်ခုကို စမ်းသပ်တွေ့ရှိထားပါတယ်၊ ဒီနည်းအတိုင်းဖော်စပ်ပြီးဆိုင်ကြီးဖွင့် ရောင်းမယ်ဆိုရင် အရင်းအနှီး အမြောက်အမြားလိုပါလိမ့်မယ်၊ ဒါကြောင့် ကျွန်တော်က ကိုယ်တိုင်ဖော်စပ်ပြီး ရောင်းချမနေဘဲ နည်းကို တစ်ခါတည်း အပြီးအပိုင် ရောင်းစားဖို့ အကြံရှိပါတယ် ဒီတော့ မိတ်ဆွေတစ်ဦးက ကိုသန်းတင်နဲ့ စေ့စပ်ပေးလေတော့ ကိုသန်းတင်နဲ့တွေ့ပြီး ဒီနည်းကို ငွေသုံးသောင်းနဲ့ အပြီးအပြတ်ရောင်းစားဖို့ ပြောပြပါတယ်၊ ဒီတော့ကာ ကိုသန်းတင်ကဒီနည်းကို စာနဲ့ရေး၍ ကျွမ်းကျင်နားလည်တဲ့ ဆရာကြီးတစ်ယောက်ကိုပြကြည့်လို့ ဟုတ်တယ်ဆိုရင် သုံးယောက်လောက်စပ်ပြီးဝယ်ချင်တယ် လို့ပြောပါတယ်၊ သူ့အကြံကို ကျွန်တော်က သဘောတူပြီး နည်းကို စာရွက်ပေါ်မှာ ရေးပေးပြီး ရန်ကုန်ကောလိပ်က ဓာတုဗေဒ ပရော်ဖက်ဆာ ဆရာကြီးကိုပြကြည့်ပါတယ်၊ ပြတော့ ဟုတ်မှန်ကြောင်း ဝန်ခံလေတော့ ကိုသန်းတင် အစုစပ်နှစ်ယောက်လောက် ရှာပြီးတဲ့ အခါမှာ ကျွန်တော်တောင်းဆိုတဲ့အတိုင်း ငွေသုံးသောင်းနဲ့ဝယ်ပါမယ်လို့ ပဋိညာဉ်ပေးသွားပါတယ်၊ ပေးသွားပြီး မန္တလေးက ထွက်လည်သွားရော နောက်ထပ်သူ့ဆီက ဘာအကြောင်းမှမကြားရတော့ဘဲ လူသတ်ခံရတဲ့အကြောင်းကို သတင်းစာမှာတွေ့ရလို့ လိုက်လာရခြင်းဖြစ်ပါတယ်၊ ဒီတော့ ကျွန်တော်သိလိုတာက ကိုသန်းတင်သေသွားရင် သူ့ဆီမှာ ကျွန်တော်အပ်လိုက်တဲ့ ဆေးဖော်နည်းစာရွက် ဘယ်ရောက်သွားသလဲလို့ ကျွန်တော်သိလိုပါတယ် တတ်နိုင်ရင် ကျွန်တော့်ကို လမ်းညွှန်ကြပါ ခင်ဗျာ"

အုပ် - "ဆေးနည်းစာရွက်ကိုဖြစ်စေ ငွေသုံးသောင်းကိုဖြစ်စေ ခင်ဗျားက ရလိုတယ်ဆိုပါတော့ ကျုပ်တို့ဖြင့် သူ့အလောင်းမှာကြည့်တော့ ခင်ဗျားပြောတဲ့ စာရွက်မျိုးမတွေ့ရပါကဘဲလားဗျ"

တန် - [နဖူးကိုလက်ဝါးနှင့်ရိုက်လျက်] "ခွကျလိုက်လေ ခင်ဗျာ၊ အကျိုးနည်းကုန်ပြီ ထင်ပါရဲ့"

ထွန်း - "ခင်ဗျားစာရွက်ကို လူတစ်ယောက်ယောက်တွေ့သွားရင် ဖတ်သုံးချနိုင်လောက်သလား"

တန် - "ချနိုင်ပြီလားဗျာ ဒီစာရွက်ကြည့်ပြီး ဖော်ရောင်းမယ်ဆိုရင် သူဌေးဖြစ်နိုင်လောက်တာပေါ့"

ထွန်း - "ဒီလိုဆိုရင် ဘာကြောင့် ကိုယ်တိုင်ဖော်မရောင်းသလဲ"

တန် - "ကိုယ်တိုင်ဖော်ရောင်းရင် ငွေရင်းသုံးလေးသိန်းလောက်လိုတာကတစ်ကြောင်း၊ မိန်းမတောင်းဖို့ ချက်ချင်းငွေလိုနေတာကတစ်ကြောင်း ဒါကြောင့် ကျွန်တော်ကရောင်းဖို့ စီမံရတာပါခင်ဗျာ"

ထွန်း - "ဒီလိုရင် ဒီစာရွက်ကို တစ်ယောက်ယောက်က ခိုးယူဖို့ လုယူဖို့ကြံစည်လောက်တာပေါ့"

တန် - "သိရင် ကြံစည်လောက်ပါတယ်ခင်ဗျာ"

ထွန်း - "စာရွက်က ဘယ်လိုစာရွက်မျိုးလဲဗျ"

တန် - "သာမန် ရုံးသုံးစက္ကူခပ်ဝါဝါ ဘဲလီပေပါခေါ်တဲ့ စက္ကူမျိုးပါပဲခင်ဗျ"

ထိုအခါ ဌာနာအုပ်နှင့် မောင်သန်းထွန်းတို့သည် ဤလူမှာကား လူသတ်မှုအကြောင်းနှင့် ပတ်သက်၍ သတင်းတစ်စုံတရာ ပေးနိုင်သူမဟုတ်ကြောင်း၊ ၎င်းကသာလျှင် သိလိုသောအချက်ရှိ၍ လာရောက်ခြင်းဖြစ်ကြောင်း ရိပ်မိကြလေ၏၊ သို့ဖြစ်၍ မောင်သန်းထွန်းက အဆိုပါဆေး

www.burmeseclassic.com

www.burmeseclassic.com

ဖော်စပ်နည်း စာရွက်သည် မောင်သန်းတင်အလောင်း၌ မတွေ့ရကြောင်း သို့သော် ရန်ကုန်မြို့ရှိ ၎င်း၏နေအိမ်၌ ထောက်လှမ်းစုံစမ်း၍ တွေ့ရှိခဲ့လျှင် အကြောင်းကြားလိုက်မည်ဖြစ်ကြောင်းနှင့် ပြောပြလိုက်သောအခါ ကိုသိန်းတန်သည် ၎င်း၏ ပစ္စည်းအပေါ်တွင်စိုးရိမ်ပူပန်ခြင်းမတင်းသော မျက်နှာနှင့် ထွက်သွားလေ၏။ ဌာနာအုပ်နှင့် မောင်သန်းထွန်းတို့နှစ်ယောက်တည်း ကျန်ရစ်ကြသောအခါ . . .

ထွန်း - "ဦးတုတ်ကြီးဆိုတဲ့ လူကြီးပြောတဲ့ စကားအရဆိုရင် ဟိုည က ဟစ်ပလုံဟိုတယ်မှာ သူတို့သုံးဦးတွေ့ဆုံကြစဉ်က ကိုသန်းတင်ဆီမှာ ဒီစာရွက်ပါလာလို့ ဒီအကြောင်းတို့ သူတို့တိုင်ပင်ကြတဲ့ လက္ခဏာပဲ၊ သူ့လက်ထဲမှာ ဒီစာရွက် နဲ့တကွ မာတုပေဒဆရာကြီးရဲ့ ထောက်ခံချက်စာရွက်ပါ ပါလာဟန်တူတယ်၊ ဒီလိုဆိုရင် ဟိုတယ်မှ ထွက်သွားကြ တဲ့အခါမှာ ကိုသန်းတင်လက်ထဲမှာ ဒီစာရွက်တွေရော ငွေသုံးသောင်းရော အတူရောထည့်ပြီး ပါသွားမှာပဲ ဒီတော့ကာ သူတို့သတ်တဲ့လူဟာ စာရွက်တွေရော ငွေစက္ကူ သုံးသောင်းဖိုးရော ယူသွားဟန်တူတယ်"

အုပ် - "သို့သော် တစ်ခုစဉ်းစားဖို့ရှိတယ်၊ ငွေသုံးသောင်းကတော့ ကိုသန်းတင်ရဲ့လက်မှာပါသွားကြောင်းသေချာရဲ့နဲ့ စာရွက် တွေကတော့ ဦးတုတ်ကြီးနဲ့ ဦးထွန်းဖေတို့လက်ကို အပ်လိုက် ချင်အပ်လိုက်နိုင်တယ်"

ထွန်း - "ဦးတုတ်ကြီးကိုတော့ မအပ်ကြောင်းသေချာတယ်၊ အပ်ရင် သူပြောမှာပေါ့"

အုပ် - "ဒါပေမယ့် ဦးထွန်းဖေရှိသေးတယ်၊ သူ့လက်ထဲပါသွားချင် ပါသွားမှာပေါ့"

ထွန်း - "ဟုတ်တယ် ဒီလူကြီးပျောက်သွားပုံထောက်တော့ မသင်္ကာ

ဖို့အများကြီးရှိနေတယ်၊ သူကိုယ်သူ သူဌေးဆိုပေမဲ့ ငွေသုံး သောင်းနဲ့ အဖိုးတန်စာရွက်များကို မယူလိုဘူးလို့ ဘယ်သူက မှ တာဝန်မခံနိုင်ပေဘူး"

အုပ် - "ဒါတော့မှန်တယ် သို့သော် ဦးထွန်းဖေအကြောင်းကို ရန် ကုန်ပုလိပ်ထံ အကြောင်းကြားလိုက်ပြီဖြစ်လို့ ရန်ကုန် သတင်းကို နားထောင်ကြရဦးမှာပဲ"

ထွန်း - [စီးတရက်ကိုမှာရင်း စဉ်းစားစိတ်ကူးနေပြီးမှ] "ကျွန်တော် တော့ဗျာ ခင်ခင်ကြီးသာ ဦးထွန်းဖေအကြောင်းကို သူပြော သလောက်ထက် ပိုပြီးသိသေးတယ် မှတ်တာပဲ အကုန်ဖွင့် မပြောဘူးထင်တယ် ဗိုမိန်းမက သိပ်ပြီး မရိုးလှပေဘူးဗျာ"

အုပ် - "ကျုပ်လဲ ဒီလိုပဲ သဘောရတယ်၊ ဓါကြောင့် ကိုဘဦး အပေါ် မှာ သူပြောသလောက် ကျုပ်တို့မယုံကြည်လို့ သိပ်ပြီးအရေး မယူဘဲနေကြတာပေါ့"

ထွန်း - "ဓါဖြင့် ဒီလိုလုပ်ကြစို့ဗျာ"

အုပ် - "ဆိုစမ်းဗျို့"

ထွန်း - "ကျွန်တော်တို့က ခင်ခင်ကြီးဆီသွားပြီး အလုံးစုံသိပြီးဖြစ် လေဟန် ဖိန်းစမ်းပြီးစကား အောက်ယူကြစို့လား၊ လိုက်ခဲ့ ဗျာ ကျွန်တော် ညစ်ကြည့်စမ်းပါရစေ"

ထိုအကြံအစည်ကိုဌာနာအုပ်လည်း သဘောတူသည်နှင့် ၎င်းတို့ နှစ်ယောက်သည်ခင်ခင်ကြီးထံသွားလေရာ မင်းကတော် ခင်ခင်ကြီးလည်း အရာရှိနှစ်ယောက်ကို ဝမ်းမြောက်သော အမူအရာနှင့် ညှော်ခံစကားပြော လေ၏။

ခင် - "ကျွန်မစည်သည် သူဌေးဦးထွန်းဖေရဲ့ အကြောင်းကို ရှင်တို့ ထောက်လှမ်းစုံစမ်းလို့ သတင်းရကြပါပြီလား၊ ကိုယ့်အိမ် မှာလာပြီး တည်းခိုနေတဲ့ ဧည့်သည်တစ်ယောက် အခုလို

www.burmeseclassic.com

www.burmeseclassic.com

ပျောက်ခြင်းမလှ ပျောက်သွားရတယ်ဆိုတော့ ကျွန်မ အခေါ် မှာ တာဝန်မကင်းဖြစ်နေတာပေါ့ ဒီအရပ်ဆိမှာ လူမြန်ဆေး လုပ်တတ်တဲ့ လူဆိုးအသင်းများရှိလေသလား ရှင်တို့ဘာသ တင်းများကြားရပါသေးသလဲ"

ထွန်း - "ဦးထွန်းဖဲအကြောင်းကို ကျွန်တော်တို့ထောက်လှမ်းပြီးလို့ အလုံးစုံသိရပါပြီ မင်းကတော်"

ထိုစကားကိုကြားလိုက်ရသောအခါ ခင်ခင်ကြီးသည် စီးတရက်မိ ညိုမည်းပြရာမှ လန့်ဖျပ်ကာ ဖျတ်ခနဲ မော့ကြည့်လိုက်ပြီးလျှင် . . .

ထွန်း - (မျက်နှာထား တည်တည်ထားလျက်)" ဒီလိုပါမင်းကတော် ဦးထွန်းဖဲလုပ်သွားတာကို ကျွန်တော်တို့ မရိပ်မိဘူးထင်လို့ မင်းကတော်က ထင်နေတယ်၊ ကျွန်တော်တို့ကတော့ အား လုံးသိကြရပြီ၊ ဟိုညကဟာစ်ပလုံ ဟိုတယ်မှာ ကိုသန်းတင်နဲ့ တွေ့ဆုံကြတဲ့ လူနှစ်ယောက်အနက် တစ်ယောက်ဟာ ဦးထွန်းဖဲပဲ၊ မဟုတ်ဘူး လုပ်မနေပါနဲ့ မင်းကတော် ကျွန်တော်တို့သိရပြီးပါပြီ၊ ဦးထွန်းဖဲက နာရီပြန် ၂ချက် လောက်မှာ ဒီအိမ်ကထသွားပြီး ကိုသန်းတင်တို့နဲ့ စကား သွားပြောပါတယ်၊ ပြီးတော့လဲ ကိုသန်းတင် မသေခ် နောက်ဆုံးသူနဲ့ စကားပြောရတဲ့လူဟာ ဦးထွန်းဖဲပဲလို့ ကျွန်တော်တို့ သိပြီးပါပြီ မင်းကတော်"

ခင် - |သောက်ဖွာနေသောစီးကရက်ကိုလွှင့်ပစ်လျက်| "မဟုတ် နိုင်ပါဘူးရှင်၊ ကျွန်မကိုလာပြီး ညာမနေပါနဲ့ ကျွန်မ မယုံ နိုင်ပါဘူး"

ထွန်း - |အရေးမကြီးလှသော အမူအရာနှင့်| "မင်းကတော် မယုံတာ ယုံတာ အရေးမကြီးပါဘူး၊ ကျွန်တော်တို့သိတာသာ လိုရင်းပဲ ကျွန်တော်တို့က ဘာသိသလဲဆိုတော့ ဦးထွန်းဖဲ ပျောက်သွား

သယောင်နဲ့ မင်းကတော်က ပရိယာယ်ဟန်လုပ်နေတာကို ကျွန်တော်တို့သိတယ်၊ ကျွန်တော်တို့ကို မင်းကတော်က စကားကုန်ဖွင့်မပြောဘဲ လျှို့ဝှက်ထားတယ်ဆိုတာ ကျွန် တော်တို့သိတယ်၊ ဒီလိုလုပ်နေရင် မင်းကတော်ပါ ဒုက္ခ ရောက်သွားမယ်၊ မလုပ်ပါနဲ့ မင်းကတော် သိသမျှကို ဖွင့်ဟလို့သာပြောလိုက်ပါ၊ ဟိုညက ဦးထွန်းဖဲဟာ မင်းက တော်ရဲ့အိမ်က တိတ်တဆိတ် ထွက်ပြေးသွားတယ်ဆိုတာ ကျွန်တော်တို့သိပြီးသားပါ ဖွင့်ပြောလိုက်ပါတော့ သူအခု ဘယ်မှာရောက်နေသလဲ"

ထိုအခါ ခင်ခင်ကြီးသည် မျက်လုံးကလေး ပုတ်ခတ် ပုတ်ခတ်နှင့် မောင်သန်းထွန်း၏မျက်နှာကို စိုက်ကြည့်နေသဖြင့် မောင်သန်းထွန်းက မိမိ၏ပြန်းလုံးနေရာကျပါမည်လောဟု တောက်မေ့မိရာ နောက်ဆုံးကွင်းမှ

ခင် - "မိုးကုတ်ရောက်နေပြီ ထင်တယ်"

ထွန်း - "ဘယ်နည်းနဲ့ရောက်သွားသလဲ ဘယ်လိုလုပ်ပြီးသွားလိုက် ပါသလဲ"

ခင် - "လှခြေတိတ်လောက်မှာ သင်္ဘောဆိပ်ဆင်းသွားပြီး သမ္ဗန် ငှားပြီး သပိတ်ကျင်းလိုက် သပိတ်ကျင်းကမှ မိုးကုတ်ကို မော်တော်ကားနဲ့ သွားပါတယ်"

ထွန်း - "ဘာကြောင့် ဒီလိုသွားရတာလဲ"

ခင် - "လူသတ်မှုအတွက် သက်သေလိုက်မနေချင်လို့ နားအေးရ အောင် လူမသိတဲ့ အရပ်ကို ထွက်သွားရတယ်လို့ ပြော ပါတယ်"

ထွန်း - "ရန်ကုန်ပြန်မယ်ဆိုပြီး ဘာကြောင့် မပြန်သလဲ"

ခင် - "ရန်ကုန်ပြန်ရင် ရန်ကုန်လိုက်ပြီး သမ္ဗန်ချနေလိမ့်မယ်တဲ့၊ ဒါကြောင့် လူမသိအောင် ရှောင်ထွက်သွားတယ်လို့ ပြော

www.burmeseclassic.com

www.burmeseclassic.com

ပါတယ်"

ထိုအခါ အရာရှိနှစ်ယောက်တို့သည် ပြန်တော့မည်ဟု ထိုင်ရာမှ ထကြလေရာ ခင်ခင်ကြီးသည် တုန်ရီသောအသံဖြင့် . . . .

ခင် - "ကိုသန်းတင်ကို ဦးထွန်းဝံသတ်တယ်လို့ ရှင်တို့ထင်ကြသလား ပြောစမ်းပါရှင်"

ထွန်း - "အခုတော့ ကျွန်တော်တို့ဘာမျှ မပြောနိုင်သေးဘူးမင်းကတော်"

ဇင်းနောက် ဌာနာအုပ်နှင့် မောင်သန်းထွန်းတို့သည် ခင်ခင်ကြီး၏ နေအိမ်မှ ထွက်လာခဲ့ကြလေရာ ဌာနာအုပ်က မောင်သန်းထွန်း၏ ဗိုန်းလုံးနေရာကျကြောင်းကို ချီးကျူးထောက်ခံပြောဆိုသွားလေ၏။

★ ★ ★

အခန်း | ၁၀ |

တနင်္လာနေ့ ရုံးဆင်းချိန်၌ ဌာနာအုပ်နှင့် မောင်သန်းထွန်းတို့သည် အရေးပိုင်ရုံးသို့သွားကြ၍ သေနတ်လိုင်စင်စာရင်း စာအုပ်ကိုတောင်းယူပြီးလျှင် ချုံတွင်တွေ့ရသော သေနတ်နံပါတ်နှင့်တိုက်ကြည့်ကြသောအခါ မောင်သုတော်၏ဖခင် ကွယ်လွန်သူဦးထွန်းပြည့်၏ သေနတ်နံပါတ်နှင့် ကိုက်ညီလျက်ရှိကြောင်းတွေ့ရှိကြရသဖြင့် တစ်ယောက်၏မျက်နှာကိုတစ်ယောက်ကြည့်ကာ ရုံးပေါ်မှ ဆင်းလာခဲ့ကြလေ၏။ လမ်းခရီးတွင် . . .

အုပ် - "ဒီလိုဆိုရင် ဦးထွန်းပြည့်ရဲ့ သေနတ်ကို မောင်သုတော်က ယူပြီး ကိုသန်းတင်ကို ပစ်သတ်ပြီးတဲ့နောက် ချုံထဲမှာ ဝှက်ထားတယ်လို့ တွေးထင်စရာ ဖြစ်နေပြန်တာပေါ့"

ထွန်း - "ထိုနေ့နံနက်က ဦးထွန်းပြည့်သေဆုံးတော့ အခန်းထဲမှာ မောင်သုတော်ရှိတုန်း သေနတ်သံကြားရတယ်လို့ ထွက်ဆိုကြတယ်မဟုတ်လား၊ မောင်သုတော်ဟာ တစ်ချိန်တည်းမှာ နှစ်နေရာစလုံးမှာ ရှိမနေနိုင်ဘူးခင်ဗျာ၊ သို့သော် သေနတ်သံကြားရတဲ့အချိန်မှာ မောင်သုတော်ဟာ အိမ်မှာရှိတယ်ဆိုတာ မှန်မမှန် သေချာအောင် စုံစမ်းဦးမှတော်မယ်၊

ဥတ္တရလွင်ပြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဟောဟိုက ဦးသောကြာဆိုတဲ့ လူကြီးမဟုတ်လား"

အုပ် - "ဟုတ်သားပဲ အဆင်သင့်လိုက်လေဗျာ၊ မေးကြည့်ကြရအောင်"

ထိုခဏ၌ ဦးသောကြာသည် ဈေးဘက်မှ ကာဖီမှုန့်တစ်ဘူးကို ကိုင်လျက် လျှောက်လာသည်နှင့် တွေ့ကြရလေ၏။

အုပ် - "ဘယ့်နှယ်လဲ ဦးသောကြာ သည်အမှုတွေကဖြင့် တယ်ရှုပ်နေပါကလား ခပ်အေးအေးနေတတ်တဲ့လူ အဖို့တော့ ဒုက္ခကြီးပဲ"

ကြာ - "ဒုက္ခက ကိစ္စမရှိပါဘူး၊ ဌာနာအုပ်မင်းအရေးတစ်ခု မပြီးခင် တစ်ခုဆင့်ဆင့်ပြီးပေါ်လာပုံကို ကျွန်တော်က အံ့ဩလို့ မကုန်နိုင်ဘူး၊ ရှေးဦးစွာ မောင်သန်းတင်က ၅နှစ် လုံးလုံး ပျောက်နေပြီးမှ ဖြုံးဆို ပြန်ရောက်လိုက်ပါရောခင်ဗျာ၊ ဦးထွန်းပြည့်က သေလိုက်ပါရောခင်ဗျာ၊ မောင်သန်းတင် အသတ်ခံရပြန်ပါရောခင်ဗျာ၊ မိမိက မောင်သူတော်နဲ့ စကားကြောင်းလမ်းဖို့ အိမ်က မိန်းမကစီမံပါရော ခင်ဗျာ၊ ဒီအတောအတွင်းမှာ မောင်သန်းတင်ရဲ့ အမွေခံမည့်သားကလေးကရောက်လာပြန်ရောခင်ဗျာ၊ ကျွန်တော်ဖြင့် ရန်ကုန်ရောက်တုန်းက အင်္ဂလိပ်မျက်လှည့်ကြည့် ခဲ့ရတာလို တစ်ခုပြီးတစ်ခု အံ့ဩလို့ မဆုံးနိုင်အောင်ဖြစ်နေပြီကော ဌာနာအုပ်မင်း"

အုပ် - "အသက်တစ်ရာ မနေရသော်လည်း အမှုတစ်ရာတွေ့ရဆိုတဲ့ စကားပုံလိုပ ဦးသောကြာ၊ ဓါထက် မောင်သူတော်က ကိုသန်းတင်ရဲ့ သားကလေးရောက်လာတာ စိတ်ပျက်ပုံရသလား"

ကြာ - "ပျက်ပါလိမ့်ဗျာ၊ မောင်သူတော်ရော မတင်ကြည်ကရော

တူကလေးကို ဖူးဖူးမှုတ်နေကြတာပဲ တော်ကြပါပေတယ်ခင်ဗျာ"

ထွန်း - "မောင်သူတော်က ကြင်နာတတ်တဲ့ စိတ်သဘောရှိပုံရတယ် သူ့အဖေ အနားမှာ တစ်ညလုံးစောင့်ရှာတာ မိုးကို ထိန်ထိန်လင်းရော သိပ်တော်တဲ့ သားကလေးပါပေခင်ဗျာ၊ မောင်သန်းတင်လို မဟုတ်ပါပေဘူး၊ မိဘကို စိတ်နှလုံးပူပန်အောင် ဘာမှမလုပ်ပေဘူးခင်ဗျား၊ အမွေတွေကို ရခြင်းရသူရထိုက်ပါပေတယ်၊ သို့သော်လဲ ပထမမယားကြီးရဲ့ ပစ္စည်းတွေကများပေတာကိုခင်ဗျာ၊ ကိုင်း၊ ကိုင်းကြွ ကြပေဦးတော့ အိမ်မှာ ဧည့်သည်တွေရောက်နေလို့ ကာဖီမှုန့်ကုန်နေလို့ ပြန်လိုက်ပါဦးမယ်"

၎င်းနောက် ဦးသောကြာလည်း ဇရစ်ချောင်ဘက်သို့ ထွက်သွားလေ၏။

အုပ် - "ဒီလိုဆိုရင် မောင်သူတော် မသတ်ကြောင်းတော့ သေချာနေပြီ ဟိုအချိန်မှာ သူ့အဖေအနားမှာရှိတယ်ဆိုကပဲ"

ထွန်း - "ကျွန်တော်ကတော့သေနတ်ကို မောင်သူတော်သုံးတယ်လို့ အစကတည်းက မထင်မိပါဘူး သို့သော် ဦးထွန်းပြည့်ရဲ့ သေနတ်ကချျထဲကို ဘယ်နည်းနဲ့ ရောက်နေသလဲလို့ ထောက်လှမ်းရဦးမယ်"

အုပ် - "မောင်သူတော်ကို တိုက်ရိုက်မေးချင်သလား"

ထွန်း - "အခုတော့ ကျွန်တော်မမေးလိုသေးဘူး၊ ဟိုတယ်ပြန်ပြီး ထမင်းစားလိုက်ဦးမယ်"

အုပ် - "ကိုင်း ဒါဖြင့်ပြန်ပေတော့ နောက်မှတွေ့ကြသေးတာပေါ့"

၎င်းနောက် မောင်သန်းထွန်းကို ဟိုတယ်သို့ပြန်၍ အစီအကြော်နှင့် ကတ္တလိတ်တို့ကို ထမင်းနှင့်စားသုံးလျက်ရှိစဉ် အခြားအခန်းမှ လူတစ်စုတို့

www.burmeseclassic.com

www.burmeseclassic.com

သည် ဘီယာနှင့် ဝက်အူချောင်းများစားသောက်ရင်း ပြော၍မညည်းနိုင်သော လူသတ်မှုအကြောင်းကို ထင်မြင်ချက်ပေးကာ ပြောဆိုနေကြသဖြင့် ကိုသန်းထွန်းလည်း နားစိုက်ကာ ထောင်နေမိလေ၏။

တစ်ယောက် - "လူသတ်မှုက အခုကော ဘာတစ်ခုမှ သဲလွန်စ မပေါ်ဘူးမှတ်တယ်"

တစ်ယောက် - "ညဲ့မယ်သာညဲ့တယ် ရန်ကုန်က အထူးစုံထောက်တစ်ယောက်ကိုယ်တိုင်လာပြီး စုံထောက်နေဆိုပါကလား"

တစ်ယောက် - "လူပုံကတော့ လူသွက်ကလေးဘဲဗျ၊ ပေါ်အောင်လိုက်နိုင်မလား မလိုက်နိုင်ဘူးလားတော့ မဆိုနိုင်ဘူး"

တစ်ယောက် - "ဘာမှ မခက်ပါဘူး မိတ်ဆွေတို့ မင်းကတော်ခင်ခင်ကြီးကို ဖမ်းပြီးစစ်လိုက်ရင် အားလုံးပေါ်မှာပေါ့၊ ဒီမိန်းမကတော်တော်ရှုပ်တဲ့မိန်းမဗျ၊ မိန်းမဆိုရင် ကျုပ်ကတော့ ဘယ်သူမှမယုံဘူး၊ ရှုပ်လေသမျှ သူတို့ချည့်ပဲ"

တစ်ယောက် - "မှန်တယ်၊ ရှုပ်လေသမျှ မိန်းမချည့်ပဲ နို့ပေမယ့် ကျုပ်ကတော့ ဒီအမှုမှာ မသင်းထုံကို သာပြီး မသင်္ကာဘူး"

တစ်ယောက် - "ဘာကြောင့်လဲဗျ"။

တစ်ယောက် - "ကြည့်ပါလားဗျာ ဦးထွန်းပြည့်ရဲ့ မသာမှ မချရသေးဘူး သူတို့သားအမိက မောင်သူတော်ကို ဂွင်းပတ်ပြီး ဖမ်းနေကြတာ မတွေ့ဘူးလား၊ ကျုပ်ကတော့ သူ့သမီးအမွေရအောင် ကိုသန်းတင့်ကို မသင်းထုံက သုတ်သင်ပေးလိုက်တယ် ထင်တာပဲ"

တစ်ယောက် - "အရမ်းမပြောနဲ့လေ အသရေပျက်မှုနဲ့ တရားစွဲလို့ဒုက္ခရောက်နေမယ်"

တစ်ယောက် - "အရမ်းမပြောဘူး၊ ကျုပ်ထင်လို့ပြောတာ"

တစ်ယောက် - "သတ်တာက ခြောက်လုံးပြူးနဲ့ဗျ၊ မသင်းထုံမှာ သေနတ်ရှိလို့လား"

တစ်ယောက် - "သေနတ်ရှိလား မရှိလားတော့ မဆိုနိုင်ဘူး၊ သူကြက်တွေကို ကြောင်ဝန်ပိုက်လာဆွဲတုန်းက ခြောက်လုံးပြူးကိုင်ပြီး ပစ်နေတာတော့ ကျုပ်မျက်စိနဲ့ မြင်လိုက်ရဖူးတယ်"

တစ်ယောက် - "ကြံကြံစည်စည်ဗျာ၊ ဘယ်က သေနတ်ရနိုင်မှာလဲ"

တစ်ယောက် - "ဦးထွန်းပြည့်မှာ သေနတ်ရှိတယ်ဗျ၊ မောင်သူတော်က သူတို့အိမ်ကို လာလာနေလေတော့ ယူလာချင် ယူလာနိုင်တာပေါ့"

တစ်ယောက် - "မိန်းမတန်မဲ့နဲ့ သေနတ်ပစ်တတ်သလားဗျ"

တစ်ယောက် - "အောင်မယ်သူက ခဏခဏကျင့်နေတာခင်ဗျ"

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၁၁ |

မောင်သန်းထွန်းသည် အခြားသော စားပွဲခန်းမှ ထိုသူတို့၏ စကားပြောသံကို တစ်ခုမကျန်ကြားနာမှတ်သားထား၍ နောက်ဆုံးစကားပြောသောလူ၏ အသံကိုလည်း မှတ်ထားလိုက်၏။ ၎င်းနောက် ထိုအခန်းမှ လူများကိုမြင်နိုင်သော နေရာမှထ၍ကြည့်ပြီးလျှင် မသင်းထုံကို စွပ်စွဲသော နောက်ဆုံးစကားပြောသူ၏ မျက်နှာကို စိတ်ထဲတွင် မှတ်သားလိုက်၏။ ထိုလူမှာ ဇရစ်ချောင်ရွာအစွန်းတွင်နေထိုင်သော ထင်းခုတ်သမား ဘထူး ဖြစ်လေသည်။

နောက်ဆုံး၌ လူစုခွဲကြသောအခါ မောင်သန်းထွန်းသည် ဘထူးကို ခေါ်၍ မိမိအခန်းသို့ သွင်းပြီးလျှင် စစ်ဆေးစုံစမ်းလေ၏။

ထွန်း - "ကျုပ်ကို ခင်ဗျားသိတယ်ဟုတ်လား"

ထူး - "သိသားပဲ ရန်ကုန်က စုံထောက်ဆိုမဟုတ်လား"

ထွန်း - "ဟုတ်ပါတယ် မသင်းထုံအကြောင်းကို ခင်ဗျားပြောတာ ကျုပ်ကြားတယ်၊ သူ့လက်ချက်လို့ ခင်ဗျားပြောမိတယ် မဟုတ်လား"

ထူး - "ပြောပါတယ် ဒါပေမယ့် တမင်ပစ်သတ်တယ်လို့ မဆိုလို

ပါဖူး၊ သူ့လက်ထဲမှာ သေနတ်ပြောင်မြင်ဖူးလေတော့ မကိုင်တတ် ကိုင်တတ်နဲ့ ပစ်ရာမှာ မတော်တဆမှန် ခြင်းဖြစ်နိုင်ပါတယ်"

ထွန်း - "ဟိုနံနက်က သူပစ်တာကိုတော့ မမြင်မိဘူးပေါ့"

ထူး - "ဟိုနေ့ကတော့ မမြင်ရပါ ဒီ့အရင်က မြင်ရဖူးပါတယ်"

ထွန်း - "မသင်းထုံလက်ချက်လို့ ထင်တဲ့လူများ ရှိသေးသလား"

ထူး - "တစ်ရွာလုံးက ထင်နေကြပါတယ်"

ထွန်း - "ဒါဖြင့် ဘာ့ကြောင့်လာပြီး မတိုင်ကြသလဲ"

ထူး - "ရွာသူရွာသားဆိုတာ ပုလိပ်နဲ့ မတွေ့လိုပါ မေးလာမှ ဖြေကြပါတယ်"

ထွန်း - "ဘာကြောင့်ပစ်သတ်တယ်လို့ ထင်ကြသလဲ"

ထူး - "မိန်းမက အကြံကြီးတဲ့ မိန်းမခင်ဗျ၊ သူ့သမီးကို ရွာသားနှင့်ဆိုရင် ဝေးရော၊ မြို့ဘုပ် ဝန်ထောက်ကိုမှ လှမ်းနေတာ ဒီအထဲမှာ အရွယ်မရောက်တရောက် မောင်သူတော်ကလေးကို မိထားလေတော့ သူ့သမီးချည့် အမွေရအောင် ကိုသန်းတင်ကို ဖျောက်ဖျက်ပစ်တယ်လို့ ထင်နေကြတယ်"

ထွန်း - "မသင်းထုံကိုင်တဲ့ ခြောက်လုံးပြူးသေနတ်ကို မြင်ဖူးသလား"

ထူး - "မြင်ဖူးပါတယ်"

ထွန်း - "မြင်ရင် မှတ်မိပါ့မလား"

ထူး - "မှတ်မိပါတယ်"

ထိုအခါ မောင်သန်းထွန်းသည် ချိုထဲမှတွေ့ရသော သေနတ်ကိုယူ၍ မောင်ဘထူးအားပြလေရာ. .

ထူး - "ဟုတ်လိုက်တာမှခင်ဗျာ ဒီသေနတ်ကို အစစ်ပါပဲ၊ ဒန်ရောင်ကလေးတလက်လက်နဲ့ ဟုတ်ပါတယ်"

ထွန်း - "ကိုင်း ကိုယ့်လူတော်ပြီ ဒီအကြောင်းကို ဘယ်သူ့မှ မပြောနဲ့ ကြားလား"

www.burmeseclassic.com

www.burmeseclassic.com

မောင်ဘထူးထွက်သွားသောအခါ မောင်သန်းထွန်းသည် ဌာနသို့ သွား၍ ဌာနအုပ်နှင့် တိုင်ပင်ကြပြီးလျှင် ပုလိပ်သားတစ်ယောက်ကိုခေါ်၍ အရာရှိနှစ်ယောက်တို့သည် ဇရစ်ချောင်သို့ သွားကြလေ၏၊ မသင်းထုံ၏ နေအိမ်သို့ရောက်ကြသောအခါ မိမိမှာ မတင်ကြည်တို့၏နေအိမ်သို့ သွားနေခိုက်ဖြစ်သဖြင့် မသင်းထုံတစ်ယောက်တည်းရှိနေလေ၏။ မသင်းထုံသည် အရာရှိများကိုမြင်သောအခါ စိတ်တိုဟန်လက္ခဏာနှင့် . .

ထုံ - "ဘာလဲ ရှင်တို့ ဘာလုပ်လာကြတာလဲ"

အုပ် - "လည်ရင်းပတ်ရင်းပေါ့ဗျာ မထိုင်ကြရဘူးလား"

ထုံ - "ထိုင်ချင်ထိုင်တာပေါ့"

ထွန်း - "ဟိုတစ်နေ့ကအကြောင်းကလေးကိုအချင်းချင်းလိုသဘောနဲ့ တိုင်ပင်စကားပြော ကြရအောင်လို့ လာကြပါတယ်"

ထုံ - "ရှင်တို့ ပုလိပ်တွေနဲ့ အချင်းချင်းမတော်ချင်ပေါင် ပြောစရာရှိ ပြောပါ"

ထွန်း - "တခြားတော့ မဟုတ်ပါဘူး၊ လူသတ်မှုအကြောင်းကလေးပါပဲ"

ထုံ - "မောင်သန်းတင် လူသတ်မှုအကြောင်းလား၊ လာပြန်ပြီ ရှင်တို့က ရွာထဲက လူတွေက မောင်သန်းတင်ကို ကျုပ်က သတ်ပစ်သလို ထင်တယ်လို့ ပြောနေကြသတဲ့ ဘယ်သူကစပြီး သွားပုတ်လေလွင့် ပြောသလဲလို့ ကျုပ်သိစမ်းချင် တယ် ပုဒ်မ ၅၀၀နဲ့ တရားစွဲလိုက်မှာ"

အုပ် - "ပုဒ်မတွေ ပုဒ်ထီးတွေနဲ့ ဥပဒေကို အရည်ကျိုသောက်နေတဲ့ အဒေါ်ကြီးထင်တယ်"

ထုံ - "မိမိတို့အဖေက စာရေးကြီးပဲ၊ ကျုပ်ဘာလို့မသိဘဲနေရမှာလဲ"

ထွန်း - "ဟုတ်ပေသားပဲ မဟုတ်မတရားပြောရင် တရားစွဲနိုင်ပေတာ

ပေါ့၊ ဒီအကြောင်းနဲ့ပတ်သက်ပြီး မေးစရာကလေးနည်းနည်း ရှိလို့ ကျွန်တော်တို့ လာခဲ့ခြင်းဖြစ်တယ်"

ထုံ - "မေးစရာရှိတာမေးလေ ကျုပ်က ဖြေသင့်ရင်ဖြေမှာပေါ့"

ထွန်း - "ဝန်ထောက်မင်းစစ်ဆေးတုန်းက ကိုဘဦးကို နံနက်စောစော မြင်လိုက်ရတယ်လို့ အစစ်ခံတယ်မဟုတ်လား"

ထုံ - "ခံတယ် ဘာဖြစ်သလဲ"

ထွန်း - "ဘယ်နေရာကနေပြီး မြင်လိုက်ရသလဲ"

ထုံ - "ဟောဟိုအနားက မြင်လိုက်ရတယ်"

ထွန်း - (ညွှန်ပြသောနေရာမှ ရပ်ကြည့်လျက်) "ဒီနားကနေကြည့်လို့ ဝင်းပေါက်ဆီကို မမြင်ရပါဘဲကလား . မှန်မှန်ပြောပါ ဒီအနားကနေ မြင်တာဟုတ်ရဲ့လား၊ အဲဒီနေ့က ခင်ဗျားလဲ ချိုင့်ကြီးနားရောက်နေလို့ ချိုင့်ကြီးနားကနေပြီး မြင်လိုက်ရတာ မဟုတ်လား"

ထုံ - (မျက်နှာပျက်လျက်) "ဟုတ်ရင်ကော ဘာပြုသလဲ"

ထွန်း - "ခင်ဗျားက နံနက်စောစောကြီးမှာ ချိုင့်ကြီးနားဘာလုပ်နေတာလဲ"

ထုံ - "ကျုပ်လုပ်ချင်တာ လုပ်နေတာပေါ့ ရှင်နဲ့ဘာဆိုင်သလဲ"

အုပ် - "ဒီလိုမလုပ်နဲ့လေ မေးတာကိုကောင်းကောင်းဖြေမှပေါ့၊ ခင်ဗျားချိုင့်ကြီးနားသွားသွားပြီး ကြောင်ဝန်ပိုက်ချောင်းနေကြမဟုတ်ဘူးလား၊ ကြက်တွေကိုလာလာပြီး ဆွဲတဲ့ကြောင်ဝန်ပိုက်လေ"

ထုံ - "ကျုပ်ကြက်တွေလာဆွဲလို့ချောင်းရင် ဘာဖြစ်သလဲ"

ထွန်း - "ချောင်းရပါတယ် ချောင်းတာကတော့ နို့ပေမယ့် ဘာနဲ့ ချောင်းသလဲ"

ထုံ - "တုတ်နဲ့ချောင်းတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

ထွန်း - "မဟုတ်သေးဘူးလေ သေနတ်သံကြားတယ်လို့ ပြောကြတယ် ဘာသေနတ်လဲ နှစ်လုံးပြူးလား ခြောက်လုံးပြူးလား"

ထုံ - "ရှင်တို့ကို ဘယ်သူကပြောသလဲ"

ထွန်း - "ဘယ်သူက ပြောပြောလေ ဒန်ရှောင်ခြောက်လုံးပြူးလေး မဟုတ်ဘူးလား မှန်မှန်ပြောစမ်းပါ"

ထုံ - "ဟုတ်ရင်ကော ဘာပြုသလဲ"

ထွန်း - "ဟုတ်ပါပြီ ဟုတ်ပါပြီ သေနတ်ကို ဘယ်ကရသလဲ"

ထိုအခါ မသင်းထုံသည် ကုလားထိုင်ပေါ်တွင် ဆေးလိပ်သောက်ရင်း ထိုင်နေရာမှ ဆေးပေါ့လိပ်ကို ချထား၍ ရုတ်တရက် လက်ပိုက်လိုက်ပြီးလျှင်

ထုံ - "ရှင်တို့က ကျုပ်ကို ဒီလိုအပေါက်မျိုးနဲ့ လုပ်လို့ရလိမ့်မယ် ထင်သလား၊ ကျုပ်ယောကျ်ားက စာရေးကြီး ကျုပ်မောင်က ရှေ့နေဗိုလ်လောက်တော့ နားလည်သေးတယ်၊ ကျုပ်က ဟုတ်ရင် ဘာပြုသလဲလို့ပြောကာရှိသေး ရှင်တို့က ဟုတ်ပြီးသား အဓိပ္ပာယ် ဝန်ခံပြီးသား အဓိပ္ပာယ် ကောက်ယူနေကြတယ် ကျုပ်က ဟုတ်ပါတယ်လို့ ဝန်ခံချက်ပေးတာမဟုတ်သေးဘူး၊ တော်စမ်းပါ ရှင်တို့ပုလိပ်ပေမယ့် ရှင်တို့လောက်တော့ ကျုပ်ပါးပါးသေးတယ်၊ လူကိုလာပြီး ဖိန်းလို့မရဘူး မှတ်လိုက်ပါ"

ထွန်း - "ဒီလိုပါ ဒေါ်သင်းထုံ ကျွန်တော်တို့က ဖိန်းနေတာ မဟုတ်ပါဘူး၊ ကျွန်တော်တို့သိထားရသလောက် အတည့်အလင်း စုံစမ်းနေရခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့က ခြောက်လုံးပြူးသေနတ်တစ်လက်တွေ့ထားလေတော့ . . ."

ထုံ - [ရုတ်တရက်ထိုင်ရာမှထလျက်] "တွေ့ထားကြတယ်"

ထွန်း - "မှန်ပါတယ် တွေ့ထားပါတယ် ဘယ်နေရာက တွေ့တယ်ဆိုတာကိုလဲ ခင်ဗျားတွေးပြီးဖြစ်ပါလိမ့်မယ်၊ ခြောက်လုံးပြူးနံပါတ်ကို ရုံးမှာတိုက်ကြည့်တော့ ကွယ်လွန်သူ ဦးထွန်းပြည့်ရဲ့ သေနတ်ဖြစ်ကြောင်း သိခဲ့ရပါတယ်၊ ဒီတော့ကာ ဦးထွန်းပြည့်ရဲ့ သေနတ်ကို မောင်သူတော်ကယူပြီး ကြောင်ဝန်ပိုက်ပစ်ဖို့ ငှားဖူးတယ်ဟုတ်လား မှန်မှန်ပြောစမ်း"

မသင်းထုံသည် ပုလိပ်အရာရှိတို့ကို တစ်ယောက်ပြီးတစ်ယောက် ကြောင်တောင်ငေးကာ အတန်ကြာအောင် ကြည့်နေပြီးနောက်

ထုံ - "သွားကြ တတ်နိုင်တာကိုင်ချေကြ ရှင်တို့မေးတာ ကျုပ် ဘာမှမဖြေဘူး လုပ်ချင်တာလုပ်ကြ"

အုပ် - "ဒါဆိုရင် ဌာနကို ခင်ဗျားလိုက်ခဲ့ရုံရှိတာပေါ့"

ထုံ - "ဘာလဲရှင်တို့က မိန်းမသားတစ်ယောက်ကို ဖမ်းကြမလို့လား လူစွမ်းကောင်း ပုလိပ်တွေလား"

အုပ် - "အလုပ်ဝတ္တရားအတိုင်းလုပ်ရပါတယ်"

ထုံ - "ဒါဖြင့် ဖမ်းကြ နောက်တော့ ရှင်တို့ သိစေမယ်ဖမ်းကြ"

ပုလိပ်အရာရှိများသည် ပုလိပ်သား၏အကူအညီဖြင့် မသင်းထုံကို ဌာနသို့ခေါ်ဆောင်သွားကြလေ၏။

★ ★ ★

www.burmeseclassic.com

www.burmeseclassic.com

အခန်း | ၁၂ |

မသင်းထုံသည် ပုလိပ်သားတစ်ယောက်၏ အစောင့်အကြပ်ဖြင့် ဒေါပွလျက်လိုက်ပါလာခဲ့လေရာ . . . . .

ထုံ - "ဒါနဲ့များ ရှင်တို့က အချင်းချင်းလေး ဘာလေးနဲ့ စကား ခင်းနေလိုက်ကြသေးတယ်၊ လက်စသတ်တော့ ကျုပ်ကို ဖမ်းရအောင် တမင်လာကြတာပလေ"

အုပ် - "ကျွန်တော်တို့ မေးခွန်းကိုကောင်းကောင်းဖြေရင် ဖမ်းသင့် မှဖမ်းရမှာပေါ့ အခုတော့ ခင်ဗျားက. . ."

ထုံ - "တော်စမ်းပါရှင် ရှင်တို့မေးတာ ကျုပ်ဘာတစ်ခုမှ မဖြေ ဘူး ကျုပ်လဲ ရွှေနေနှမပဲ ဒါလောက်တော့ နားလည်သေး တယ်၊ ရွှေနေနဲ့ တိုင်ပင်ပြီးမှ ကျုပ်ပြော ချင်တာရှိရင် ပြောတော့မယ်"

အုပ် - "ဒါမတော့ ခင်ဗျားသဘောပဗျာ"

ထုံ - "ဌာနရောက်ဟော့ ကျုပ်မောင်ရွှေနေနဲ့ ကျုပ်တိုင်ပင်ခွင့် ရရဲ့လား"

အုပ် - "တိုင်ပင်ရ... ဗျာ ဘယ်သူခေါ်ပေးရမလဲ"

ထုံ - "ရွှေနေဦးထွန်းအုံကို ခေါ်ပေးပါ၊ ကျုပ်တွေ့ချင်တယ်"

အုပ် - "ဟော့ တပည့် ဟိုရောက်တော့ ဦးထွန်းအုံခေါ်ပေးလိုက် ကွယ်၊ ကိုင်း ခင်ဗျားတို့ သွားနှင့်ကြပေတော့ ကျွန်တော် တို့တော့ မောင်သူတော်နဲ့တွေ့ရအောင်ဝင်ခဲ့ဦးမယ်"

ထုံ - [တုန်လှုပ်ဟန်လက္ခဏာနှင့်] "ဘာလဲ မောင်သူတော်ကိုပါ ဖမ်းကြဦးမလို့လား"

အုပ် - "ကျွန်တော်တို့က မေးတော့ခင်ဗျားက ဖြေချင်မှဖြေတယ်၊ ကျွန်တော်တို့ကလဲ ခင်ဗျားအမေးကို ဖြေချင်မှဖြေမှာပေါ့"

ထုံ - "ဒီလူတွေ အရမ်းလုပ်ကြရင်တော့ ဒုက္ခရောက်ကုန်ကြ မနော် ဒါပဲပြောလိုက်မယ်"

၎င်းနောက် ပုလိပ်သားသည် ဒေါသတကြီးရှိနေသော မသင်းထုံကို ဌာနသို့ ခေါ်သွားလေရာ မောင်သန်းထွန်းနှင့် ဌာနအုပ်တို့လဲ မောင်သူတော်၏ အိမ်ဘက်သို့လျှောက်သွားကြလေ၏။ လမ်းခရီးတွင် အရာရှိနှစ်ယောက်တို့သည် အမှုအကြောင်းကိုဆွေးနွေးတိုင်ပင်လာခဲ့ကြ လေရာ

အုပ် - "မိန်းမကြီးက သိပ်ပြီးခွကျတဲ့ မိန်းမကြီးပဲဗျ ကျုပ်တို့မေး တာကို ကောင်းကောင်းဖြေလို့ရှိလျှင် ဒီလိုဖမ်းဖို့ လိုကောင်း မှလိုမယ်၊ အခုတော့ သူက မိန်းမတတ်ကြီး လုပ်လို့ပြီး"

ထွန်း - "ခေါင်းမာတာတော့ မှန်တယ်၊ ဒါပေမယ့် ကျွန်တော့် သဘော တော့ သူဖြေပေမယ့် ကျွန်တော်ကျေနပ်ကောင်းမှ ကျေနပ် မယ်ထင်တယ်၊ အဖမ်းလွတ်မယ် မထင်ဘူး သေနတ်ကို ချုံထဲမှာ ပစ်ချထားခဲ့တာ တခြားသူမဟုတ်ဘူး သူပဲလို့ ကျွန်တော်ထင်တယ်"

အုပ် - "ဒါဖြင့် ကိုသန်းတင်ကို ဒီမိန်းမကြီး ပစ်သတ်တယ်လို့ ခင်ဗျားဆိုချင်သလား"

www.burmeseclassic.com

www.burmeseclassic.com

ထွန်း - "ကျွန်တော်တော့ ဆိုချင်တာပဲ၊ သို့သော် တမင်ချောင်းပြီး ပစ်သတ်တယ်လို့တော့ မထင်ဘူး၊ ဘီလူးတွေ ဒူးတွေ ဆိုတာမျိုးလို ရုတ်တရက်ရှောင်တခင် တွေ့ကြရာမှာ သူ့ သမီးအတွက် ကြီးပွားမှုကို ရည်ရွယ်ပြီး ပြုမိပြုရာတစ် ချက်လွတ် ပြုမိလေရော့သလား မဆိုနိုင်ဘူး၊ သူ့ပုံပန်း ကြည့်ပါလား၊ ကြီးပွားရေးအတွက်ဆိုရင် ဘာမဆိုလုပ်ဝံ့မယ့် မိန်းမကြီးနဲ့တူတယ်၊ တစ်ရွာလုံးကလဲ သူ့အကျင့်ကို ဒီလို အကဲခတ်နေကြတယ်"

အုပ် - "ပြောတတ်ပါဘူးဗျာ၊ ဝါထက် မောင်သူတော့ဆီ ကျုပ်တို့ သွားကြမယ်ဆိုတော့ မိန်းမကြီးလန့်သွားတယ်ဗျ၊ တိုင်ပင် ဖော်တိုင်ပင်ဖက်များ ဖြစ်နေလေရော့သလား"

ထွန်း - "ဆိုနိုင်သေးဘူးလေ ဟုတ်ချင်ဟုတ်နိုင်တာပဲ ဒါထက် ဟောဟိုက မောင်သူတော်မဟုတ်လား"

ထိုခဏ၌ မောင်သူတော်သည် စာအုပ်ကလေး တစ်အုပ်ကို ချိုင်း တွင်ညှပ်ကာ ၎င်းတို့ဘက်သို့ ရှေ့ရှုလျှောက်လာလေရာ

အုပ် - "အဆင်သင့်လိုက်လေ မောင်သူတော်ရယ် ကျုပ်တို့က မောင့်ဆီလာကြမလို့လုပ်နေတုန်း"

တော် - [ခပ်ဆတ်ဆတ်အသံနှင့်] "ဘာကိစ္စတုံးဗျ"

အုပ် - "အမှုနဲ့ပတ်သက်ပြီး မေးစရာကလေးတွေရှိနေလို့ပါ"

တော် - "ဘာမေးချင်လို့လဲ"

အုပ် - "ဒီလိုပါ ကျုပ်တို့သိနှင့်သမျှပြောပြပါဦးမယ်၊ ပြောပေမယ့် လန့်မသွားနဲ့နော်"

တော် - "ဘာကြောင့် ကျွန်တော်က လန့်ရမှာလဲ"

အုပ် - "ဟုတ်ပါပေကယ် ဟုတ်ပါပေတယ် ဒါထက်ဦးထွန်းပြည့်မှာ သေနတ်လိုင်စင်ရှိတယ်ဟုတ်လား"

တော် - "ဟုတ်တယ် ခြောက်လုံးပြူး သေနတ်လိုင်စင်ရှိပါတယ်"

အုပ် - "သေနတ်လည်း ရှိတာပေါ့ ဟုတ်စ"

တော် - "ရှိမှာပေါ့ အစိုးရကပြန်သိမ်းဖို့တောင်းနေလို့လား"

အုပ် - "တောင်းတော့ တောင်းပါလိမ့်မယ် ကျုပ်တို့ကိစ္စက တခြား ပါ ဦးထွန်းပြည့်ရဲ့ သေနတ်ကိုမြင်လျှင် မှတ်မိပါမလား"

တော် - "မှတ်မိလောက်ပါရဲ့"

ထိုအခါ ဌာနာအုပ်သည် မောင်သန်းထွန်းထံတွင်ပါခဲ့သော သေ နတ်ကို တောင်းပန်ပြသလေ၏။

တော် - (သေနတ်ကို ကိုင်တွယ်ကြည့်ရှုပြီးနောက်) "ဟုတ်တယ်ဗျို့ ဒီသေနတ်ပဲ ခင်ဗျားတို့ ဘယ်ကရလာကြသလဲ"

ထွန်း - "ကိုသန်းတင်သေတဲ့နေရာနဲ့ ကိုက်တစ်ရာလောက်ဝေးတဲ့ ချုံထဲက ကျုပ်ကိုယ်တိုင် တွေ့လာခဲ့တယ်၊ ဘယ်နည်းနဲ့ ပိုနေရာရောက်နေတယ်လို့ မောင်ပြောနိုင်သလား"

တော် - [မျက်နှာပျက်လျက်] "ဘယ့်နှယ်လုပ်ပြီး ကျွန်တော်ပြောနိုင် ပါ့မလဲ"

ထွန်း - "ကျုပ်တို့မေးတာ မှန်မှန်ပြောစမ်းပါ၊ ဒီသေနတ်ကို တစ် ခါတရံ မောင်ကိုင်ဖူးသလား"

တော် - "ကျွန်တော်က သေနတ်ဝါသနာမပါဘူး ကိုင်လို့တော့ ကြည့်ဖူးပါတယ်"

ထွန်း - "တစ်ယောက်ယောက်ကို မငှားမိဘူးလား"

တော် - "ခင်ဗျားတို့က သွယ်ဝိုက်ပြီး မေးမနေကြစမ်းပါနဲ့၊ ကျွန်တော့် အစ်ကိုသေတာ ဒီသေနတ်နဲ့ အပစ်ခံရပြီး သေတယ်လို့ ထင်နေကြလို့လား"

ထွန်း - "အလောင်းမှာတွေ့ရတဲ့ ကျည်ဆန်နဲ့ တိုက်ကြည့်လိုက်တော့ ဒီသေနတ်အရွယ်နဲ့ ကိုက်နေကြောင်းတွေ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com

တော် - "ဒါဖြင့် ဒီသေနတ်နဲ့ ဘယ်သူက ပစ်သတ်တယ်လို့ ခင်ဗျားတို့ ထင်လို့ . ."

မောင်သူတော်သည် ပုလိပ်အရာရှိတို့၏ မေးခွန်းများကို ပြောကြားရမည့်အခါ ၎င်းက မေးခွန်းများထုတ်နေကြောင်းကို မောင်သန်းထွန်း တွေ့ရသောအခါ

ထွန်း - "သေနတ်ကို ဘယ်သူ့ ငှားမိသလဲလို့ ကျုပ်တို့က မေးတာကို ဖြေစမ်းပါဦး"

တော် - "ဒီသေနတ်နဲ့ ကျွန်တော့်အစ်ကိုကို ဘယ်သူက ပစ်သတ်တယ်လို့ ခင်ဗျားတို့ထင်သလဲလို့ ကျွန်တော်ကမေးတာကို ဖြေစမ်းပါဦး၊ ခင်ဗျားတို့ ထင်ချင်သလိုထင် သူတစ်ပါးကို အမှုပတ်မယ့် မေးခွန်းမျိုးကို ကျွန်တော့်လာပြီး မမေးလာကြနဲ့"

ထိုအခါ အရာရှိနှစ်ယောက်တို့သည် တစ်ယောက်၏မျက်နှာကို တစ်ယောက်လှမ်း၍ ကြည့်ကြပြီးနောက်

အုပ် - "ကိုင်း ဖွင့်ပြောပြလိုက်ပါတော့ ကိုသန်းထွန်း"

ထွန်း - "ဒီလို မောင်သူတော် ဦးသောကြာရဲ့မိန်းမ ဒေါ်သင်းထုံ အပေါ်မှာ ကျုပ်တို့က မသင်္ကာစရာ အချက်တွေရှိထားတယ်၊ ဒေါ်သင်းထုံဟာ သူ့ကြက်တွေကို ကြောင်ဝန်ပိုက်လာလာပြီးဆွဲလေတော့ သေနတ်နဲ့ပစ်ခြောက်ဖူးတယ်လို့ ကျုပ်တို့သိရတယ် သူပစ်ခြောက်တဲ့သေနတ်က မောင့်ဆီကရတဲ့ သေနတ်မဟုတ်လား"

တော် - "ဒေါ်သင်းထုံကိုယ်တိုင်က ဘာပြောသလဲ"

ထွန်း - "ဒေါ်သင်းထုံကတော့ တစ်ခါတလေ ကြောင်ဝန်ပိုက်ကို ပစ်ခြောက်ဖူးကြောင်း ဝန်ခံလေတော့ ၎င်းနာကို ဖမ်းခေါ်သွားရပြီး . ."

တော် - [အလွန်စိတ်ဆိုးဟန်နှင့်] "ကြည့်စမ်း ခင်ဗျားတို့က ဒေါ်သင်းထုံကို ဖမ်းပြီးကြပြီ"

ထွန်း - "ကျုပ်တို့မေးခွန်းကို ကျေနပ်လောက်အောင် မဖြေတဲ့အတွက် ချုပ်ထားရတယ်၊ ဖြေခဲ့လို့ရှိရင်တော့"

တော် - "တော်ကြပါပေ့ဗျာ၊ ဒေါ်သင်းထုံက ကျွန်တော့်ယောက္ခမ ခင်ဗျ၊ သူက ကျွန်တော့်အစ်ကိုကို ဘာပြုလို့သတ်လိမ့်မှာလဲ"

ထွန်း၊ - "မောင်ကချည့် မေးခွန်းထုတ်နေချင်တာကို မသင်းထုံကို သေနတ်ငှားမငှား၊ ငှားရင် ဘယ်အတွက်ကြောင့် ငှားတယ်ဆိုတဲ့အကြောင်း ကျုပ်တို့ မေးတာကို ပြောစမ်းပါဦး"

ထိုအခါ မောင်သူတော်သည် "တော်စမ်းပါခင်ဗျာ၊ ခင်ဗျားတို့" ဟုပြောလျက် မည်သို့မျှ ဖြေဆိုခြင်း မပြုဘဲ စာအုပ်ကို ချိုင်းတွင်ညှပ်ကာ ထွက်သွားလေရာ အရာရှိနှစ်ယောက်တို့လည်း အံ့သြစွာနှင့် တစ်ယောက်၏မျက်နှာတစ်ယောက်ကြည့် နေရစ်ကြလေ၏၊ နောက်ဆုံး၌ . . .

ထွန်း - "သူ့ကိုပါ ဖမ်းချုပ်ရမကောင်းဘူးလား"

အုပ် - "ဦးထွန်းပြည့်ရဲ့သေနတ်ဟာ အိမ်မှာမရှိကတည်းက သူ့ကိုချုပ်ဖို့ အကြောင်းလုံလောက်နေပြီ၊ သို့သော်လဲ ကျုပ်စိတ်ထဲမှာ သူ့လက်ချက်လို့ မထင်တာက တစ်ကြောင်း၊ အစ်ကိုရော၊ ဖခင်ရော သေဆုံးပြီးခါစမို့ အားနာပါးနာဖြစ်နေတာက တစ်ကြောင်းကြောင့် မချုပ်ရက်အောင်ဖြစ်နေတယ် ခင်ဗျားသဘောအတိုင်းပဲ"

ထွန်း - "ရှိစေတော့လေ ကျွန်တော်တို့ မေးတာကို မဖြေရင် တရားသူကြီးမေးတော့ ဖြေစေရမှာပေါ့၊ သူ့ယောက္ခမ မသင်းထုံကို လူသတ်မှုနဲ့ စွပ်စွဲပြီး သူ့ကို ၂ တရားခံ အဖြစ်နဲ့ဖြစ်စေ၊ သက်သေအဖြစ်နဲ့ ဖြစ်စေ စစ်ဆေးအောင်လုပ်ရုံရှိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

၎င်းနောက်အရာရှိနှစ်ယောက်တို့သည် ဌာနသို့လျှောက်လာကြ၍ အဝသို့ရောက်လာကြသောအခါ ရှေ့နေဦးထွန်းအုံဆိုသူနှင့် တွေ့ဆုံမိပြန်၍ ဦးထွန်းအုံက မသင်းထုံသည် အရာရှိများ၏ မေးခွန်းကို ဖြေဆိုရန် အသင့်ရှိနေပြီဖြစ်ကြောင်း ပြောဆို၍ ခွဲခွာသွားကြလေ၏။

မသင်းထုံမှာ အချုပ်ခန်းထဲတွင် ဆေးပေါ့လိပ်ကြီး တဝင်းဝင်းဖွာလျက်ရှိရာ မောင်သန်းထွန်းသည် အချုပ်ခန်းထဲဝင်၍ အနီးတွင်ထိုင်ပြီးလျှင်. .

ထွန်း - "ဘယ့်နှယ်လဲ ဒေါ်သင်းထုံ ကျွန်တော်တို့မေးစရာရှိတာကို ဖြေပါတော့မယ်လို့ ဦးထွန်းအုံက ပြောသွားတယ် ဟုတ်ရဲ့လား"

ထုံ - "သူက ဖြေသာဖြေတော့ဆိုလို့ ကျုပ်ကဖြေမှာပေါ့"

ထွန်း - "ကိုင်း ဒါဖြင့် မှန်မှန်ပြောစမ်း"

ထုံ - "ကျုပ်ကမှန်မှန်မပြောတာ ဘာရှိလို့တုံး မပြောချင်အရှင်းပဲ ပြောရင် မှန်မှန်ပြောတယ် မဟုတ်ဘူးလား"

ထွန်း - "ဟုတ်ပါတယ် ထားပါတော့၊ ကိုင်းဒါဖြင့် ကြောင်ဝန်ပိုက်ကို ပစ်ခြောက်တဲ့ သေနတ်ဟာ မောင်သူတော်ဆီက သေနတ်လား"

ထုံ - "ဟုတ်ပါတယ်"

ထွန်း - "ဘယ်အတွက် သူကငှားထားသလဲ"

ထုံ - "ဦးသြောကြာက တစ်ခါတစ်ခါမှ အိမ်ကိုလာလေတော့ ကျုပ်တို့အိမ်က ရွာစွန်ကျတဲ့အတွက် စိတ်မချရဘူးလို့ မောင်သူတော်ကပြောပြီး သေနတ်ကို ယူလာပြီး ပစ်နည်းတွေ ဘာတွေသင်ပြတယ်၊ ကျုပ်ဆီမှာလဲ သေနတ်ကို အပ်ထားတယ်၊ ကျုပ်က သေနတ်ရှိလေတော့ ကြက်တွေကို လာလာဆွဲတဲ့ ကြောင်ဝန်ပိုက်ကို သေနတ်နဲ့ပစ်

ခြောက်တယ် မှန်တော့မမှန်ဘူး"

ထွန်း - "အဲဒီသေနတ် အခုဘယ်မှာလဲ"

ထုံ - "မောင်သန်းတင် သေနတ်ဒဏ်ရာနဲ့ သေတယ်ကြားတော့ ကျုပ်က လက်ထဲမှာ သေနတ်ကြီးတွေ့နေရင် ဒုက္ခရောက်ချေတော့မယ်လို့ အထိတ်ထိတ်အလန့်လန့်ဖြစ်ပြီး သွားဝှက်ထားလိုက်မိတယ်၊ ကျုပ်မိုက်တာပါပဲ အခုတော့ ကျုပ်သိပါပြီ"

ထွန်း - "ဘယ်မှာဝှက်ထားခဲ့သလဲ"

ထုံ - "ချိုင့်ကြီးနားက မြစ်ဆိပ်ဘက်က ချုံကြီးတစ်ချုံထဲမှာ"

ထွန်း - "တစ်ခုမေးပါရစေဦး ဟိုနေ့နံနက်က ကိုသန်းတင်ကို ခင်ဗျား မြင်လိုက်ရသလား ဒီသေနတ်ကို ဟိုနေ့နံနက်က ပစ်ရဖူးသလား"

ထုံ - "မမြင်ရပါ သေနတ်ကိုလည်း ဟိုနေ့က မပစ်ရပါ"

၎င်းနောက် ဌာနအုပ်နှင့် မောင်သန်းထွန်းတို့သည် တီးတိုးတိုင်ပင်ကြလေရာ နောက်ဆုံး၌ ဌာနအုပ်က မသင်းထုံအား

အုပ် - "ကိုင်း ဒေါ်သင်းထုံ ခင်ဗျားသွားပေတော့ ဟိုတုန်းက ဒီလို ကောင်းကောင်းမွန်မွန်ဖြေရင် အချုပ်ခန်းထဲတောင် ခင်ဗျားဝင်ဖို့ မရှိဘူး၊ ခင်ဗျားခွကျလို့ ခင်ဗျားဒုက္ခရောက်ရတာပဲ နောက်ကိုမှတ်ထား ပုလိပ်များကမေးလျှင် ကောင်းကောင်းပြောပါ ကိုင်းသွားပါတော့"

မသင်းထုံကို အချုပ်မှလွှတ်လိုက်ကြပြီးနောက် အရာရှိနှစ်ယောက်သည် ဆက်လက်၍ တိုင်ပင်လျက်ရှိကြလေ၏။

ထွန်း - "ခင်ဗျားက လွှတ်လို့သာလွှတ်လိုက်တယ်၊ ကျွန်တော်တော့ဖြင့် သိပ်ပြီး မကျေနပ်လှဘူးဗျ၊ သေနတ်ငှားပုံ ဝှက်ထားပုံတွေဟာ သူပြောတဲ့စကားလောက်ပဲရှိတယ်၊ ထောက်ခံ

www.burmeseclassic.com

www.burmeseclassic.com

ချက်လဲ မရှိဘူး၊ မောင်သူတော်ကလဲ ဘာမှမပြောဘူး တကယ်ဆိုတော့ ဒီတိုင်းမှန်ရင် မောင်သူတော်က ပြော လိုက်ဖို့ကောင်းတယ်၊ အခုတော့ သူက ဖွင့်မပြောတဲ့အပြင် စိတ်ဆိုးမာန်ဆိုးနဲ့ လှည့်ထွက်သွားလိုက်ချေသေးတယ်၊ ကျွန်တော်တော့ မကျေနပ်ဘူးဗျာ"

အုပ် - "စိတ်ဆိုးတာကတော့ သူ့အစ်ကို သတ်မှုနဲ့ သူ့ယောက္ခမကို အဖမ်းခံရတယ်ဆိုတော့ သူ့မယားအပေါ်မှာ သူ့မျက်နှာ မကောင်းလေတော့ စိတ်ဆိုးတာပေါ့ဗျ၊ ကိုယ်ချင်းစာ ကြည့်လေ ခင်ဗျားကော ဒီလိုဆိုရင် စိတ်မဆိုးပေဘူးလား"

ထွန်း - "လုကငယ်ပေမယ့် အာဂလူကလေးဗျ"

အုပ် - "လူငယ်က စကားနည်းပေမယ့် စာဖတ်တယ်ဗျ၊ စာဖတ် တဲ့လူဆိုတာ ကျုပ်တို့ပုလိပ်ကို တယ်ပြီးမကြောက်တတ်ဘူး"

မောင်သန်းထွန်းကမူ ဌာနာအုပ်၏စကားကို ချေပခြင်းမပြုဘဲ ဆေးတံကို ကိုက်ခဲလျက် စဉ်းစားစိတ်ကူးနေလေ၏၊

★ ★ ★

အခန်း | ၁၃ |

မောင်သန်းထွန်း၏စိတ်ကူးချက်မှာ မောင်သန်းတင်သတ်မှုနှင့်ပတ်သက်၍ ဇရစ်ချောင်ရွာသားများအနက်မှ သတင်းပေးနိုင်သူတစ်ယောက်ယောက် ရှိကောင်းရှိလိမ့်မယ်၊ ရွာသားတို့မည်သည်မှာ တစ်စုံတစ်ခုကို သိသော်လည်း ပုလိပ်နှင့်ဆက်ဆံရမည်ကို ကြောက်လန့်သဖြင့် သတင်းမပေးဘဲ နေတတ်သည်၊ သို့သော် ငွေဆိုလျှင် လိုချင်တတ်သူများဖြစ်သောကြောင့် ငွေနှင့်မြှားရလျှင် သတင်းပေးလိုသူပေါ်ထွက်နိုင်ဖွယ်ရာ ရှိသည်ဟု စဉ်းစားမိလေ၏၊ သို့ဖြစ်၍ ထိုအကြောင်းကို ဌာနာအုပ်နှင့်တိုင်ပင်ပြီးလျှင် ရာဇဝတ်ထဲ အမိန့်တောင်း၍ ကသာမြို့ထဲ၌ ကြော်ငြာစာရွက်ကြီးများ အနှံ့အပြားကပ်ထားရန် စီမံကြလေ၏၊ ကြော်ငြာစာရွက်တွင် ရေးသားပါရှိသည်ကား . . . . .

(ဆုငွေ-၅၀၀ိ)

ဇရစ်ချောင်ရွာနေမောင်သန်းတင်ကို သတ်သော အမှုနှင့်ပတ်သက်၍ တရားခံပေါ်အောင် သတင်းပေးနိုင်သူအား ရာဇဝတ်ဝန်ကြီးမင်းက (ဆုငွေ-၅၀၀ိ) ပေးသနားတော်မူလိမ့်မည်၊ သတင်းပေးလိုသူများသည် ဌာနာအုပ်ထံသို့ဖြစ်စေ ရာဇဝတ်ဝန်ကြီးမင်း ထံသို့ဖြစ်စေ လာရောက် သတင်းပို့နိုင်ကြောင်း၊

"ရာဇဝတ်ဝန်ကြီးမင်း"

ဥတ္တရလွင်ပြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အထက်ပါ ကြော်ငြာစာရွက်ကြီးများကို ကသာမြို့ပေါ်နှင့်တကွ ဇရစ်ချောင်းရွာထဲတွင် အနှံ့အပြားကပ်ထားပြီးသည့်နောက်တစ်နေ့၌ မောင်သန်းထွန်းသည် ဌာနာသို့လာရောက်၍ ဌာနာအုပ်နှင့် တိုင်ပင်ဆွေးနွေးကြပြန်လေ၏။

ထွန်း - "ကိုသန်းတင်ဟာ ထိုညက ဟစ်ပလုံဟိုတယ်မှ ထွက်သွားစဉ်က သူ့အိတ်ထဲမှာ ငွေစက္ကူသုံးသောင်းဖိုးပါသွားတယ်၊ ဒီငွေများဟာ အလောင်းမှာ မတွေ့ရဘူး၊ ဒါကြောင့် ငွေရလိုမှုအတွက် လူကိုသတ်ပြီး ယူတယ်ဆိုတာ မှန်ပါပြီ ထားပါဦးတော့၊ သူ့လက်က စိန်လက်စွပ်များ ရွှေလက်ပတ်ကြိုးတို့ကို ဘာကြောင့် ချမ်းသာပေးခဲ့ရတယ်ဆိုတာ နားမလည်နိုင်ဘူးဗျ"

အုပ် - "ကျုပ်က ဒီထက်နားမလည်တာရှိသေးတယ်၊ ညာဘက်လက်က ကြောင်လက်စွပ်ကိုတော့ ချွတ်ယူသွားတယ်၊ ဘယ်ဘက်လက်က စိန်လက်စွပ်ကိုတော့ ချန်ထားခဲ့တယ် ဒါဘယ့်နှယ် ဟာလဲဗျ"

ထွန်း - "မှန်တယ် တကယ်ဆိုတော့ စိန်လက်စွပ်က မြင်လည်းမြင်လွယ်သေး အဖိုးလည်းတန်သေး ဒါနဲ့တောင် အဖိုးတန်တဲ့ လက်စွပ်ကိုထားခဲ့ပြီး အဖိုးသိပ်မတန်တဲ့ လက်စွပ်ယူသွားခြင်းဟာ အစဉ်းစားရခက်တာပဲ"

ထိုခဏ၌ ပုလိပ်သားတစ်ယောက်ဝင်လာ၍ ဧည့်သည်တစ်ယောက်ရောက်နေကြောင်း ပြောသဖြင့်ခေါ်ခဲ့ရန် အမိန့်ပေးလိုက်သည်တွင် ဥရောပတိုက်သားအသွင် ဝတ်ဆင်ထားသည့် ဘင်္ဂါလီကုလားလူမျိုးတစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာလေ၏။ ဌာနအုပ်က နေရာထိုင်ခင်းပေးပြီးနောက် ကိစ္စကိုမေးမြန်းရာ -

ဧည့်သည်- "ကျွန်ုပ်နာမည် ဂိုစ်ပါတဲ့ ရန်ကုန်ကောလိပ်ကျောင်း မှာ

ဓာတုဗေဒဘက်က ပရော်ဖက်ဆာဆရာကြီး ဖြစ်ပါတယ်၊ မောင်သန်းတင် သတ်မှုအကြောင်းကို သတင်းစာထဲမှာ ဖတ်ရသည့်အတွက် ကျွန်ုပ်သိရသမျှကို ပြောပြဖို့ဝတ္တရားရှိသည့်အတိုင်း ကျောင်းပိတ်ရက်အတွင်းမှာ ကသာကို လည်ရင်းပတ်ရင်း သတင်းပေးလာခြင်းဖြစ်ပါတယ်"

အုပ် - "ကျေးဇူးတင်ပါတယ် ပရော်ဖက်ဆာ ကျွန်တော်တို့ ကြားပါရစေ ကျွန်တော်က ဌာနာအုပ်ပါ၊ ဟောဒါက ဒီအမှုကို စုံထောက်နေတဲ့ မောင်သန်းထွန်းပါတဲ့"

ဂိုစ် - "မန္တလေးကောလိပ်ကျောင်းက လက်ထောက်ဓာတုဗေဒ ဆရာကလေး မောင်သိန်းတန်နဲ့ တွေ့ပြီးပြီလား"

အုပ် - "တွေ့ရပါတယ် သူတစ်ခေါက်လာဖူးပါတယ်"

ဂိုစ် - "သူပြောသွားတဲ့အထဲမှာ ကျွန်ုပ်အကြောင်းပါသလား"

အုပ် - "ပါပါတယ် ဆေးဖော်စပ်နည်းတစ်ခုကို ကိုသိန်းတန်က ကိုသန်းတင်ကို အပြီးအပိုင်ရောင်းစားမယ်လုပ်တော့ ဆရာကြီးထံပြပြီး ထောက်ခံချက် လက်မှတ်တောင်းရဖူးတယ်လို့ ပြောသွားပါတယ်"

ဂိုစ် - "ဟုတ်တယ် တောင်းဖူးတယ် ကျွန်ုပ်ရေးပေးရဖူးတယ်၊ နောက်ဘယ်လိုဖြစ်သလဲ"

အုပ် - "နောက်ဖြစ်ပုံတော့ မောင်သန်းတင်က ဆေးဖော်နည်း စာရွက်ကို ငွေသုံးသောင်းနဲ့ ဝယ်ဖို့စေ့စပ်ပြီး သူ့လူများဆီက ငွေသုံးသောင်းစုပြီး ထွက်သွားရာမှာ လူကိုသတ်ပြီး ငွေသုံးသောင်းကို ယူသွားပါတယ်"

ဂိုစ် - "သူနည်းကို မောင်သိန်းတန်က သုံးသောင်းနဲ့ရောင်းမယ်လို့ တဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

အုပ် - "ဒီလိုပဲပြောပါတယ်"

ဂိုစ် - "ငွေသုံးသောင်းပျောက်တော့ စာရွက်တွေရော ပျောက်သွားတယ် မဟုတ်လား"

အုပ် - "ပျောက်သွားပါတယ်"

ဂိုစ် - "ခင်ဗျားတို့ ငွေသုံးသောင်းအတွက်ကြောင့် လူကိုသတ်တယ်လို့ ထင်ကြသလား"

အုပ် - "ဒီလိုပဲတွေးကြပါတယ်"

ဂိုစ် - |စားပွဲကိုထုလျက်| "မဟုတ်ဘူး လုံးလုံးမဟုတ်နိုင်ဘူး ခင်ဗျားတို့မှားနေပြီ လူတစ်ယောက်က စိန်လက်စွပ်ကို ခိုးယူရင် လက်စွပ်မှာပါတဲ့ ရွှေကြောင့်ခိုးယူတယ်လို့ ဆိုကြမလား၊ လက်ပတ်နာရီခိုးယူရင် သားရေကြိုးကြောင့် ခိုးယူတယ်လို့ ဆိုကြမလား၊ မဟုတ်နိုင်ဘူးဗျ၊ ဆေးဖော်နည်းစာရွက်ကို လိုချင်လို့ လူကိုသတ်ယူရာမှာ ငွေသုံးသောင်းပါသွားခြင်းဖြစ်တယ်၊ ဆေးဖော်နည်းစာရွက်က သုံးသောင်းမကဘူး၊ သုံးသိန်းလဲမကဘူး မောင်သိန်းတန်နားမလည်လို့ရောင်းတာ သူ့ဌေးဖြစ်နိုင်တဲ့ ဆေးနည်းဗျ ပါကြောင့် သူ့ကို သတ်ယူတာ"

ထွန်း - "သူ့လက်ဝယ်မှာ ဒီလောက်အဖိုးတန်တဲ့ စာရွက်ရှိနေကြောင်းကို သိတဲ့လူရှိပါသလား ဆရာကြီး"

ဂိုစ် - "သိတဲ့လူရှိတယ်၊ ဒီအကြောင်းကို ကျွန်ုပ်ပြောပြချင်လို့ လာခဲ့ခြင်းဖြစ်တယ်"

အုပ် - "ကြားပါရစေ ဆရာကြီး"

ဂိုစ် - "ဒီလိုဗျ မောင်သန်းတင်က ဒီစာရွက်နည်းမှန် ဟုတ်မဟုတ် အကြောင်းသိပါရစေဆိုပြီး ကျွန်ုပ်ကို ငွေ ၁၀၀၀ိ ပေးပြီး စစ်ဆေးခိုင်းတယ်၊ ကျွန်ုပ်စစ်ဆေးကြည့်တော့ နည်း

မှန်ဖြစ်ကြောင်း တွေ့ရှိရလို့ သက်သေခံစာရေးပြီး စာရွက်နဲ့တကွ သူ့အလုပ်သို့ ပို့လိုက်တယ်"

ထွန်း - "ဘယ်နည်းနဲ့ပို့လိုက်ပါသလဲ၊ လူလွှတ်ပို့ပါသလား"

ဂိုစ် - "အဖိုးတန်စာရွက်တွေဖြစ်လေတော့ ကျွန်ုပ်တပည့်ရင်း မောင်ညွန့်ကိုလွှတ်ပြီး ပို့လိုက်ပါတယ်"

ထွန်း - "တပည့်က ဘယ်လိုစာရွက်ဆိုတာ သိပါသလား"

ဂိုစ် - "ကျွန်ုပ်က ချိပ်တဲဆိပ်ရိုက်ပြီးပို့လေတော့ အရေးကြီးတဲ့ စာရွက်တွေပဲလို့ ရိပ်မိမှာပေါ့၊ ဘာစာရွက်လို့တော့ သူမသိပါဘူး၊ သို့သော် သူက စိတ်ချရပါတယ် လူရိုးကလေးပါ"

ထွန်း - "ပေးခဲ့ရပုံပြောပါဦး ဆရာကြီး"

ဂိုစ် - "တပည့်က မောင်သန်းတင်ရဲ့ လက်ထဲထည့်ခဲ့ပြီး ရကြောင်းကို လက်မှတ်တောင်းခဲ့ပါတယ်"

ထွန်း - "သေချာပေသားပဲ ရောက်ပြီးတော့ကော ဆရာကြီး"

ဂိုစ် - "ဟိုတစ်နေ့က မြို့ထဲရောက်တော့ မောင်သန်းတင်အလုပ်တိုက်ဝင်သွားပြီး သူ့တပည့်နဲ့တွေ့တော့ မောင်သန်းတင် ဟာ ကျွန်ုပ်ဆီက စာရွက်ကိုရရချင်း တယ်လီဖုန်းနဲ့ မှာလိုက်တော့ လူကြီးတစ်ယောက်ရောက်လာတယ်တဲ့၊ သူ့တပည့်က လူသစ်မို့လို့ လူကြီးကိုတော့ မမြင်ဖူးဘူးတဲ့၊ အဲဒီလူကြီးကို မောင်သန်းတင်က စာရွက်ကိုပြပြီး တိုင်ပင် ကြတယ်တဲ့၊ တိုင်ပင်ပြီးတဲ့နောက် လူကြီးရော သူရော အပြင်ထွက်သွားကြတယ်တဲ့၊ အဲဒီလူကြီးကို ခင်ဗျားတို့ တွေ့အောင်ရှာနိုင်ရင် လူသတ်မှုပေါ်လာလိမ့်မယ်လို့ ကျွန်ုပ်ယူဆသည့်အတွက် ယခုဝင်ပြီး သတင်းပေးရခြင်း ဖြစ်တယ်"

ထွန်း - "လူကြီးရဲ့ပုံသဏ္ဍာန်က ဘယ်လိုတဲ့လဲ ဆရာကြီး"

ဂိုစ် - "အရပ်ခပ်မြင့်မြင့် ခပ်ဖြူဖြူ ပုဆိုးရှည်နဲ့တဲ့"

www.burmeseclassic.com

www.burmeseclassic.com

ထွန်း - "ဘယ့်နှယ်လဲ ကျွန်တော်တို့ ဦးထွန်းဖံနဲ့ ခပ်ဆင်ဆင်ဖြစ်
နေပြီကော ဌာနာအုပ်ကြီး"

အုပ် - "ဖြစ်နိုင်တာပဲ သူနဲ့လဲအဆက်ရှိတာကိုး"

ဂိုစ် - "တခြားလူ မဟုတ်နိုင်ဘူး ဒီလူကြီးကို ပေါ်အောင်လိုက်
နိုင်ရင် ခင်ဗျားတို့လူသတ်မှုပေါ်မှာပဲ ကသာမြို့မှာရှာလို့
မတွေ့နိုင်ဘူး ရန်ကုန်မှာလိုက်ကြပေတော့"

အုပ် - "ကျေးဇူးတင်ပါတယ် ဆရာကြီး၊ ယခုဘယ်မှာတည်းသလဲ"

ဂိုစ် - "ကျောင်းအုပ်ကြီးရဲ့အိမ်မှာ တည်းပါတယ်၊ နက်ဖြန် ဗန်းမော်
ကိုသွားလည်ဦးမယ်"

ထွန်း - "ကောင်းလှပါပြီဆရာကြီး မပြန်မီတွေ့ကြသေးတာပေါ့"

ဤင်းနောက် ပရော်ဖက်ဆာ ဆရာကြီးသည် နှုတ်ဆက်၍ ဌာနာမှ
ထွက်သွားလေ၏။

★ ★ ★

အခန်း (၁၄)

ပရော်ဖက်ဆာ ဂိုစ်ထွက်သွားပြီးနောက် အရာရှိနှစ်ယောက်တို့သည်
အမှုအကြောင်းနှင့်ပတ်သက်၍ အတန်ကြာဆွေးနွေးတိုင်ပင်ကြပြီးလျှင်
မောင်သန်းထွန်းသည် လမ်းလျှောက်ရင်းအကြံထုတ်ရန် ဌာနာမှ တစ်
ယောက်တည်း ထွက်လာခဲ့လေ၏။

မင်းကတော် ခင်ခင်ကြီး၏ အိမ်ရှေ့သို့ရောက်သောအခါ ခင်ခင်
ကြီး၏အစေခံဖြစ်သော မိန်းကလေးသည် ကိုသန်းထွန်းအား လက်ရပ်
ခေါ်လေရာ မောင်သန်းထွန်းသည် ထိုမိန်းကလေးကို ထိုအိမ်၌ ယခင်က
မြင်ခဲ့ရဖူးသည်နှင့် မည်သည့်အကြောင်းများပြောရန်ရှိလေသနည်းဟု အံ့
သြစွာနှင့် အနီးသို့ ချဉ်းကပ်လေ၏။

မိန်း - "ရှင်က စုံထောက်မဟုတ်လား"

ထွန်း - "ဟုတ်ပါတယ် ဘာများပြောချင်လို့လဲ"

မိန်း - "ကိုသန်းတင်ကို သတ်တဲ့လူအကြောင်း သတင်းပေးနိုင်တဲ့
လူကို ကျွန်မတွေ့ထားလို့"

ထွန်း - (မယုံ့တယုံနှင့်) "ဘယ်ကလူလဲ"

မိန်း - "ဒီနေရာမှာ စကားပြောလို့ မကောင်းဘူး၊ မော်တော်ကား

www.burmeseclassic.com

www.burmeseclassic.com

ရုံထဲလိုက်ခဲ့ မင်းကတော်လဲ မရှိဘူး ကျွန်မပြောပြမယ်"

မောင်သန်းထွန်းသည် မိန်းကလေး၏ရုပ်လက္ခဏာကိုအကဲခပ်ရာ တွင် ပါးရေနုပ်ရေရှိသော မိန်းကလေးတစ်ယောက်ဖြစ်သည်ဟု သဘော သည်နှင့် မော်တော်ကားရုံထဲသို့ လိုက်သွားလေ၏။

မိန်း - "မညွန့်ရီဆိုတာ ရှင်ကြားဖူးတယ် ဟုတ်လား"

ထွန်း - "ကိုသန်းတင်နဲ့ ထွက်ပြေးတဲ့ မညွန့်ရီလား"

မိန်း - "ဟုတ်တယ် အဲဒါ ကျွန်မညီမပဲ မောင်ဘိုးလူဆိုတာ ကော သိသလား"

ထွန်း - "မညွန့်ရီနဲ့ စေ့စပ်ထားဖူးတဲ့ မောင်ဘိုးလူလား"

မိန်း - "ဟုတ်တယ် အဲဒီမောင်ဘိုးလူနဲ့ မနေ့က ကျွန်မတွေ့တယ် သူပြောပုံ ဆိုပုံထောက်ရတော့ ကိုသန်းတင်နဲ့ ပတ်သတ် တဲ့လူကို သူသိဟန်တူတယ်၊ နို့ပေမယ့် သူရန်သူမို့ သတင်း ပေးချင်ဟန်မတူဘူး၊ ရှင်ချော့ပြီးမေးနိုင်လျှင်ဖြင့် ပြော ကောင်းပြောလိမ့်မယ် ထင်တယ် ဆုငွေ ၅၀၀ ပေးမယ်လို့ ကြော်ငြာထားတယ်ဆို"

ထွန်း - "ကြော်ငြာစာရွက်တွေနှံ့နေအောင် ကပ်ထားပြီကော"

မိန်း - "ဒါဖြင့် ငွေနဲ့ချော့ရလျှင် ပျော့ကောင်းပျော့လိမ့်မယ် ဒီအရပ်မှာ သူမနေချင်ဘူးတဲ့ လက်ကိုင်ကလေးနည်းနည်း ရှိရင် တစ်ရပ်တစ်ကျေးကို ပြောင်းပြီး နေချင်တယ်တဲ့ပြော ရှာတယ်၊ သနားပါတယ်ရှင် ညွန့်ရီထွက်ပြေးကတည်းက သူ့ခမျာမှာ မြို့ပေါ်မှာလဲမနေဘူး၊ ဘယ်သူနဲ့မှလဲ စကား မပြောဘူး၊ သားမယားလဲ မယူဘူး တောထဲမှာ ထင်းခုတ် ပြီး တစ်ယောက်တည်း နေရှာတော့ထာပဲ ထွက်ပြေးတာ တုန်းကတော့ ဟိုလိုက် ဒီလိုက်နဲ့ လိုက်ပြီးရှာသေးတယ်"

ထွန်း - "တွေ့ရင် ဘာလုပ်မတဲ့လဲ"

မိန်း - "တွေ့ရင် နှစ်ယောက်စလုံးကို အဆုံးစီရင်မလို့ ကျွန်မဖြင့် မတွေ့ပါစေနဲ့လို့ ဆုတောင်း နေခဲ့ရတာပဲ"

ထွန်း - "အခုတော့ကော ကိုသန်းတင်ကို သူသတ်တာ ဖြစ်ချင် ဖြစ်နိုင်ဘူးလား"

မိန်း - "မောင်ဘိုးလူလား အကွာကြီးရှင် သူသတ်တဲ့နောက် သတ်ပါတယ်လို့ ပြောင်ပြောင်ကြီး ဖွင့်ပြောပြီး စက်တိုင် ကို ပျော်ပျော်ကြီးတက်မယ့် လူစားမျိုးရှင့် ကျွန်မက သူ့ အကြောင်းတော့ ကောင်းကောင်းကြီးသိတယ်၊ အခုတောင် မှ သူမသတ်လိုက်ရကောင်းလားလို့ ကျွန်မရှေ့မှာ ညည်း နေသေးတယ်"

ထွန်း - "အခုသူဘယ်မှာနေလဲ"

မိန်း - "နတ်လှိုင်ရွာဘက်သွားတဲ့ လမ်းနားက တောထဲမှာ သစ် အယ်ပင်တွေခုတ်ပြီး ထင်းသံမားတွေကို သူကရောင်းတယ်"

ထွန်း - "ဇရစ်ချောင်ရွာနဲ့ ဘယ်လောက်ဝေးသလဲ"

မိန်း - "၂မိုင်လောက်ဝေးတယ် ပြောတယ်၊ သို့သော် ကျွန်မမှာ လိုက်ပါရစေ ခုနင်ကအကြောင်းကို ကျွန်မကပြောတယ် လို့ မပြောလိုက်နဲ့နော်"

ထွန်း - "ကောင်းပါပြီ စိတ်ချပါ မပြောပါဘူး ကိုင်းသွားလိုက်ဦးမယ်"

ငင်းနောက် မောင်သန်းထွန်းသည် မိန်းကလေးနှင့်ခွဲခွာလာခဲ့၍ နတ်လှိုင်ရွာဘက်သို့ တစ်ယောက်တည်း လျှောက်လာခဲ့လေရာ ၂မိုင်ခန့် လမ်းလျှောက်မိသောအခါ အဝေးမှ သစ်ပင်ကိုချွန်းနှင့်ပေါက်လှဲနေသော အသံများကိုကြားရသဖြင့် လှည်းလမ်းမှဖဲ့၍ အသံကြားရာတောထဲသို့ ချိုးဝင်သွားလေ၏၊ တစ်ဖာလုံခန့်လျှောက်မိလတ်သော် ဝုန်းခနဲသစ်ပင် လဲသံကြားရပြီးနောက် လဲနေသော သစ်ပင်တစ်ပင်မှ အကိုင်းအခက်များ ကို ခုတ်ကယ်လျက်ရှိသော လူတစ်ယောက်ကို မြင်သည်နှင့် အနီးဆုံး

www.burmeseclassic.com

www.burmeseclassic.com

ချဉ်းကပ်လေ၏၊ ထိုလူမှာ အသက် ၂၈နှစ်ခန့်မျှသာရှိသေးသော်လည်း ဆံပင်နှင့် မုတ်ဆိတ်တို့ကို ကြာရှည်စွာရိတ်ဖြတ်ခြင်း မပြုရသည့်အတွက် ကြောင့် တစ်မျက်နှာလုံး ဖုံးအုပ်လျက် အသက်၄၀ကျော်ခန့်ရှိသူ လူရိုင်းကြီး တစ်ယောက်အသွင် ရှိနေလေ၏၊

ထိုသူသည် မောင်သန်းထွန်းလာသည်ကိုမြင်သောအခါ ခုတ်နေသော ဓားကိုချထား၍ မလိုလားသော မျက်နှာထားနှင့် ခါးထောက်ကာ ကြည့်နေလေ၏၊ မောင်သန်းထွန်းကမူ ရွှင်ပြသော မျက်နှာထားမျိုးနှင့် ချဉ်းကပ်၍ . . .

ထွန်း - "ကိုဘိုးလူဆိုတာ မှတ်တယ်"

လူ - "ဟုတ်ရင်ဘာဖြစ်လဲ ခင်ဗျားကဘယ်သူလဲ"

ထွန်း - "ကျွန်တော် မောင်သန်းထွန်းလေ ခင်ဗျားကြားဖူးမှာပေါ့ လူသတ်မှုစုံထောက်နေတဲ့ စုံထောက်လေ"

လူ - "ထင်းခုတ်သမားတွေ ပြောသံကြားဖူးပါရဲ့၊ ဘာလုပ်ကျုပ် ဆီလာတာလဲ"

ထွန်း - "ကျွန်တော်သိလိုတာကလေးများ ပြောပြနိုင်မလားလို့ပါ"

လူ - "ဘာများသိချင်လို့လဲ"

ထွန်း - "လူသတ်မှုအကြောင်းပေါ့လေ တောထဲမှာနေသော်လဲ မျက်စိနားကျယ်တဲ့ လူဟာ မြင်တတ်ကြားတတ်တာပေါ့"

လူ - "ကျုပ်ဘာသိမှာလဲ ကျုပ်သိရင် လာပြောမှာပေါ့"

ထွန်း - "သိပေမယ့် လာပြောမယ့်လူမဟုတ်ပါဘူးလေ နားလည် ပါတယ် ကျွန်တော်က ဒီအရပ်က အဖြစ်အပျက်တွေကို တော်တော်သိရပြီးပါပြီ ကိုသန်းတင်က ခင်ဗျားအပေါ်မှာ အင်မတန်ဆိုးထားတဲ့ လူပဲနော်"

လူ - "ဆိုးတာခင်ဗျားနဲ့ မဆိုင်ပါဘူးလေ"

ထွန်း - "ဆိုင်တော့ မဆိုင်ပါဘူး၊ သို့သော်လဲ ဒီလိုဆိုးတဲ့လူတစ်

ယောက်တော့ သေတာကောင်းတယ်လို့ အောက်မေ့မိ ဘူးလား"

လူ - "မအောက်မေ့ပေါင်"

ထွန်း - "ဘာကြောင့်လဲ"

လူ - "ကျုပ်မသတ်လိုက်ရလို့"

ထွန်း - "ကိုယ်တိုင်သတ်ပြီးသေမှ ကြိုက်တာလား"

လူ - "ကျုပ်က ကျုပ်ကိုယ်တိုင် သတ်ချင်တာ"

ထွန်း - "ဒါလဲ ဟုတ်ပေမှာပဲ ကိုယ်တိုင်မသတ်လိုက်ရဘဲ ဝင်လုပြီး သတ်သွားတဲ့ လူတစ်ယောက်ကို သိလျှင်သတင်းမပေးချင် ဘူးလား"

မောင်ဘိုးလူသည် ခါးတွင်ညှပ်ထားသော ဆေးလိပ်တိုကို ထုတ်၍ ညှိပြီးလျှင် ရှူဖွာရင်း အတန်ကြာအောင်စဉ်းစားစိတ်ကူးနေလေ၏၊

ထွန်း - "ဒီလိုလေ ကိုဘိုးလူ သတ်တဲ့လူကို သတင်းပေးနိုင်ရင် ဆုငွေ ၅၀၀ ပေးမယ်လို့ ကြော်ငြာထုတ်ထားတယ်၊ ဒီတော့ကာ ကိုယ့်အလုပ်ကို လုပြီးလုပ်သွားတဲ့လူတစ် ယောက်ကို လက် စားချေတဲ့ သဘောလဲရောက်အောင် ငွေ ၅၀၀ လဲရအောင် သတင်းပေးရင် မတော်ပေဘူးလား"

လူ - "ငွေ ၅၀၀ က တကယ်ပေးမှာလား"

ထွန်း - "တကယ်လက်ငင်းပေးမှာဗျ"

မောင်ဘိုးလူသည် ဆေးလိပ်ကိုဖွာရင်း အတန်ကြာအောင် စိတ်ကူး ပြီးနောက် . . .

လူ - "ငွေ ၅၀၀ ဆိုတာ မများပေမယ့် တစ်ရပ်တကျေးသွားဖို့ အတွက်တော့ စရိတ်ဖြစ်နိုင်တယ်၊ ကျုပ်က ဟိုအကောင် ညစ်ပတ်သွားကတည်းက ဒီအရပ်ကပြောင်းချင်နေတာ ကြာလှပြီ သူပြန်လာရင် မသတ်လိုက်ရအောင်နေမှာစိုးလို့

www.burmeseclassic.com

www.burmeseclassic.com

စောင့်နေရတယ်၊ အခုတော့ သူသေပြီမို့ တစ်မြို့တစ်ရွာကို ပြောင်းရေး ခပ်ကောင်းကောင်းပဲ အောက်မေ့တယ်"

ထွန်း - "ကောင်းတာပေါ့ဗျ ပြောင်းတဲ့အခါမှာ ငွေ ၅၀၀ိ ပါသွားတော့ သာကောင်းတာပေါ့"

လူ - "ဒီလိုလေ ကျုပ်က တပ်အပ်တော့မသိဘူး၊ ထင်ချက်ပဲရှိတယ်၊ ကျုပ်ထင်ချက်လဲလွဲမယ် မဟုတ်ပါဘူး ဒီလိုဆိုရင်ကော ငွေ ၅၀၀ိ ရမှာလား"

ထွန်း - "ခင်ဗျား ထင်ချက်အတိုင်း ပြောပြလို့ တရားခံပေါ်လို့ ဘာပြစ်ရရင် ငွေ ၅၀၀ိ ရမှာပေါ့ဗျ"

လူ - "ကောင်းပြီဒါဖြင့် ကျုပ်ပြောချင်တယ်"

★ ★ ★

အခန်း | ၁၅ |

မောင်သန်းထွန်းသည် မောင်ဘိုးလူ၏စကားကိုနားထောင်ရန် သစ်တုံးပေါ်၌ အတူတကွ ထိုင်ကြသောအခါ မိမိစုံထောက် လာခဲ့သော အမှုပေါ်ပေါက်မည့် သတင်းကို ရချေတော့မည်လောဟု ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လျက်ရှိလေ၏။

လူ - "ကိုသန်းတင် မသေခင်တစ်ညက မြို့ထဲမှာကိစ္စရှိလို့ ကျုပ်သွားတော့ ကျုပ်က လူမတွေ့ချင်တာနဲ့ ကလင်နားကဖြတ်ပြီး ချိုင့်ကြီးနံဘေးက လျှောက်သွားတယ်၊ ချိုင့်ကြီးနံဘေးရောက်တော့ ဟိုရှေ့က လူနှစ်ယောက်ကျုပ်ဆီ လျှောက်လာကြတာကို ရိပ်ခနဲမြင်လိုက်ရတယ်"

ထွန်း - "ဘယ်အချိန်လောက်ရှိပြီလဲ"

လူ - "၉နာရီကျော် ၁၀နာရီလောက်ရှိမယ်ထင်တယ်"

ထွန်း - "ဆိုပါဦး ခင်ဗျားက ဒီတော့ပုန်းနေလိုက်ရောလား"

လူ - "ကျုပ်ကမြို့ထဲသွားရင် ဘယ်သူမှ အတွေ့မခံချင်တာနှင့် ကုက္ကိုပင်ကြီးကွယ်ပြီး ပုန်းနေလိုက်တယ်၊ ဒီတော့လူနှစ်ယောက်က လျှောက်လာပြီး ကုက္ကိုပင်ရှေ့မှာရပ်ထဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်လူက မီးခြစ်ပြီး စီးကရက်ညှိလိုက်တယ်၊ ဒီတော့ ကျုပ်က ကုက္ကိုပင်ဟိုဘက်က ချောင်းကြည့်လိုက်တော့ လားလား တခြားလူဟုတ်ရိုးလား ကျုပ်ရည်းစား ခိုးသွားတဲ့ ငသန်းတင်ဖြစ်နေတာကိုး"

ထွန်း - "ခင်ဗျားက မသတ်ချင်ဘူးလား"

လူ - "သတ်ချင်ပါသော်လဲ တစ်ယောက်တည်းမဟုတ်လို့သာပ ဒါတောင်ဓားမြှောင်နှုတ်ပြီး စိတ်ကူးမိသေးတယ်၊ နှစ်ယောက်ဖြစ်ချင်ဖြစ် သတ်လိုက်ရကောင်းမလားလို့ စဉ်းစားနေတုန်း မောင်သန်းတင်က ခင်ဗျားပြန်တော့လေ နက်ဖြန်မနက် ရထားနဲ့လိုက်ရအောင် ၄နာရီတိတိမှာ ဒီနေရာမှာဆုံရအောင်လာခဲ့ပေတော့လို့ပြောလိုက်တော့ ဟိုလူက ကောင်းပါပြီဗျာလို့ ပြောပြီးပြန်မသွားသေးဘဲ မောင်သန်းတင်နဲ့ အတူတူလိုက်သွားသေးတယ်"

ထွန်း - "ပြန်ရင် ခင်ဗျားက ဘာလုပ်မလဲ"

လူ - "ချက်ချင်းခွဲသွားရင်တော့ ကျုပ်က နောက်ကလိုက်သွားပြီး ငါမှန်းသိရဲ့လားလို့မေးပြီး ဓားမြှောင်နဲ့ ထိုးသတ်မှာပေါ့"

ထွန်း - "ခုတော့ ခင်ဗျားက ရပ်ကြည့်နေရစ်ကရောလား"

လူ - "ကျုပ်က ကုက္ကိုပင်ကွယ်ပြီး ရပ်ကြည့်နေရစ်တော့ ဟိုလူက လေချွန်ပြီး တစ်ယောက်တည်းပြန်လာတယ်၊ မောင်သန်းတင်ကတော့ ဇရပ်ချောင်ရွာဘက်ကိုလျှောက် သွားတယ် ကျုပ်က မောင်သန်းတင်နောက်က ပြေးလိုက်သွားမယ် တောင်ကြံသေးတယ်၊ ပြေးလိုက်သွားရင် ခြေသံကြားမှာစိုးတာက တစ်ကြောင်း၊ မနက် ၄နာရီမှာ ဒီနေရာကို သူလာမယ်လို့ အသေအချာ သိရတာက တစ်ကြောင်းကြောင့် အောင့်ပြီးနေလိုက်ရတယ်"

ထွန်း - "ဟိုလူလျှောက်သွားပြီးတဲ့နောက် ခင်ဗျားက ဘယ်သွားသလဲ"

လူ - "တစ်ညလုံး အိပ်မပျော်ဘဲနဲ့ နာရီပြန် ၂ချက်ထိုးတော့မှ မေးခနဲလစ်ပြီး အိပ်ပျော်သွားတယ်၊ နောက်တော့ ဖျတ်ခနဲ လန့်နိုးလို့ ကပျာကယာ ထပြေးလာတော့ လားလား ကျုပ်ထက် ဦးတဲ့လူက ဦးသွားနှင့်ရောဗျို့"

ထွန်း - "ဘယ်လိုဦးပုံလဲ"

လူ - "ကုက္ကိုပင်နားရောက်လို့ ပုန်းနေမယ်လို့လုပ်တုန်း လမ်းက လေးပေါ်မှာ ဖွေးဖွေးမြင်လို့ ကြည့်လိုက်တော့ မောင်သန်းတင်ဗျား ပက်လက်ကြီးလန်ပြီး သေနေတော့တယ်"

ထွန်း - "ခင်ဗျားက ပြေးရောလား"

လူ - "မပြေးဘူး သေတာ ဘယ်လောက်ကြာပြီလဲလို့ စမ်းကြည့်သေးတယ်၊ စမ်းကြည့်တော့ အေးတောင် မအေးသေးဘူး၊ နွေးနွေးကြီးရှိသေးတယ်၊ ကြာလှရင် ၁၅ မိနစ်လောက်ရှိဦးမယ်"

ထွန်း - "ဘယ်သူမှ မတွေ့ဘူးလား"

လူ - "မတွေ့ရဘူး သူတစ်ယောက်တည်းပဲ"

ထွန်း - "ခင်ဗျားက ဒီတော့ ဘာများယူသေးသလဲ"

လူ - "ကြံကြံစည်စည်ဗျာ သူ့ပစ္စည်းဘာလုပ်ရအောင်လဲ"

ထွန်း - "မဟုတ်ဘူးလေ အထိမ်းအမှတ်သဘောနဲ့ပေါ့"

လူ - "တစ်ခုတော့ယူတယ်"

ထွန်း - "ဟုတ်ပါတယ်လို့ပြော ဘာလဲဆိုစမ်း"

လူ - "သူတို့ခရစ်ယာန်တွေဟာ မိန်းမယူတော့ လက်စွပ်ချွတ်လဲတယ်ဆို"

ထွန်း - "ဟုတ်ကဲ့ သူလဲ လဲထင်ပါရဲ့"

လူ - "သူ့လက်မှာ လက်စွပ်ဆန်းဆန်းတစ်ကွင်းတွေ့လေတော့

www.burmeseclassic.com

www.burmeseclassic.com

ညှန့်ရိုနဲ့ လက်ထပ်တဲ့ လက်စွပ်ပဲလို့ အောက်မေ့ပြီး ဖြုတ်ယူလာခဲ့တယ်"

ထွန်း - "ဘယ်မှာလဲ ဒီလက်စွပ်ပြစမ်း"

လု - "ကျုပ်အမှုဖြစ်မှာလား"

ထွန်း - "မဖြစ်စေရဘူး ကျုပ်တာဝန်ခံပါတယ်"

ထိုအခါ မောင်ဘိုးလုသည် ခါးထဲတွင် ကြိုးကလေးတစ်ပင်နှင့် လိမ်၍ထားသော ကြောင်လက်စွပ်ကို ထုတ်၍ပြလေ၏။

ထွန်း - "ကိုယ့်လူမှားနေပြီ ဒီဟာက လက်ထပ်လက်စွပ် မဟုတ်ဘူး။ မင်းကတော် ခင်ခင်ကြီးနဲ့ ဆင်တူဝယ်ဝတ်ကြဖူးတဲ့ လက်စွပ်တဲ့ဗျ"

လု - "ထို့ ဒါဖြင့် ယူသွားတော့ဗျ ကျုပ်မလိုချင်ပါဘူး"

ထွန်း - "ဒီပြင် ဘာပြောစရာရှိသေးသလဲ"

လု - "ပြောစရာမရှိပါဘူး၊ လက်စွပ်ချွတ်ယူပြီး၊ တောထဲပြန်ခဲ့တာပဲ"

ထွန်း - "ဓါးအကုန်ပဲလား"

လု - "အကုန်ပါပဲ"

ထွန်း - "ကိုသန်းတင်နဲ့ ညကတွဲသွားတဲ့လူဟာ ဘယ်လိုပုံပန်းလဲ"

လု - "မျက်နှာကိုတော့ မမြင်ရဘူး ဝတ်ပုံစားပုံနဲ့ စကားပြောပုံထောက်တော့ အောက်သားထဲကနဲ့တူတယ်"

ထွန်း - "ဒီနယ်သားထဲက မဟုတ်ဘူးပေါ့"

လု - "မဟုတ်ပေဘူးထင်တယ်"

ထွန်း - "ဒါပဲလား"

လု - "ဒါပါပဲ"

ထွန်း - "တိုင်း ကျုပ်ပြန်ဦးမယ် ခင်ဗျားသတင်းအရလိုက်လို့ ပေါ်ပေါက်လာရင်တော့ ဆုငွေ ၅၀ဝိ ပေးဗျာနော်"

လု - "ကောင်းပါပြီ"

ထွန်း - "ဆုငွေ ရမရ အပထား တစ်ရပ်တစ်နယ်ကို ခင်ဗျားပြောင်းရွှေ့ချင်ရင် ကျုပ်က စရိတ်ထောက်ပံ့ပါမယ်"

ရင်းနောက် မောင်သန်းထွန်းသည် ၁၀ိတန်စက္ကူငါးချပ်ကို မောင်ဘိုးလုအား ပေးကမ်းခဲ့၍ မြို့ဘက်သို့ တစ်ယောက်တည်း လျှောက်လာပြန်လာခဲ့ရာ လမ်းခရီးတွင် ပရော်ဖက်ဆာဂို့စ်နှင့် စာရေးကြီး ဦးသာခုတို့ လမ်းလျှောက်လာကြသည်နှင့် ရင်ဆိုင်တွေ့ဆုံမိကြလေ၏။

ထွန်း - "ဆရာကြီး ဘယ်ကိုလဲ စာရေးကြီးဦးသာခုနဲ့ သိသကိုး"

ဂို့စ် - "ဟုတ်ကဲ့ ငယ်ငယ်တုန်းက ကျောင်းနေဘက်မို့ သူ့ဆီမှာရှိတယ်ကြားလို့ ရှာပြီးဝင်ခဲ့ရတယ်၊ ခင်ဗျားဘယ်က ပြန်လာသလဲ"

ထွန်း - "သဲလွန်စပေါ်လေတော့ လိုက်ခဲ့တာပဲ"

ဂို့စ် - "ကျုပ်ပြောတဲ့ ရန်ကုန်က လူဟုတ်ရဲ့လား"

ထွန်း - "ဟုတ်တော့ ဟုတ်ဟန်တူရဲ့ အခုက ခပ်စုပ်စုပ်ဖြစ်နေပြန်ပြီ"

ခု - "ပေါ်တော့ ပေါ်လိမ့်မပေါ့ဗျာ၊ လာကြဗျို့ ဟောဒီဘက်လမ်းက ပြန်ကြရအောင်"

ရင်းနောက် လူသုံးယောက်တို့သည် မြို့ဘက်သို့ပြန်ကြရာတွင် ဦးသာခုသည် သွားနေကြလမ်းရိုးအတိုင်းမလိုက်ဘဲ တောထဲမှ ဖောက်၍ထွက်သော လမ်းကလေးအတိုင်း ရှေ့ဆောင်ပြု၍ ခေါ်သွားလေ၏။

၄ဖာလုံခန့်မျှ လျှောက်မိလတ်သော် ရေခန်းခြောက်လျက်ရှိသော ချောင်းကြီးတစ်ချောင်းကို ဖြတ်ကူးထားသည့် တံတားအိုကြီးတစ်ခုသို့ ဆိုက်ရောက်လေရာ ၎င်းတို့သည် တံတားအလယ်သို့ရောက်ကြသောအခါ တစ်ချပ်တည်းသော ပျဉ်ပြားသည် ကျိုးလျက်ရှိသည်ကို တွေ့ရသည့်ပြင် ရေမရှိသော ချောင်းထဲ၌မှောက်လျက်ကျနေသော လူတစ်ယောက်ကို လည်းတွေ့ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ လူသုံးယောက်တို့သည် ဆက်လက်၍ ကူးဖြတ်ရန် မဖြစ်နိုင်သည်ဖြစ်၍ လာခဲ့သောဘက်သို့ တစ်ဖန်ပြန်ကြပြီးလျှင် ရေမရှိသော ချောင်းထဲသို့ ရောက်ကြလျှင်ပင် ယင်တလောင်းလောင်းနှင့် ပုပ်နေသည့် အဖြစ်ကို တွေ့မြင်ကြရလေရာ မောင်သန်းထွန်းသည် ထိုသူ၏ပခုံးတွင် ချိတ်ထားသော လွယ်အိတ်ကို မြင်ဖူးပါသည်ဟု အောက်မေ့သည်နှင့် အနီးသို့ကပ်၍မှောက်နေသော မျက်နှာကို လှန်၍ကြည့်လိုက်လေ၏။ မျက်နှာဖူးဖူးယောင်လျက် ရှိသော်လည်း မောင်သန်းထွန်းသည် မှတ်ဉာဏ်ကောင်းသူတစ်ယောက်ဖြစ်သည်နှင့် အံ့သြစွာ ငေးကြည့်နေပြီးနောက်.

ထွန်း - "လက်စသတ်တော့ ကျွန်တော့်မိတ်ဆွေအသက်အာမခံ ကိုယ်စားလှယ် ကိုအရွှေပါကလား၊ ကျွန်တော့်ကို မနက်စာစား ဖိတ်ပြီး ဒါကြောင့် ကိုယ့်လူပေါ် မလာရှာတာကိုး"

ဂိုစ် - [တုန်လှုပ်စွာဖြင့်] "နေကြစမ်းပါဦး သူ့လက်က တိက ပေါက်လက်စွပ်ကြည့် ဒါ မောင်ညွန့်နဲ့တူလိုက်တာ မေးစေ့ အောက်မှာ အနာရွတ်တစ်ခုပါသလား၊ ကြည့်ကြစမ်းပါ"

ထွန်း - "ပါတယ် ဆရာကြီး"

ဂိုစ် - "ဟိုက် ဒါဖြင့်ဟုတ်ပြီ ကျုပ်တပည့်မောင်ညွန့်ပဲ"

ထွန်း - "ကိုသန်းတင်ဆီကို စာရွက်တွေအပို့နိုင်းလိုက်တဲ့ မောင်ညွန့်လား"

ဂိုစ် - "အစစ်ပေါ့ဗျ"

ထွန်း - "ကိုင်းဒါဖြင့် ကိုသန်းတင်သတ်တဲ့လူပေါ်ပြီ"

ဟု ပြောပြောဆိုဆိုနှင့် မောင်သန်းထွန်းသည် ထိုသူ၏ပခုံးတွင် ချိတ်လျက်ပင် ရှိသေးသောလွယ်အိတ်ကိုဖြုတ်ယူဖွင့်ကြည့်ရာတွင် အဝတ်အစားအနည်းငယ်နှင့် သားရေအိတ်ငယ်တစ်လုံးကို တွေ့ရှိရလေ၏။ သားရေအိတ်အတွင်း၌ကား ငွေစက္ကူသုံးသောင်းဖိုးနှင့်တကွ ဆေးဖော်စပ်နည်း စာရွက်ကိုလည်းကောင်း ပရော်ဖက်ဆာကြီး၏ ထောက်ခံချက်

လက်မှတ်ကိုလည်းကောင်း တွေ့ရှိကြလေ၏။ ၎င်းနောက် မောင်သန်းထွန်းက ရှင်းလင်းပြောပြသည်မှာ

ထွန်း - "ဒီလိုဗျ ဒီကိုညွန့်ဆိုတဲ့လူဟာ ကိုသန်းတင်ဆီကို စာရွက်တွေသွားပေးရတော့ ချိပ်တံဆိပ်ပိတ်ထားပုံရကြောင်းကို လက်မှတ်ထိုးပေးလိုက်လို့ ဆရာကြီးက မှာထားပုံတွေ သူစဉ်းစားကြည့်တော့ အရေးကြီးတဲ့ အဖိုးတန်စာရွက်များ ပါရမယ်လို့ သူရိပ်မိဟန်တူတယ်၊ ဒါနဲ့သူက ကိုသန်းတင်နဲ့ မိတ်ဖွဲ့ပြီး ကိုသန်းတင်ရဲ့ အသွားအလာကို စောင့်ကြည့်နေတော့ ကိုသန်းတင်ဟာ ကသာကို သွားမယ်လို့ကြားတာနဲ့တစ်ပြိုင်နက် သူကလည်း ကသာသွားစရာရှိလေဟန်လုပ်ပြီး ရထားပေါ်မှာ အတူတူလိုက်လာခဲ့ကြဟန်တူတယ် ကိုညွန့်ဟာ ဆရာကြီးရဲ့တပည့်ရင်းဖြစ်ကြောင်းကို ကိုသန်းတင်ကသိပြီးဖြစ်လေတော့ ရထားပေါ်မှာကိုသန်းတင်က သူလာရခြင်းကိစ္စအကြောင်းကို ပြောပြဟန်တူတယ်၊ ဒါနဲ့ ညရထားနဲ့ ကသာရောက်လာကြတော့ ကိုသန်းတင်စီစဉ်ထားပုံအကြောင်းတွေကို ကိုညွန့်က သိပြီးဖြစ်လေတော့ ဒီတစ်ညအတွင်းမှာ ငွေသုံးသောင်းနဲ့ ထကွ အဖိုးတန်စာရွက်တွေပါ ကိုသန်းတင် လက်ဝယ်မှာ ရှိလိမ့်မယ်ဆိုတာ သူရိပ်မိတယ် ဒီတော့ကာ ကိုညွန့်က သူနဲ့အတူမနက်ရထားနဲ့ ပြန်လိုက်ကြမယ်လို့ ချိန်းထားပြီး မနက် ၅နာရီမှာ ချိုင့်ကြီးနံဘေးမှာ ချိန်းတွေ့ကြတယ်၊ ဒါထက် ဆရာကြီးတပည့်မှာ သေနတ်ရှိသလား"

ဂိုစ် - "ကုလား-မြန်မာအရေးတုန်းက ခြောက်လုံးပြူးလိုင်စင် ရထားတယ်"

ထွန်း - "ဟုတ်ပြီ ဒါဖြင့် ကိုသန်းတင်နဲ့ ချိန်းထားပြီး လာလာခြင်း

www.burmeseclassic.com

www.burmeseclassic.com

သေနတ်နဲ့ပစ်သတ်ပြီး ငွေရော စာရွက်ရော ယူသွားဟန်တူတယ်"

ကို့စ် - "ခင်ဗျားပြောတဲ့ အသက်အာမခံကိုယ်စားလှယ် မောင်ဘရွှေဆိုတာက ဘယ့်နှယ်ဟာလဲ"

ထွန်း - "ဒါကတော့ ဒီလိုဆရာကြီးရဲ့ တချို့တရားခံများဟာ လူကိုသတ်ပြီး တစ်ခါတည်း ထွက်ပြေးတတ်တယ်၊ တချို့ကတော့လဲ သတ်တဲ့အနားမှာ တဝဲလည်လည်နှင့် ရစ်သီရစ်သီဖြစ်နေပြီး ကိုယ်စားလှယ်လေး ဘာလေးနဲ့ သဘောကဆင်းလာချင်ပြုပြီး ဟစ်ပလုံဟိုတယ်မှာ ကျွန်တော်နဲ့ အတူလာတဲ့ပြီး ကျွန်တော့်ကိုတောင် ထမင်းစားဖိတ်လိုက်သေးတယ်"

ကို့စ် - "အလား တယ်ရိတဲ့ လူကလေးပဲ"

ငင်းနောက် လူသုံးယောက်တို့သည် ရွာသားများကိုခေါ်၍ မောင်ညွန့်အလောင်းကို ထုံးစံအတိုင်းဆေးရုံသို့လိုက်ပို့လိုက်ကြရလေသတည်း။

★ ★ ★

BURMESE CLASSIC .com
www.burmeseclassic.com